
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၇၄၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၂၆၀၆၀၇

ပုံနှိပ်ခြင်း
ပထမအကြိမ် - (၂၀၀၆၊ စက်တင်ဘာလ)
အုပ်ရေ - (၅၀၀)

မျက်နှာဖုံး - မောင်မောင်သိုက်
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

ပုံနှိပ်သူ
ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ
မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၈၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ဆောင်းနှင်းမြူဝေသောနေ့

"အင်း ဒီကနေ့တော့ ဆောင်းစဝင်ပြီထင်တယ် မောင်တောအုပ်ရေ့"ဟုကိုသံဟိတ်က ပြတင်းပေါက်ဖွင့်ရင်း စပါတ်လမ်း (မိုလ်အောင်ကျော်လမ်း) ဘက်သို့ မျှော်ကြည့်ကာ ပြောလေ၏။

"ဟုတ်လိမ့်မယ်ဗျို့။ နှင်းတွေဝေကျနေပြီပဲ"

"ကျုပ်တို့ မြန်မာပြည်ကလူတွေက ဆောင်းဆိုရင် အလွန်ကြိုက်ကြတာကလား။ ဘိလပ်က လူတွေကတော့ ဆောင်းဆိုရင် သိပ်ကြောက်တာ မောင်တောအုပ်ရဲ့"ဟုကိုတောအုပ်က ပြန်ပြောလေ၏။

"ဘယ်လိုကြောင့်တုန်း ကိုသံဟိတ်ရဲ့"

"ဟာ သူတို့ဆီကဆောင်းက အိမ်ထဲက အိမ်ပြင်ကို မထွက်နိုင်အောင်ကို အေးတာကွဲ့။ နှင်းတွေလည်း ကျလိုက်တာ မပြောပါနဲ့တော့၊ လမ်းတွေပိတ်ဆို့နေလို့ ကားတောင်မောင်းလို့ မရချင်ဘူး"

"အို ဒီလိုတော့လည်း ဆိုးသားကလားဗျ"

"ဒီကဆောင်းကတော့ အေးတယ်ဆိုပေမယ့် နေလို့မရအောင် အေးတာမှ မဟုတ်တာ။ ဒီတော့ လူတွေကြိုက်မယ်ဆိုလည်း ကြိုက်စရာပဲ ကျုပ်လည်း မြန်မာဆောင်းကို ကြိုက်တာပါပဲလေ"



www.burmeseclassic.com

www.burmeseclassic.com

၂ ● ဒေခင်းအိမ်

ကိုသံဟိတ်ကြီးက ပြောပြောဆိုဆိုနှင့် သူ၏ လောင်းကုတ်ကြီးကို ထုတ်၍ ဝတ်လေ၏။ အောက်မှ အကျီက မိုးပြာရောင်လက်ရှည်၊ ဘောင်းဘီ ကအနက်နှင့် အပေါ်မှ လောင်းကုတ်အကျီကြီးကို ဝတ်လိုက်သောအခါ ကိုသံဟိတ်၏ အသွင်မှာ လွန်စွာကြည့်ကောင်းနေလေတော့၏။ မေးဖေး ဘယ်ဘက်ထောင့်မှ မှဲ့ကလေးကလည်း ဝင်းပသောအသား၊ ဖြောင့်စင်းသော လွှင်သောနှာတံ၊ နက်မှောင်သော မျက်လုံးများ၏ အသရေကို ပို၍ တိုးသော အောင် အားပြုပေးနေသကဲ့သို့ ရှိနေလေ၏။

ကျွန်ုပ်သည်လည်း မိုးပြာရောင်အကျီလက်ရှည်နှင့် ဘောင်းဘီနက် ပြာကို ဝတ်လိုက်ကာ အပေါ်မှ ဘလေဇာ ကုတ်အကျီအနက်ကိုထပ်၍ ဝတ်လိုက်ရလေ၏။

BURMESE CLASSIC

ထိုစဉ်မှာပင် လှေကားမှတက်လာသော ခြေသံကို ကြားလိုက်ရ လေရာ ကိုသံဟိတ်သည် တစ်ချက်နားစွင့်လိုက်ပြီးနောက် ...

"မောင်တော့အုပ်ရေ ကိုဘခင်တော့ လာပြန်ပြီကွဲ့။ ဒါ ပုလိပ်ဖိနပ် သံပဲ"

ကိုသံဟိတ်ပြော၍ စကားမဆုံးမီမှာပင် ...

"ဒေါက် ဒေါက် ဒေါက်"

လက်ကလေးသုံးချောင်းနှင့် အတွဲလိုက် တံခါးခေါက်သံ ပေါ်လာ လေတော့၏။

"ဟုတ်လိုက်လေဗျာ။ ဒါကိုဘခင်ရဲ့ တံခါးခေါက်သံပဲဗျို့။ ဟိုတစ်ခါ ကိုသံဟိတ်ပြောလို့ ကျွန်တော်မှတ်ထားတာ အတွဲလိုက်ခေါက်တဲ့ အသံလေ"

ပြောပြောဆိုဆို ကျွန်ုပ်သည် တံခါးကိုသွား၍ ဖွင့်ပေးလိုက်လေ၏။

"ဂွတ်မောနင်း ကိုဘခင်"ဟု ကျွန်ုပ် နှုတ်ဆက်လိုက်သောအခါ

"အင်း မောနင်းကတော့ ဂွတ်ပါဗျာ။ ဒါပေမယ့် လူတွေကတော့ မဂွတ်ဘူးဖြစ်နေတယ်ဗျို့"

အိမ်ထဲသို့ဝင်လာရင်းမှ ဟာစ်တလာဘခင်ခေါ် ဟက်စ်တလာ နှုတ် ခမ်းမွေးနှင့် စီအိုင်ဒီမှ အင်စပိတ်တော်ကြီး ကိုဘခင် ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အလို ကိုဘခင်စကားက အဆန်းပါလားဟရို့"

ကိုသံဟိတ်က ပြောလိုက်လေရာ ...

ဆိုဖာတွင် အကျအနထိုင်လိုက်ပြီးမှ ကိုဘခင်က ...

"စကားကတော့ ဆန်းမဆန်းမသိဘူးဗျို့။ သေတာကတော့ တကယ့်ကို ထူးဆန်းမါပေရဲ့ဗျာ"

ကိုဘခင်စကားကို ကြားသောအခါ ကိုသံဟိတ်သည် ကိုဘခင်၏ ခြေထောက်အား မသိမသာကြည့်လိုက်သည်ကို ကျွန်ုပ် သတိထားလိုက်လေ၏။

"အော် စမ်းချောင်းရပ်မှာ လူသတ်မှု ဖြစ်နေပြီကိုး။ ဒီတစ်ခါတော့ လူကုံထံသူဌေးတွေ ကြားထဲမှာ ဖြစ်တာပါလား ကိုဘခင်ရဲ့။ ပိုက်ဆံလည်း ခတ်ဖော်ရှိ ပညာလည်း တော်တော်တတ်ကြတဲ့ လူတွေပဲဗျို့"

ကိုသံဟိတ်က ကြိုတင်ပြောလိုက်လေရာ ကိုဘခင်သည် မျက်လုံးကြီးပြူးသွားကာ သူ၏ နှုတ်ခမ်းမွေးကြီးကို ကားသွားသည်အထိ ပြောလိုက်လေ၏။

"ကိုသံဟိတ်ရယ် ခင်ဗျားကတော့ လုပ်လိုက်ပြန်ပြီဗျာ။ ခင်ဗျား ပြောတဲ့အတိုင်းပဲဗျို့။ စမ်းချောင်းရပ်က ရှောလမ်းမှာ(ခတ္တာလမ်း) ဖြစ်တာလေ။ သေတာက ဆရာဝန်ဗျ။ ခင်ဗျားပြောသလိုပါပဲ။ ပိုက်ဆံလည်း တော်တော်ကို ချမ်းသာပုံရပါပေတယ်။ မြို့ကြီးဝင်းကြီးနဲ့နေကြတဲ့ လူတွေပဲ။ ဒါထက် နေပါဦး ကိုသံဟိတ်က ဘာကြောင့် ဒီလို ပြောနိုင်ရတာတုံးဗျ"

ကိုဘခင်ကြီးက မေးလေရာ ...

"တစ်ခြားကြောင့် မဟုတ်ပါဘူး ကိုဘခင်ရဲ့။ ခင်ဗျား ဖိနပ်မှာ ပေနေတဲ့ သဲတွေဟာ သဲလုံးကြီးကြီးနီကျင်ကျင်နဲ့ တောင်မြေဆန်တဲ့ သဲမှုန့်တွေဗျ။ ဒီသဲတွေဟာ တောင်ကုန်းကလေးတွေ လျှိုကလေးတွေ အလွန်ပေါတဲ့ စမ်းချောင်းရပ်မှာမှ ရှိတာလေဗျာ။ ပြီးတော့ ခင်ဗျားကြိုးထဲမှာ ညှပ်နေတဲ့ မြက်ပင်ကလေးဟာ ဟောဒီ ရန်ကုန်မြို့မှာ ပညာတတ် လူချမ်းသာတွေသာ အင်္ဂလန်ကိုမှာပြီး သူတို့ခြံထဲမှ စိုက်လေ့ရှိတဲ့ မြက်မျိုးဗျ။ ဒါကျုပ်တို့ မြန်မာ

www.burmeseclassic.com



မြက် မဟုတ်ဘူး။ အင်္ဂလန်မြက်ထဲမှာမှ ဈေးအကြီးဆုံးနဲ့ အလှဆုံးမြက်မျိုးလေဗျာ။ ဒါကြောင့် ကျုပ်ပြောတာပါ''

''ဩော် ဒီလိုလား။ ခင်ဗျား ပြောပြတော့လည်း ရှင်းသွားတာပါဘဲဗျာ။ ကိုယ့်ဟာကိုယ်တော့ဖြင့် ဒီလိုအတွေးမျိုး တစ်ခါမှ မတွေးဘူးပါဘူးဗျာ''


ကိုဘခင်က ပြောရင်း ...

'ဒါဆိုလဲ လုပ်ကြဗျာ သွားကြမယ်။ ဟိုမှာ စီအိုင်ဒီက အုပ်စုတွေစောင့်နေလောက်ကြပြီဗျို့''

ကိုဘခင်က ဆက်၍ ပြောလေ၏။

''ကျုပ်တို့နှစ်ယောက်က အဆင့်သင့်ပါပဲဗျာ။ ဒီမနက် နှင်းကလေးတွေ ကျနေတာဆိုတော့ နှစ်ယောက်သား လမ်းကလေးဘာလေး ဟိုလျှောက် သည်လျှောက်လုပ်ကြမလားလို့ စဉ်းစားနေတာဗျ။ ကဲ ... လာသွားကြတာပေါ့ဗျာ''

ကိုသံဟိတ်က ပြောပြောဆိုဆိုနှင့် ရှေ့ဆုံးမှ ဆင်းသွားလေရာ ကျွန်ုပ်လည်း အိမ်တံခါးသော့ခတ်ကာ နောက်ဆုံးမှ လိုက်ခဲ့ရလေ၏။



ကိုလိုနီခေတ်က ဒါလဟိုဇီလမ်းမကြီး (မဟာဗန္ဓုလလမ်း)

www.burmeseclassic.com



ကိုဘခင်၏ ဆီဒင်ကားအနီလေးသည် ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း)အတိုင်းတရိပ်ရိပ် မောင်းလာပြီးလျှင် ဘုန်းကြီးလမ်းမှတစ်ဆင့် ထောင်ကြီးကွေ့သို့ ဦးတည်လိုက်လေသည်။ အင်းစိန်လမ်းမကြီးအတိုင်း မောင်းနှင်လာကာ မြေနီကုန်းသို့ ရောက်သောအခါတွင်မှ ဝင်ဆာလမ်း(ရှင်စောပုလမ်း)ဘက်သို့ ကွေ့ချလိုက်လေ၏။ ဝင်ဆာလမ်းအတိုင်း မောင်းသွားပြီးလျှင် ညာဘက်သို့ချိုးကာ ရှမ်းလမ်းပေါ်သို့ ရောက်လာခဲ့လေ၏။ ပြီးမှ ရှောလမ်း(ခတ္တာလမ်း)ကလေးထဲသို့ ကွေ့ဝင်ကာ တောင်ကုန်းလမ်းကလေးသို့ တက်ခဲ့ကြလေ၏။ ကိုဘခင်သည် သူ၏ ကားကလေးကို ခြံထဲသို့ ကွေ့ဝင်လိုက်သောအခါ ကြည့်မြင်တိုင်အိုးဘိုဂတ်မှ ဌာနအုပ် ကိုအေးဖေနှင့် ပုလိပ်သားများ၊ အင်းစိန် စီအိုင်ဒီမှ အင်စပိတ်တော်များက ဆီး၍ ကြိုဆိုနေကြလေတော့၏။

ခြံဝင်းကြီးသည် အလွန်ပင် ကျယ်ဝန်းလှကာ အုတ်တံတိုင်းမြင့်မြင့်ကြီးလည်း ကာထားသည်ကို တွေ့ရ၏။ ခြံဝင်းကြီး၏ မျက်နှာစာတွင် အချို့ နေရာ၌ ဆယ်နှစ်ရာသီပင်ကလေးများ၊ ထားဝယ်မှိုင်းပန်းနွယ်များက အုတ် တံတိုင်းအပေါ်သို့ ကျော်တက်နေသည်ကို တွေ့ရလေ၏။

ခြံထဲတွင်တော့ ကိုသံဟိတ်ပြောခဲ့သော အလွန်တန်ဖိုးကြီးသည့် အင်လန်မြက်ခင်းကြီးကို တွေ့ရ၏။ မကြာမီကမှ မာလီက မြက်ခင်းကို ညှပ်၍ ပြုပြင်နေပုံရလေ၏။ မြက်ညှပ်သည့် ကတ်ကြေးကြီးက သည်အတိုင်း ပစ်ကျနေပြီး ညှပ်ထားသော မြက်ပင်များကိုလည်း မရှင်းလင်းရသေးသည်ကို တွေ့ရလေ၏။

သို့အတွက်ကြောင့် ဟိုလျှောက်သည်လျှောက် လမ်းသလားနေကြသော ပုလိပ်သားများ၏ ဖိနပ်များတွင် မြက်ပင်များ ကပ်နေသည်ကို တွေ့ရလေ၏။

အိုးဘိုဂါတ်မှ ဌာနအုပ်က ကိုသံဟိတ်ဝင်လာသည်ကို မြင်သောအခါ ပြုံး၍ နှုတ်ဆက်လိုက်ကာ ...

"ဖြစ်တာကတော့ ကျွန်တော်အပိုင်းမှာပါလက်ဖတင်နင်၊ ဒါပေမယ့် ထူးထူးခြားခြားဖြစ်တဲ့ မှုခင်းတွေ ပေါ်ပေါက်လာခဲ့ရင် ချက်ချင်း စီအိုင်ဒီကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားရမယ်လို့ ပုလိပ်မင်းကြီးက မှာထားလေတော့ ကျွန်တော် ချက်ချင်းအကြောင်းကြားခဲ့ရတာပါ"

"အမှုက ဘယ်လို ထူးခြားနေလို့တုန်း"

ကိုသံဟိတ်က မေးလိုက်လေရာ ...

"ထူးထူးဆန်းဆန်းအဖြစ်ပဲ လက်ဖတင်နှင်း၊ လိပ်ပြာအကိုက်ခံရပြီး သေတာဗျ။ အခု သေဆုံးသူက ဆရာဝန်တစ်ယောက်ပါ လက်ဖတင်နှင်း။ ဒေါက်တာတင်မောင်မောင်လို့ ခေါ်ပါတယ်။ ဒီမနက် ခြံထဲမှာ နေစာလှုံနေတုန်း ဆင်လိပ်ပြာကြီးတစ်ကောင် ခြံထဲကို ပျံဝင်လာပြီး ဒေါက်တာတင်မောင်မောင် ရဲ့ အနားမှာ ဝဲနေတယ်တဲ့။ ပြီးတော့ ဒေါက်တာတင်မောင်မောင်ရဲ့ ပခုံးမှာ နားနေတယ်ဆိုပဲ။ ဒေါက်တာတင်မောင်မောင်က နဂိုထဲက ငှက်ကလေးတွေ လိပ်ပြာကလေးတွေကို အလွန် ချစ်တတ်တယ်တဲ့ဗျ။ ဒီတော့ သူ့ပခုံးမှာနား နေတဲ့ ဆင်လိပ်ပြာကြီးကို အရမ်းသဘောကျပြီး ကြည့်နေတယ်။ ခဏကြာ တော့ အားခနဲ့အော်ပြီး ထိုင်ခုံကနေ ရှေ့ကို ထိုးကျသွားတော့တာပဲတဲ့ဗျို့"

ဌာနအုပ် ကိုအေးဖေက ကိုသံဟိတ်ကို ပြောပြလေ၏။

"နို့ အဲဒါတွေကို ဘယ်သူမြင်လို့တုန်း"

ကိုသံဟိတ်က မေးလိုက်ရာ ...

"မာလီမောင်ထွန်းက ဒီနားတင်ထိုင်ပြီး မြက်ညှပ်နေတာ လက်ဖ တင်နှင်းရဲ့။ သူ့ သူ့ဌေးက လိပ်ပြာကြီး သူ့ပခုံးမှာ နားနေတာ မောင်ထွန်းကို လှမ်းအော်ပြီး ပြောလိုက်သေးတယ်ဆိုဘဲ။ မောင်ထွန်းကလည်း ဒီလောက် လှတဲ့လိပ်ပြာကို သူမမြင်ဘူးကြောင်း ပြန်ပြောပြီး ကြည့်နေသေးတယ်တဲ့။ နောက်တော့ သူတို့ဆရာက သတင်းစာဆက်ပြီး ဖတ်နေတာနဲ့ သူလည်း မြက်ဆက်ညှပ်နေတာတဲ့။ ခဏကြာတော့ သူ့ဆရာစူးစူးဝါးဝါး ထအော်လိုက် တဲ့ အသံကြားလို့ လှည့်ကြည့်လိုက်တော့ လိပ်ပြာကြီးထပျံသွားတာ တွေ့ လိုက်ရတယ်တဲ့။ သူ့ဆရာလည်း လည်ပင်းကိုလက်နဲ့အုပ်ပြီး မြက်ခင်းပေါ်ကို ထိုးကျတော့တာပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဌာနအုပ်ကိုအေးဖေက ကိုသံဟိတ်ကို စိတ်ရှည်လက်ရှည် ရှင်းပြ၏။ ကိုသံဟိတ်လည်း စက္ကူပန်းရုံတင်ထားသည့် သစ်သားဂုံးကလေးအောက်တွင် မြက်ခင်းပေါ်၌ ခွေခွေကလေး လဲကျနေသော ဒေါက်တာတင်မောင်မောင်၏ အလောင်းအနီးသို့ လျှောက်သွားလေ၏။ မြက်ခင်းကလေးများပေါ်တွင် လဲကျနေသော ဒေါက်တာတင်မောင်မောင်၏ အနီးတွင်ဖွင့်လျက်သားရှိနေသည့် သူ့ရိယာသတင်းစာ တစ်စောင်ကိုလည်း တွေ့ရလေ၏။

ဒေါက်တာတင်မောင်မောင်သည် အသက် သုံးဆယ်ကျော်ရုံမျှသာရှိလိမ့်မည်ဖြစ်ပြီး မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ မျက်နှာလုံးလုံးနှင့် မိန်းမချောချောသည့် ယောကျ်ားတစ်ယောက်ပင် ဖြစ်လေ၏။ အမြဲတမ်း သပ်သပ်ရပ်ရပ် ဝတ်စားတတ်သူ ဖြစ်ပေလိမ့်မည်။ ခြံထဲတွင်နေစဉ်ဝတ်ပုံရင်းမှာပင် ဝတ်စားထားသည့် အဝတ်အစားများမှာ အတော်ကောင်းမွန်နေသည်ကို တွေ့ရလေ၏။ ဘောင်းဘီရှည်အကောင်းစား အနက်ပေါ်တွင် အဖြူဒီဇိုင်း ဖော်ထားသည်။ ပြင်သစ်နိုင်ငံထုတ် ရှပ်အင်္ကျီလက်ရှည်အကောင်းစား။ ဖိနပ်မှာလည်း ရိုးကုမ္ပဏီတွင် ရောင်းလေ့ရှိသော ဖွန်ဒိုက်အကောင်းစားဖြစ်လေ၏။ အပေါ်မှ ထပ်ဝတ်လေ့ရှိသော မီးခိုးရောင် ဘလေဇာကုတ်သည်ပင်လျှင် လူတိုင်းမဝတ်နိုင်သည့် အကောင်းစားဖြစ်လေ၏။

ကိုသံဟိတ်သည် ဒေါက်တာ တင်မောင်မောင်၏ အလောင်းအနီးတွင် ဒူးထောက်ထိုင်ချလိုက်ကာ အလောင်းကို ပယ်ပယ်နယ်နယ် ကိုင်တွယ်ကြည့်ရှုလေ၏။

အလောင်းမှာ လိပ်ပြာ၏ အဆိပ်များ ပျံ့နေပြီးဖြစ်သဖြင့် တစ်ကိုယ်လုံး ပြာနှမ်းနေလေတော့၏။ ကိုသံဟိတ်သည် သူ၏ လောင်းကုတ်အင်္ကျီကြီးထဲက လက်သုံးတော်မှန်ဘီလူးကြီးကို ဆွဲ၍ ထုတ်ကာ ဒေါက်တာတင်မောင်မောင်၏ လည်ပင်းကို သေသေချာချာ ကြည့်လေ၏။

"လက်ဖတင်နင်သံဟိတ်တို့ကတော့ ဟန်ကျသဗျာ။ ဘာမှုပဲဖြစ်ဖြစ် ဒီမှန်ဘီလူးကြီးနဲ့ပဲ အားလုံး အလုပ်ဖြစ်သွားတာပဲဗျို့"

ဖြူဖပ်ဖြူရော် အသားပိုင်ရှင် မျက်နှာစုတ်ချွန်းချွန်းနှင့် အင်စပိတ်



www.burmeseclassic.com

www.burmeseclassic.com



တော်ကိုအုန်းသင်က ပြောလေ၏။ သူပြောပုံမှာ ကိုသံဟိတ်ကို ချီးမွမ်းသလို လိုနှင့် ရယ်စရာလုပ်ခြင်းသာ ဖြစ်လေ၏။

"ဩော် ကိုအုန်းသင်ရယ် လူဆိုတာ တစ်ယောက်တစ်မျိုး စွမ်းကြတာပေါ့ဗျာ။ ကိုသံဟိတ်က မှန်ဘီလူးကြီး ထုတ်ထုတ်ကြည့်နေရသေးတယ်။ ခင်ဗျားကတော့ နှာခေါင်းကလေး ရှုံ့ပွရှုံ့ပွလုပ်ပြီး ကြောင်လို အနံ့ခံလိုက်ရင် အားလုံးသိတော့တာပဲ မဟုတ်လား"

သံလက်သီးကိုထွန်းသောင်ခေါ် အင်စပိတ်တော်ကိုထွန်းသောင်ကြီးက ပြန်၍ ပြောလိုက်လေရာ စုံထောက်ချုပ်အုန်းသင်သည်လည်း ကိုထွန်းသောင်ကြီးကို မျက်စောင်းကြီးထိုးကာ ငြိမ်ကျသွားလေတော့၏။

ထိုအချိန်တွင် မကြာသေးခင်ကမှ ဆပ်ကျောင်းဆင်းလာသော ဆပ်ကလေးကိုတင်မောင်ဆိုသူသည် ယခင်က စီအိုင်စီတွင် ရှိခဲ့ဘူးသော ဆပ်ကလေးကောင်းစိန်တို့၊ ဆပ်ကလေးမြစိန်တို့နည်းတူ ပေကြိုးကြီးတစ်ချောင်းကို တောင်ဆွဲမြောက်ဆွဲ လုပ်၍ တိုင်းလိုက်ကာ သူ၏ နုတ်ဘုတ်ခေါ် ပုလိပ်ဒိုင်ယာရီစာအုပ်တွင် ရေးမှတ်နေလေတော့၏။

အနီဆပ်ကလေးတင်မောင်ဆိုသူသည် အရပ်ပုပြတ်ပြတ်၊ မျက်လုံးပြူးပြူး၊ နဖူးပြောင်ပြောင်ဖြင့် ရှိလေရာ ကိုထွန်းသောင်နှင့် ကိုအုန်းသင်က သူ့ကို ပရစ်ဟု ခေါ်ကြလေ၏။

ပရစ်ဟုခေါ်သော ဆပ်ကလေးလည်း တစ်ချက်မှ မနားဘဲ ပေကြိုးကြီးတစ်ချောင်းကို မာလီမောင်ထွန်း မြက်ညှပ်သည့်နေရာမှ ဆွဲလာကာ ဒေါက်တာတင်မောင်မောင် ထိုင်ခဲ့သော ထိုင်ခုံသို့အရောက်တွင် သူ၏ နုတ်ဘုတ်ထဲသို့ ရေးမှတ်ပြန်၏။ ပြီးလျှင် ခြံပေါက်ဝသို့ထွက်ကာ ခြံပေါက်ဝမှစပြီး ပေကြိုးဖြင့် တိုင်းလာလေ၏။ တင်မောင်မောင်ထိုင်ခဲ့သော ခုံအနီးသို့ရောက်လာသောအခါ သူ၏ နုတ်ဘုတ်ထဲသို့ ရေးမှတ်ပြန်၏။..

"ဩော် ပရစ်က ဒီခြံထဲမှာ လမ်းဖောက်ဖို့ ကန်ထရိုက်ယူလိုက်တယ် ထင်တယ်"

ကိုထွန်းသောင်ကြီးက ပြောလေရာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ဟာ ဒါမျိုးပဲ ပြောတတ်တဲ့သူတွေ တိုးတက်ရာတိုးတက်ကြောင်း ဘာမှ ရှာတတ်တဲ့သူတွေ မဟုတ်ဘူး"

ကိုထွန်းသောင်ကို ပရစ်က ပြန်၍ ပက်လေ၏။ ကိုထွန်းသောင်လည်း သဘောကျသွားကာ ...

"ဟုတ်ပါတယ် ပရစ်ရာ။ ငါတို့ကတော့ ဘာမှကို တိုးတက်စရာမရှိတော့ပါဘူးကွာ။ မင်းသာ ကြိုးစားပါ။ မတော်လို့ ပုလိပ်ဘက်က ပြုတ်သွားလည်း လမ်းခင်းတဲ့နေရာမှာ ဝင်လုပ်လို့ရတာပေါ့ကွာ"

ပြန်ပြောလိုက်သောအခါ ပရစ်သည် ကိုထွန်းသောင်ကြီးကို ရှုတေတေနှင့် တစ်ချက်ကြည့်ကာ ဆက်၍ တိုင်းတာနေပြန်လေ၏။

ထိုအချိန်တွင် ကိုသံဟိတ်သည် မှန်ဘီလူးနှင့် စိတ်တိုင်းကျ ကြည့်ရှုပြီးသောအခါ ...

"မာလီကိုထွန်းဆိုတာ ဘယ်မှာလဲ"

ကိုသံဟိတ်က မေးလေ၏။

"ဒီမှာပါ လက်ဖတင့်နင်"

ဌာနအုပ်က လူတစ်ယောက်ကို ဆွဲ၍ ခေါ်လာလေ၏။

ပုဆိုးကွက်တုံးနှင့် စွတ်ကျယ်ကျိုင်းပြတ်ကို ဝတ်ထားသော မာလီကိုထွန်းဆိုသူမှာ ဆံပင်ကတုံးဆံတောက်တိုတိုနှင့် အရုပ်ကလည်း ခပ်ပုပုပျင်ဖြစ်လေ၏။

"မာလီမောင်ထွန်းလား"

ကိုသံဟိတ်က မေးလေရာ ဆံတုံးဆံတောက်နှင့် မာလီက ခပ်ရွံ့ရွံ့ပုံစံဖြင့် ကိုသံဟိတ်ကို မော့၍ ကြည့်လေ၏။

"ဟုတ်ပါတယ် စုံထောက်ကြီး"

"ဒေါက်တာတင်မောင်မောင်ကို လိပ်ပြာကြီး ကိုက်သွားတဲ့အချိန်မှာ မင်း ဒီအနားမှာ ရှိနေတယ်နော်"

ကိုသံဟိတ်က မေးလေ၏။

"ဟုတ်ကဲ့ ရှိနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ လိပ်ပြာကြီးက ဘယ်လောက်ကြီးသလဲကွ"

"အတောင်တစ်ဖက်စီဟာ ဟောဒီ ကျွန်တော့်လက်ဖဝါးတစ်ဖက်စီလောက် ရှိပါတယ်"

"အလို အတော်ကြီးတဲ့ လိပ်ပြာပါလား"

ကိုသံဟိတ်က ပြောလေ၏။

"ဒါထက် ဘယ်လိုအရောင်လဲကွ"

"အရောင်က အနက်ရောက်အောက်ခံမှာ အဖြူစက်တွေပါတယ်ဗျ။ ပြီးတော့ အနီကွက်ကြီးတွေလည်း ပါတယ်။ တော်တော်ကိုလှတဲ့ လိပ်ပြာကြီးပဲ စုံထောက်ကြီးရဲ့။ ကျွန်တော့်ဆရာက နဂိုကတည်းကကို ငှက်ကလေးတွေ၊ လိပ်ပြာကလေးတွေ သိပ်ချစ်တတ်တာဗျ။ အခု လိပ်ပြာကြီးကိုတွေ့တော့ သူ့မှာ သဘောကျလိုက်တာ မပြောပါနဲ့တော့ဗျာ။ လိပ်ပြာကြီးကလည်း သူ့ပခုံးပေါ်မှာ နားနေသေးတာ"

မောင်ထွန်းက ပြောလေ၏။

"မင်းဆရာကို ကိုက်လိုက်ပြီးတဲ့အခါကျတော့ အဲဒီ လိပ်ပြာကြီး ပျံထွက်သွားတာကို မင်းတွေ့လိုက်လား"

ကိုသံဟိတ်က မေးလေရာ ,..

"ဟုတ်ကဲ့ တွေ့လိုက်ပါတယ်"

"ဒါဆိုရင် ဘယ်ဘက်ကို ပျံသွားသလဲကွယ့်"

ကိုသံဟိတ်က မေးလေ၏။

"ဟော ဟိုဘက်ပါ စုံထောက်ကြီး"

ဟု မာလီမောင်ထွန်းက လက်ညှိုးထိုးပြလိုက်လေ၏။ မောင်ထွန်း လက်ညှိုးထိုးပြသောဘက်သို့ ကြည့်လိုက်သောအခါ ဆယ့်နှစ်ရာသီပင်များနှင့် ထားဝယ်မှိုင်းပင်များ ခုတ်တံတိုင်းပေါ်သို့ နွယ်တက်နေသည်ကို တွေ့ရလေ၏။

ကိုသံဟိတ်သည် ဘာမှ ဆက်မပြောတော့ဘဲ ခြံဝင်းဖက်ကို လျှောက်သွားလေရာ ကျွန်ုပ်တို့အားလုံးသည် ကိုသံဟိတ်နောက်မှ လိုက်၍



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေတော့၏။ ကိုသံဟိတ်သည် မြိုပြင်သို့ ထွက်သွားကာ စောစောက လိပ်ပြာကြီး ထွက်သွားသည်ဟု မောင်ထွန်းပြောသည့် နေရာသို့ သွား၍ ကြည့်လေ၏။

ထိုနေရာသို့ ရောက်သောအခါ မြေပျော့ပျော့ပေါ်တွင် ရထားဘီးရာ တစ်ဖက်ကို တွေ့ရလေ၏။ မြင်းခွာရာကိုလည်း တွေ့ရလေ၏။ ကိုသံဟိတ်သည် မှဆိုးဒူးထောက်ထိုင်လိုက်ကာ မြေပြင်သို့ မှန်ဘီလူးနှင့် ကြည့်လေ၏။



ကိုလိုနီခေတ်က ရွှေတိဂုံဘုရားအနီးမှ မြင်းရထားတစ်စီး

ရထားဘီးရာ မြင်းခွာရာများကိုလည်းကောင်း မလှမ်းမကမ်းတွင် ကျနေသည့် စီးကရက်တိုကလေးနှစ်ခုကိုလည်းကောင်း ကောက်ယူလိုက်ကာ မှန်ဘီလူးနှင့် သေသေချာချာ ကြည့်လေ၏။ ပြီးလျှင် အသင့်ပါလာသော စက္ကူအိတ်ထဲသို့ ခေါ်လိပ်တိုကလေးနှစ်ခုကို ထည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ခပ်လှမ်းလှမ်းတွင် ကျနေသည့် မြင်းအမြီးမှ ကျွတ်ခဲ့ပုံရသော ခပ်နီနီအမွေးနှစ်ပင်သုံးပင်ကို ကောက်ယူကာ မှန်ဘီလူးနှင့် သေသေချာချာ ကြည့်လေ၏။ ပြီးလျှင် ထိုခပ်နီနီမြင်းမြီးများကို အိတ်ထဲသို့ ထည့်လိုက်လေ၏။

ပြီးလျှင် ကိုသံပဟိတ်သည် မတ်တတ်ထရပ်ကာ ခြံထဲသို့ ဝင်လာခဲ့လေ၏။ ကျွန်ုပ်တို့အားလုံးလည်း သူ့နောက်မှ လိုက်လာကြလေ၏။

ကိုသံပဟိတ်သည် ဒေါက်တာတင်မောင်မောင်၏ အလောင်းရှိရာသို့ ဝင်လာခဲ့လေ၏။ ကျွန်ုပ်တို့အားလုံးလည်း သူ့နောက်မှ လိုက်လာကြလေ၏။

ကိုသံပဟိတ်သည် ဒေါက်တာတင်မောင်မောင် အင်္ကျီအိတ်များထဲသို့ လိုက်၍ နှိုက်ကြည့်လေ၏။

ဒေါက်တာတင်မောင်မောင်၏ အတွင်းအင်္ကျီအိတ်ထဲမှ စာရွက်ခေါက်ကလေးတစ်ခုကို ဆွဲထုတ်လိုက်ကာ ဖြည်၍ ဖတ်လေ၏။

ကျွန်ုပ်လည်း မသိမသာ လှမ်းဖတ်လိုက်မိလေ၏။

*တင်မောင်မောင်*

*တနင်္ဂနွေနေ့ ဆက်ဆက်စောင့်ပါ။*

ဟု စာကြောင်းတစ်ကြောင်း ရေးထားသည်ကို တွေ့ရလေ၏။ ကိုသံပဟိတ်သည် စာကိုဖတ်ရင်း မျက်မှောင်ကြုတ်၍ စဉ်းစားလေ၏။ ပြီးလျှင် စက္ကူပန်းရုံတင်ထားသော ခုံကလေးကို မော့ကြည့်ကာ ချထားသော ခုံများကို ကြည့်လေ၏။

ကုလားထိုင်နှစ်လုံးနှင့် စားပွဲပုကလေးတစ်လုံး ချထားသည်ကို တွေ့ရလေ၏။

"မောင်ထွန်း ဒီနံနက် မင်းဆရာဆီကို ဘယ်သူများ လာသေးသလဲကွ"

ကိုသံပဟိတ်က မောင်ထွန်းကို လှမ်းမေးလိုက်လေရာ...

"မလာပါဘူး စုံထောက်ကြီး။ မနက်စောစောကတည်းက ကျွန်တော် ဒီမှာ အလုပ်လုပ်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မာလီမောင်ထွန်းက ဖြေလေ၏။

ကိုသံဟိတ်က ဘာမှ မပြောတော့ဘဲ အိမ်ဘက်သို့ လှည့်ကြည့်လေ၏။ ခမ်းနားလှသော နှစ်ထပ်တိုက်ကြီးသည် ဒေါက်တာတင်မောင်မောင်၏ မိဘများလက်ထက်ကတည်းက ပိုင်ဆိုင်ခဲ့ပုံ ရလေ၏။ ခဏကြာလျှင် ကိုသံဟိတ်သည် အိမ်ကြီးဘက်သို့ လှည့်လိုက်ကာ

"ဒေါက်တာတင်မောင်မောင်ရဲ့ ဇနီးက နာမည်ဘယ်လိုခေါ်လဲကွ"

မာလီမောင်ထွန်းကို မေးလိုက်လေရာ ...

"မခင်မမပါ လက်ဖတင်နင်။ အခု အိမ်ထဲမှာပဲ ရှိနေပါတယ်။ ဒေါက်တာကို လိပ်ပြာကိုက်တဲ့အချိန်မှာ မခင်မမရော၊ အိမ်ဖော်မအေးရော ထမင်းချက်မထွေးရော အိတ်ထဲမှာ ရှိနေကြတာပါ။ မောင်ထွန်းက အော်ခေါ်တော့မှ သူတို့အိမ်ထဲက ပြေးထွက်လာကြတာလို့ ပြောပါတယ်"

ဌာနအုပ်ကိုအေးဖေက ဝင်၍ ဖြေလေ၏။

"ဟုတ်ပါတယ် စုံထောက်ကြီး"

မောင်ထွန်းကလည်း ဝင်၍ ပြောလေ၏။

"ကျုပ်အိမ်ထဲကို ခဏဝင်ချင်တယ်"

ကိုသံဟိတ်က ပြောပြောဆိုဆို နှစ်ထပ်တိုက်ကြီးဘက်သို့ လျှောက်သွားလေ၏။

အိမ်ထဲသို့ ရောက်သောအခါ အငိုမျက်နှာများနှင့် ရှိနေသည့် ဆရာဝန်ကတော်မခင်မမ၊ အိမ်ဖော်မအေးနှင့် ထမင်းချက်ဒေါ်ထွေးကို တွေ့ရသော၏။ ဆရာဝန်ကတော်ကလေး မခင်မမသည် ဘယ်ဘက်ပါးပေါ်တွင် မယ်တင်မှဲ့ကလေးတစ်လုံးရှိကာ ခေါင်းတွင် ပန်းရောင်နှင်းဆီပွင့်ကလေး ပန်ထားသည်ကို တွေ့ရလေ၏။

မခင်မမသည် အိမ်ထောင်သည်ဟုဆိုသော်လည်း အပျိုကလေးတစ်ယောက်ကဲ့သို့ပင် ချောမောလှပသူတစ်ယောက် ဖြစ်လေ၏။ ဘယ်လိုကြည့်ကြည့် ကျက်သရေရှိစွာ လှနေသူကလေးတစ်ယောက် ဖြစ်သော၏။



www.burmeseclassic.com

www.burmeseclassic.com



"မခင်မမ ဒေါက်တာတင်မောင်မောင်နဲ့ မခင်မမတို့ရဲ့ အိပ်ခန်းကို ခဏလောက် ကြည့်ပါရစေ"

ကိုသံဟိတ်က ပြောလေရာ ကျွန်ုပ်ပင် အံ့သြသွားရလေ၏။ စုတ်ချွန်းကိုအုန်းသင်ကတော့ နှုတ်ခမ်းကို မဲ့၍ပင် ပြလေ၏။

ကိုထွန်းသောင်က ခပ်တည်တည်ကြည့်လိုက်တော့မှ ငြိမ်သွားလေ၏။ ကိုသံဟိတ်၏ စကားကို ကြားသောအခါ မခင်မမသည် မျက်နှာတစ်ချက် ပျက်သွားကာ...

"ကျွန်မနဲ့ ကိုတင်မောင်မောင်က တစ်ခန်းတည်း အတူတူ မအိပ်ကြပါဘူးရှင်။ ကျွန်မက အပေါ်ထပ်အခန်းမှာ အိပ်ပါတယ်။ ကိုတင်မောင်မောင်က ဒီအောက်ထပ်အခန်းမှာ အိပ်ပါတယ် စုံထောက်ကြီး။ ဘယ်သူ့အခန်းကို ကြည့်ချင်ပါသလဲ"

မခင်မမက အသံလွင်လွင်ကလေးနှင့် မေးလေ၏။

"ဪ ဒါဆိုရင် ဒေါက်တာ့အခန်းကိုပဲ ကြည့်ပါမယ်"

ကိုသံဟိတ်က ပြောလေရာ ...

"ဒါဆိုရင် လာပါရှင်။ ဟောဒီ အခန်းပါ" ဟု ပြောလေ၏။

"ဟင် သော့ခလောက်ကြီးခတ်ထားပါလား။ သော့ကရော"

"ဟုတ်ပါတယ်ရှင်။ သူက သူ့အခန်းကို အမြဲပဲ သော့ခတ်ထားနေကြပါ။ သော့ကတော့ သူ့အိတ်ထဲမှာပဲ ရှိပါလိမ့်မယ်"

"သော့က ဟောဒါ ဖြစ်လိမ့်မယ် လက်ဖတင်နင်။ ဒေါက်တာတင်မောင်မောင်ရဲ့ ထိုင်ခုံဘေးမှာ ကျနေတာတွေ့လို့ ကျွန်တော် ပုံစံနဲ့ သိမ်းထားတယ်။

ဥာနအုပ်က ပြောပြောဆိုဆို သော့တွဲတစ်ခုကို ပေးလေ၏။ ကိုသံဟိတ်လည်း သော့တွဲကိုယူကာ သော့ကို ရွေး၍ အခန်းကို ဖွင့်လိုက်လေသည်။

အခန်းကို ကျွန်ုပ်ပါဝင်လိုက်လာခဲ့လေရာ ဗီရိုသုံးလုံး၊ စာရေးစားပွဲတစ်လုံး၊ သံသေတ္တာသုံးလုံးကို တွေ့ရလေ၏။

ကိုသံဟိတ်လည်း သော့တွဲမှသော့များဖြင့် သေတ္တာသုံးလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့် ကြည့်လေ၏။ သို့သော် အတွင်းမှ ပစ္စည်းများကို အပြင်သို့မထုတ်ဘဲ ဟာရုံသာ ကြည့်ပြီး ပြန်၍ ပိတ်လိုက်လေ၏။

ပြီးလျှင် ဗီရိုများအထဲမှ ဆေးကျမ်းကြီးများကို ကြည့်လေ၏။ ပြီးလျှင် စားပွဲပေါ်မှ ရုပ်လုံးသွင်းထားသော ငှက်ကလေးကို ကြည့်လေ၏။ ထို့နောက် နံရံပေါ်တွင် ချိတ်ထားသည့် မှန်ဘောင်သွင်းထားသော ဓာတ်ပုံကြီးကို ကြည့်လေ၏။

ပြီးလျှင် ခင်မမကို မေးလေ၏။

"ဓာတ်ပုံကြီးထဲမှာ တင်မောင်မောင်နဲ့ တွဲရိုက်တဲ့ပုံက ဘယ်သူ့ပုံလဲဗျ"

"အဲဒါ ကိုတင်မောင်မောင်ရဲ့ သူငယ်ချင်း လူမော်ပါ"

"သူက ဘယ်မှာ နေတာလဲ"

"သူက ဒီမှာ မရှိပါဘူး။ နိုင်ငံခြားတိုင်းပြည်တစ်ခုမှာပါ"

"ဟင် ဟုတ်လား။ ဘယ်နိုင်ငံမှာလဲဗျ"

"ဂျာမဏီမှာပါ"

"ဩော် ကျေးဇူးပါပဲ မခင်မမ။ တခြားမေးစရာ မရှိတော့ပါဘူးဗျာ"

ကိုသံဟိတ်သည် ဒေါက်တာတင်မောင်မောင်၏ အခန်းထဲမှ ထွက်လာခဲ့လေတော့၏။

အိမ်အပြင်ဘက်သို့ ရောက်သောအခါ ကိုသံဟိတ်သည် ရပ်လိုက်ကာ အောက်ပါအတိုင်း ပြောလေတော့၏။

"အိုင်ပီတို့ ဒါ ရိုးရိုးသေတာ မဟုတ်ဘူး။ လူသတ်မှုအစစ်ပဲဗျို့။ သတ်တဲ့သူက လိပ်ပြာကို အသုံးပြုပြီး အင်မတန်ပြင်းတဲ့ အဆိပ်နဲ့ သတ်သွားတာ လိပ်ပြာကို ဒီလို ခိုင်းလို့ရအောင် ဘယ်လိုများ မွေးမြူလေ့ကျင့်တယ်ဆိုတာကိုတော့ အခုအချိန်မှာ ကျုပ်မပြောတတ်သေးဘူးဗျ။ ဒါပေမယ့် သေချာတာက ဒေါက်တာတင်မောင်မောင်ရဲ့ လည်ပင်းက ဒဏ်ရာကို မှန်ဘီလူးနဲ့ သေသေချာချာကြည့်တော့ လိပ်ပြာတစ်ကောင်ကိုက်တာ မဟုတ်ဘူးဗျ။ အပ်တစ်ချောင်းထိုးသွင်းထားတဲ့အရာ ဖြစ်နေတယ်။ အဲဒီအပ်ဟာ ဆေးထိုး



www.burmeseclassic.com

www.burmeseclassic.com



အပ်တစ်မျိုးဖြစ်မယ်ဗျ။ အဲဒီကမှ အဆိပ်တွေ ထိုးသွင်းသွားတာပဲ။ ကျုပ်တစ်သက်တော့ ဒါမျိုးကို တွေ့ဖို့နေနေသာသာ တွေးတောင် တွေးမကြည့်ဖူးပါဘူးဗျာ။ ဒီလူသတ်သမားဟာ ပညာအလွန်တတ်တဲ့ လူပဲဗျ။ ဉာဏ်လည်း အလွန် ကောင်းပုံရတယ်။ ရထားနဲ့လာပြီး ရထားကို ခြံအပြင်မှာ ရပ်ထားပြီးမှ လိပ်ပြာကို ရထားထဲကနေ လွှတ်လိုက်တာဗျ။ အံ့သြစရာကောင်းတာက ကိစ္စပြီးသွားတဲ့အခါမှာ သူ့လိပ်ပြာဟာ သူ့ဆီကို ပြန်သွားခဲ့တယ်။ သူ့လိပ်ပြာကို သူပြန်ခေါ်နိုင်တာကတော့ ဘယ်လိုစဉ်းစားလို့မှကို မရတဲ့ကိစ္စပဲ။ ဒီလူကို ဖမ်းဖို့ဆိုတာ ဘယ်လိုမှ မလွယ်ဘူး အိုင်ပီ။ ဒါပေမယ့် ကျုပ်ရအောင် ဖမ်းပေးပါမယ်။ အချိန်တော့ နည်းနည်းယူရမှာပေါ့ဗျာ"

ကိုသံဟိတ်က ရှင်းပြလိုက်သောအခါ ကျွန်ုပ်တို့အားလုံးသည် ပါးစပ်များ အဟောင်းသားဖြစ်သွားအောင် အံ့သြကြရလေ၏။ ကျွန်ုပ်တို့ပင် မကဘဲ မခင်မမအပါအဝင် အိမ်သားများပါ နားထောင်နေကြသည်ဖြစ်ရာ သူတို့အားလုံးလည်း အံ့သြ ကြောက်ရွံ့ကုန်ကြလေတော့၏။

"ဘာမှ မကြောက်ကြပါနဲ့ဗျာ။ လူသတ်သမားဟာ ဒီတစ်ယောက်တည်းကိုပဲ သတ်မှာပါ။ နောက်ထပ် ဘယ်သူ့ကိုမှ သတ်တော့မှာ မဟုတ်ပါဘူး"

ကိုသံဟိတ်က အေးဆေးတည်ငြိမ်သော အသံဖြင့် ပြောလိုက်ကာ ဒေါက်တာတင်မောင်မောင်၏ ခြံထဲမှ ထွက်လာခဲ့လေတော့၏။

ကိုဘခင်သည် သူ၏ ဆီဒင်ကားကလေးနှင့် ကျွန်ုပ်တို့နှစ်ယောက်ကို ပြန်၍ ပို့ပေးလေ၏။ သို့သော် ကျွန်ုပ်နှင့် ကိုသံဟိတ်သည် အခန်းသို့ တန်း၍ မပြန်သေးဘဲ ပန်းဆိုးတန်းလမ်းရှိ မာမက်ကြီး၏ ကာကာဆိုင်သို့ သွားကာ ဆိတ်စွပ်နှင့် နံပြားကိုစားရင်း လက်ဖက်ရည် သောက်ကြလေ၏။

ထိုနေ့က ကိုသံဟိတ်သည် သိသိသာသာ စကားနည်း၍နေသည်ကို သတိထားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ပိတုန်းထက်ကြီးတဲ့ ပိတုန်း

နောက်တစ်နေ့မှစ၍ ကိုသံဟိတ်သည် ဘားနဒ်ပိဋကတ်တိုက်သို့ သွားကာ လိပ်ပြာအကြောင်း၊ အခြားအင်းဆက်ပိုးမွှားများအကြောင်းကို ရှာဖွေ ဖတ်ရှုလေ၏။ ၃၂ လမ်းရှိ အိန္ဒိယလူမျိုးများ ဖွင့်ထားသော ဘွပ်ရှော့များတွင်လည်း အင်းဆက်နှင့် ပတ်သက်သည့် စာအုပ်များကို ဝယ်ယူ၍ ရှုပြန်၏။

တစ်ခါတွင်တော့ ကျွန်ုပ်နှင့် ကိုသံဟိတ်သည် ရန်ကုန်ယူနီဗာစတီ ကျောင်းကြီးသို့သွားကာ သတ္တဗေဒပညာရှင် မစ္စတာဒယ်နီရယ်နှင့် တွေ့ဆုံ မေးမြန်းကြလေ၏။

"ဆရာကြီးခင်ဗျာ လိပ်ပြာတွေကို ဘယ်လောက်အထိ ယဉ်ပါး အောင် လုပ်ယူနိုင်ပါသလဲ ခင်ဗျာ"

ကိုသံဟိတ်က မေးလေ၏။

"ဘယ်လို ဘယ်လို လက်ဖတင်နှင်။ ခင်ဗျားမေးလိုက်တဲ့ မေးခွန်းကို ကျွန်ုပ် နားမရှင်းဘူးဖြစ်သွားလို့ ကျေးဇူးပြုပြီး တစ်ခေါက်လောက် ပြန် ပြောပေးပါ"

မစ္စတာဒင်နီရယ်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဆေးရီး မစ္စတာဒင်နီရယ်။ ကျွန်တော် စကားပြောတာ နည်းနည်းလောသွားပုံ ရတယ်။ ကျွန်တော် သိချင်တာက ဒီလိုပါ မစ္စတာ။

နိုင့်ကကလေးတွေကို ယဉ်ပါးအောင် လေ့ကျင့်ပြီး စာပို့နိုင်းတာတို့ ဘာတို့ ခိုင်းစေလို့ရတယ် မဟုတ်လား။ အဲဒီလိုမျိုး လိပ်ပြာကြီးတွေကိုရော လေ့ကျင့်ယူပြီး တစ်ခုခု ခိုင်းစေလို့ ရနိုင်သလားဆိုတာကို သိချင်လို့ပါ"

ကိုသံဖတ်ကာ သေသေချာချာ ရှင်းပြလိုက်သောအခါတွင်မှ မစ္စတာဒင်နီရယ်က သူ၏ နှုတ်ခမ်းမွေးကြီးကို လက်နှင့် သပ်လိုက်ကာ မျက်လုံးပြာပြာကြီးများနှင့် ကိုသံဖတ်ကို စိုက်၍ ကြည့်လေ၏။

"ကျွန်ုပ်တစ်သက်မှာ ဒီလိုမျိုးမေးခွန်းကို ဒီတစ်ခါပဲ အမေးခံရဖူးသေးတယ် လက်ဖတင်နင်။ ခင်ဗျားနဲ့ ကျုပ်နဲ့က ပါတီပွဲတွေမှာ မကြာမကြာဆုံနေကြဖြစ်လို့သာ ခင်ဗျားဟာ ဂျင်တယ်လ်မင်းတစ်ယောက်လို့ သိနေတာကြောင့် ကျွန်ုပ်က အော်ဟစ်မရယ်မိအောင် မနည်းထိန်းထားလိုက်ရတာ။ တကယ်တော့ တော်တော်ရယ်စရာကောင်းတဲ့ မေးခွန်းပဲဗျ။

အဲနီးမည်းတွေကိုသာ သင်ကြားပေးလို့ ရနိုင်တာပေါ့။ ဒီအင်းဆက်တွေကို ယဉ်ပါးအောင် ဘယ့်နှယ်လုပ် လေ့ကျင့်မလဲ လက်ဖတင်နင်"

ဒင်နီရယ်ကြီးက ပြန်၍ ဖြေလေ၏။

"ဒီလို ဆရာကြီးရဲ့ မကြာခင်ကမှ စမ်းချောင်းရပ်မှာ လိပ်ပြာတစ်ကောင်ကိုက်လို့ ဆရာဝန်တစ်ယောက် သေသွားတယ်ဗျ။ အဲဒါ ကျွန်တော်သွားကြည့်တော့ လိပ်ပြာကိုက်တာမဟုတ်ဘဲ အဆိပ်အပ်ကလေးနဲ့ ထိုးသွားတာဖြစ်နေတယ်။ ပြီးတော့ အဲဒီ လိပ်ပြာကို လူတစ်ယောက်က တစ်နေရာကနေ လွှတ်လိုက်ပြီးတော့ ကိစ္စပြီးတာနဲ့ ဒီလူဟာ သူလွှတ်လိုက်တဲ့ လိပ်ပြာကို သူ့ဖာသာပဲ ပြန်ခေါ်သွားပုံ ရတယ်ဗျ"

"အိုးမိုင်ဂေါ့ ထူးဆန်းလှချည့်လား လက်ဖတင်နင်သံဖတ်ရေ ကျွန်ုပ်အနေနဲ့ သတ္တဗေဒကို လေ့လာဆည်းပူးခဲ့တာ ကြာလှပါပြီ ဒီလို အဖြစ်မျိုးကို မြင်ဖူးဖို့နေနေသာသာ ကြားတောင်မကြားဖူးပါဘူး"

ဒင်နီရယ်ကြီးက မျက်လုံးပြာပြာကြီးကို ပြူး၍ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တကယ် ဖြစ်သွားတာပါ။ မစ္စတာ လူတောင်သေသွားပါတယ်။ သေတဲ့သူကလည်း ဆရာဝန်တစ်ယောက်ဗျ"

ကိုသံဟိတ်က ထပ်၍ ပြောသောအခါ ဆရာကြီးဒင်နီရယ်သည် သူ၏ နှုတ်ခမ်းမွေးကြီးကို လက်ဖြင့်သပ်ကာ အတန်ကြာအောင် စဉ်းစားနေလေ၏။ ပြီးတော့မှ ...

"လက်ဖတင်နင်သံဟိတ် ပြောပုံအရဆိုရင် လိပ်ပြာရဲ့ ကိုယ်လုံးမှာဖြစ်ဖြစ်၊ အတောင်ပံမှာဖြစ်ဖြစ် အဆိပ်အပ်ကလေးကို ကော်ကောင်းကောင်းနဲ့ကပ်ပြီး သုတ်ထားတာမျိုး ဖြစ်နိုင်တာပေါ့။ အင်း ဒီအထိတော့ ဖြစ်ကောင်းဖြစ်နိုင်တာပေါ့။

နေဦးဗျ။ သေတဲ့ဆရာဝန်က ရေမွှေးတွေ ဘာတွေ သုံးသလား။ ဒန်းနံ့စစ်စစ်မွှေးတဲ့ ရေမွှေးမို့လို့ လိပ်ပြာက သွားပြီး နားတာလား။ အင်း ဒါလည်း ဖြစ်နိုင်ခဲ့သားလား။

ပြီးတော့ လိပ်ပြာကိုပြန်ပြီး ခေါ်ယူသွားတယ်ဆိုတာက ပိုတောင်မှ မဖြစ်နိုင်သေးတယ်။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဗျာ။

သြော် တစ်ခုတော့ရှိတယ်ဗျ လက်ဖတင်နင်သံဟိတ်ရဲ့။ ခင်ဗျားတို့ မြန်မာတွေမှာ ရှေးဟောင်းပညာရပ်တွေ ဘာတွေ ရှိချင်ရှိမှာပေါ့။ ဥပမာ- မှော်ပညာလိုဟာမျိုးပေါ့။ အဲ အဲ ဒါမျိုးတွေဆိုရင်တော့ ကျွန်ုပ်နားမလည်ဘူး"

ဟု ဆရာကြီးဒင်နီရယ်က ပြောလေရာ ကိုသံဟိတ်လည်း တွေ၍နေပြီးမှ ...

"အဲဒါတွေတော့ ကျွန်တော်လည်း အယုံအကြည် မရှိပါဘူး မစ္စတာဒင်နီရယ်"

ပြောလိုက်ကာ အခြား အလာပသလာပ စကားများကို ပြောကြဆိုကြကာ ကိုသံဟိတ်ဘိလပ်တွင် ကျောင်းနေခဲ့သည့်အကြောင်းများ အင်္ဂလိပ်စစ်တပ်တွင် လက်ဖတင်နင်ဗိုလ်ကလေး တစ်ယောက်ဖြစ်အောင် အမှုထမ်းခဲ့သည့်အကြောင်းများကို ဒင်နီရယ်ကြီးက စိတ်ဝင်တစား မေးလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း မစ္စတာဒင်နီရယ်ကို နှုတ်ဆက်ကာ ယူနီဗာစတီကျောင်းကြီးထဲမှ ထွက်ခဲ့ကြလေတော့၏။


ထိုနေ့က ကျွန်ုပ်တို့ အိမ်ပြန်ရောက်သောအခါ ညနေသုံးနာရီခန့်ပင် ရှိနေလေ၏။ ကျွန်ုပ်တို့နှစ်ယောက်လည်း အခန်းထဲသို့ ဝင်ခဲ့ကြကာ ကျွန်ုပ်က ဆိုဖာခုံပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။ ကိုသံဟိတ်ကတော့ သူ့အကျင့်အတိုင်း အပြင်မှ ပြန်လာလျှင် ချက်ချင်းမထိုင်ဘဲ ပြတင်းပေါက်တွင်ရပ်ကာ ဟိုကြည့်သည်ကြည့် ပြုလုပ်လေ၏။

ခဏအကြာတွင် ကိုသံဟိတ်သည် ...

"ဟိုက်"

အော်လိုက်ကာ နောက်သို့ လှဲချလိုက်သည်ကို တွေ့ရလေ၏။

"အလို ကိုသံဟိတ် ဘာဖြစ်တာတုန်း"



ကိုလိုနီခေတ်က မဂိုလမ်း (ရွှေဘုံသာလမ်း)

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ပျာပျာသလဲမေးကာ ကိုသံဟိတ်အနီးသို့ ပြေးသွားလေ၏။ သူ့အနီးသို့ ကျွန်ုပ်မရောက်မီမှာပင် ကိုသံဟိတ်သည်ပြန်ထပြီးဖြစ်နေ၍ စပါတ်လမ်းဘက်သို့ လှမ်းကြည့်လေ၏။

"မောင်တောအုပ် ဟော ဟိုမှာ ရပ်ထားတဲ့ ရထားကို တွေ့လား"

ဟု ကိုသံဟိတ်က ခပ်မြန်မြန်မေးလေ၏။

"ဟို ရထားလား။ ဆံပင်နီနီ ရထားသမားနဲ့လေ"

"ဟုတ်တယ် ဟုတ်တယ်။ အဲဒီ အကောင်ကို မျက်ခြေမပြတ်ကြည့်နေ သတိလည်းထားနော်"

ပြောကာ ကိုသံဟိတ်သည် လှေကားမှ ပြေးဆင်းသွားလေ၏။ ကျွန်ုပ်လည်း ရထားနှင့် ရထားသမားကို မျက်ခြည်မပြတ် ကြည့်နေစဉ်မှာပင် ရထားသမားသည် သူ့ရထားကို မောင်း၍ ထွက်သွားလေတော့၏။

ကိုသံဟိတ်လည်း မဟာဗန္ဓုလလမ်းအတိုင်း ရထားနောက်သို့ ပြေး၍ လိုက်သွားသည်ကို တွေ့ရလေ၏။ သို့သော် ကိုသံဟိတ်က ဆိပ်ကမ်းသာလမ်းကျော်ရုံလောက် ရောက်စဉ်မှာပင် ရထားသည် စပါတ်လမ်းထဲသို့ ကွေ့ဝင်သွားလေတော့၏။ ကိုသံဟိတ်လည်း စပါတ်လမ်းထောင့်တွင် ရပ်၍ ကျန်ခဲ့လေ၏။

ပြီးလျှင် ကိုသံဟိတ်သည် နောက်သို့ ပြန်လှည့်လာကာ စောစောက ရထားရပ်ထားသည့် နေရာတွင် ရပ်ကာ ငုံ့၍ ကြည့်လေ၏။ ထို့နောက် လမ်းပေါ်သို့ ထိုင်ချလိုက်ကာ တစ်စုံတစ်ခုကို ကောက်ယူလေ၏။

ကိုသံဟိတ်သည် အခန်းသို့ ပြန်ရောက်သောအခါ...

"နည်းနည်းနောက်ကျသွားတယ် မောင်တောအုပ်ရေ"

"ကျွန်တော်တော့ ဘာမှကို နားမလည်တော့ပါဘူးဗျာ။ ဘာတွေဖြစ်သွားတာလဲဗျ"

ကျွန်ုပ်က မေးလေရာ ...

"ဒီလိုကွဲ့ မောင်တောအုပ်ရဲ့။ ကျုပ်တို့ စောစောက အခန်းကိုပြန်ရောက်တော့ မောင်တောအုပ်က ဆိုဖာမှာ သွားထိုင်တယ် ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကတော့ ကျုပ်အကျင့်အတိုင်း ပြတင်းပေါက်မှာသွားပြီး ရပ်တယ်လေ။ အဲဒီမှာတင် 'ဝီ' ဆိုတဲ့ အသံကြီးထွက်လာပြီး ပိတုန်းတစ်ကောင် တရှိန်ထိုး ပျံဝင်လာတယ်ကွဲ့။ ကျုပ်သာ အရှောင်မမြန်ရင် အခုလောက်ဆိုရင် တစ်ကိုယ်လုံး ပြာနှမ်းပြီး ဒေါက်တာတင်မောင်မောင်သေသလို သေနေပြီပေါ့ကွယ်"

"ဟင် ဘယ်လိုကြောင့်တုန်း"

ကျွန်ုပ်က အံ့သြစွာမေးလေရာ ...

"ပိတုန်းက သာမန်ပိတုန်းတွေထက်ပိုပြီး ကြီးတယ်ကွဲ့။ ပြီးတော့ ကျုပ်မျက်နှာတည့်တည့်ကို အရှိန်နဲ့ပြီး ဝင်လာတာ။ ကျုပ်ကြည့်လိုက်တော့ ပိတုန်းရဲ့ပါးစပ်နေရာမှာ ငွေရောင်အပ်လိုအရာကလေး တစ်ခုပါတယ်ကွဲ့။ ဒီမှာတင် ကျုပ်လည်း နောက်ကို လှဲချလိုက်ရတာပေါ့။ ပြီးတော့ ချက်ချင်း ကျုပ်ထကြည့်တယ်မို့လား။ အဲဒီ ပိတုန်းက ပြန်လှည့်ပြီး မဟာဗန္ဓုလလမ်းပေါ်မှာ ရပ်ထားတဲ့ ရထားဆီကို ပြန်သွားတယ်။ ရထားသမားက ပိတုန်းကို အဝတ်တစ်ခုနဲ့စည်းပြီး ဖမ်းလိုက်တာကို ကျုပ်သေသေချာချာ တွေ့လိုက်ရတယ်။ ရထားသမားက ဆံပင်နီနီနဲ့ကွဲ့"

"ဟုတ်တယ် ဟုတ်တယ် ဆံပင်နီနီနဲ့ဗျ။ ကျွန်တော်လည်း တွေ့လိုက်တာပဲ"

ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုစဉ်မှာပင် ကိုသံဟိတ်သည် သူ့လက်ထဲတွင် ဆုပ်ထားသည့်အရာကလေးကို လက်ဖြန့်၍ ပြလေ၏။

"ဒီမှာ ကြည့်ပါဦး မောင်တောအုပ်ရဲ့။ ဒါကလေးတွေက ဘာတွေလဲ"

ကျွန်ုပ်လည်း ကိုသံဟိတ်၏ လက်ထဲသို့ ကြည့်လိုက်သောအခါ ဆေးလိပ်တိုကလေးများကို တွေ့ရလေ၏။ အားလုံး ခြောက်ခုဖြစ်လေ၏။

"ဒီကောင် ကျုပ်တို့ကို စောင့်နေတာ တော်တော်ကြာနေပြီကွဲ့။ ဖွဲ့တော့ တော်တော်ကောင်းတဲ့ကောင်းမယ့် ဆေးလိပ်တွေ ကုန်နေပြီ"

ကိုသံဟိတ်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဆေးလိပ်တိုတွေကို သေသေချာချာကြည့် မောင်တောအုပ်ရဲ့။ ဒါ ကုမ္ပဏီကထုတ်တဲ့ စီးကရက် မဟုတ်ဘူး။ ဗာဂျီးနီးယားဆေးအကောင်းစားကို စက္ကူအကောင်းစားနဲ့ ကိုယ့်ဟာသာ လိပ်ထားတဲ့ စီးကရက်တွေကွဲ့။ ဒါကို လွယ်လွယ်ခေါ်ရင်တော့ ပွတ်ချွန်းပေါ့ကွယ်။ ဒါပေမယ့် ပွတ်ချွန်းဆိုတာ လက်နဲ့ ပွတ်ပြီးလိပ်ရတာမို့ မသေသပ်လှဘူး။ ဒါက စက်ကလေးနဲ့ လိပ်ထားတာ၊ သိပ်သေသပ်တာ မောင်တောအုပ်ရဲ့။ ဒါမျိုးကို လုပ်လေ့ရှိတဲ့ သူတွေဟာ ပေါ့သေးသေးလူတွေ မဟုတ်ဘူးကွဲ့။ ဂျာမဏီနာဇီတွေပဲ"

"ဗျာ ဟာ ဒါဆိုရင်"

ကျွန်ုပ်က အံ့သြပြီးမေးလေရာ ...

"ဟုတ်တယ် မောင်တောအုပ်၊ တော်တော်တော့ စဉ်းစားရခက်နေပြီ"

ပြောကာ စားပွဲအံဆွဲကို ဆွဲဖွင့်၍ အထဲမှ စီးကရက်တိုကလေးနှစ်ခုကို ထုတ်ယူလာပြန်လေ၏။

ပြီးလျှင် စက္ကူတစ်ရွက်ပေါ်တွင် အံဆွဲထဲမှ စီးကရက်တိုတစ်ခုကို ဖြည်၍ အတွင်းမှ ဗာဂျီးနီးယားဆေးများကို ပုံလိုက်လေ၏။

ထို့နောက်တွင် စောစောက ကောက်လာသော စီးကရက်တိုခြောက်ခုအနက်မှ တစ်ခုကို အခြားစက္ကူတစ်ရွက်ပေါ်တွင် ဖြည်ချကာ အတွင်း မှ ဆေးများကို ပုံထားလိုက်လေ၏။

"ကဲ မောင်တောအုပ်၊ အဲဒီ နှစ်ခုယှဉ်ကြည့်ပေတော့"

ပြောလေရာ ကျွန်ုပ်လည်း အလင်းရောင်ဖြင့် သေသေချာချာ ကြည့်ရလေ၏။ အတွင်းမှ ဆေးမှုန့်ကလေးများရော၊ လိပ်ထားသည့် စက္ကူရော၊ စက္ကူ၏အတွင်းမှ ဂျီ၊ တီ၊ စီ ဟု အတိုကောက် ရိုက်ထားသော စာလုံးကလေးများပါ တူနေသည်ကို တွေ့ရလေရာ ...

"ဒါ ဘယ်လိုဖြစ်တာတုန်း ကိုသံဟိတ်ရဲ့"

ကျုပ်က မေးလိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဖြစ်ရမတုံးကွဲ့။ ဟောဒါက ဆရာဝန်တင်မောင်မောင်ခဲ့ ခြံရှေ့က ရထားသမားသောက်သွားတဲ့ ဆေးလိပ်လေကွယ်။ ဟောဒါက ခုနက ကျုပ်ကို သေကြောင်းကြံစည်သွားတဲ့ ဆေးလိပ်လေ"

"အလို တစ်ထပ်တည်း ဖြစ်နေပါလားဗျို့"

ကျွန်ုပ်က လန့်၍ ပြောလိုက်လေရာ ...

"ဒါတင် ဘယ်ကမလဲ မောင်တောအုပ်ရဲ့"

ပြောပြောဆိုဆိုဖြင့် ကိုသံပှိတ်သည် ထသွားကာ စားပွဲအံဆွဲကို ဖွင့်၍ အတွင်းမှ မှန်ဘီလူးနှင့် စက္ကူအိပ်ကလေးကို ပေးလေ၏။

"ကဲ စက္ကူအိပ်ထဲက နီးနီးအမွေးကလေးတွေကို ကြည့်လိုက်ပါဦး မောင်တောအုပ်ရဲ့"

ကျွန်ုပ်လည်း စက္ကူအိပ်ထဲသို့ နီနီအမွေးကလေးများကို ထုတ်ချလိုက်ကာ စက္ကူတစ်ရွက်ပေါ်တင်၍ မှန်ဘီလူးနှင့် ကြည့်လေ၏။

"ဒါ မြင်းမြီးက ကျွတ်တဲ့အမွေးတွေ မဟုတ်ဘူးလားဗျ"

ကျွန်ုပ်က မေးလေလိုက်လျှင် ...

"အင်း အကြမ်းဖျင်းတွေးရင်တော့ အဲဒီလို ထင်စရာရှိတာပေါ့ကွယ်။ ဒါပေမယ့် ဒီအမွေးကလေးတွေဟာ မြင်းမြီးမဟုတ်သလို လူတစ်ယောက်ရဲ့ ဆံပင်လည်း မဟုတ်ဘူးကွဲ့။ ကျုပ်သေသေချာချာ စစ်ကြည့်ပြီးပြီ။ ဒါဟာ လျှော်တစ်မျိုးကို ဆေးဆိုးထားတာကွဲ့။ စီအိုင်ဒီကို ပို့ပြီးတော့လည်း ကိုထွန်းသောင်တို့ကို ဓာတ်ခွဲခိုင်းပြီးပြီ။ ဆိုးဆေးတွေ ဆိုးထားတဲ့ လျှော်တစ်မျိုးလို့ပဲ ဖြေတယ် မောင်တောအုပ်ရဲ့။ ဒီတော့ ဒါဟာ ဆံပင်အတု လုပ်ထားတာကွဲ့"

"ဟင် ဒါဆိုရင် စောစောက ရထားသမားက ဆံပင်နီနီနဲ့ဆိုတော့"

ကျွန်ုပ်က ပြောလိုက်လေရာ ...

"သိပ်ဟုတ်တာပေါ့ကွယ်။ ဒေါက်တာတင်မောင်မောင်သတ်တာ သူမှ သူအစစ်ဖဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆိုရင် စောစောက လွတ်သွားတာ နာလိုက်တာဗျာ။ စောစောကပြောပါတော့ ကိုသံဟိတ်ရယ်။ ကျွန်တော်ပါလိုက်ပြီး မရ,ရအောင် မ်းပစ်မှာပေါ့"

ကျွန်ုပ်က အားမလို အားမရဖြင့် ပြောလေလျှင် ...

"ကျုပ်လည်း အခုမှသိတာ မောင်တောအုပ်ရဲ့။ စောစောကအထိ သေသေချာချာ တွေးနိုင်သေးတာ မဟုတ်ဘူး။ ဆေးလိပ်တိုတွေ ရလာပြီး ကြည့်ပြီးမှ အတတ်ပြောနိုင်တာ"

ကိုသံဟိတ်က ပြောလေ၏။

"ဟာ ဒါဆိုရင် ဒီကောင်ကို ဂရုစိုက်မှဖြစ်မယ်ဗျို့။ ခင်ဗျားဖမ်းခဲ့တဲ့ လူသတ်သမားတွေထဲမှာ ခင်ဗျားအသက်ကို သေကြောင်းကြံတဲ့သူ တစ်ယောက်မှ မပါဘူးဗျ။ ရွှေပုထိုးမောင်မောင်တစ်ယောက်ပဲ ပြန်ပြီး ခုခံတာတွေ့ ရတယ်။ အခုလို အကွက်ချပြီး သေကြောင်းကြံတာမျိုးတော့ အခုမှကို တွေ့ကြုံပါဘူးဗျာ"

ကျွန်ုပ်က ပြောလျှင် ...

"မောင်တောအုပ်ပြောတာလည်း ဟုတ်သားပဲ။ ဒါပေမယ့် သူ့ကို ကြောက်ပြီး ရှောင်နေလို့ကလည်း မရပြန်ဘူးကွဲ့။ မောင်တောအုပ်နဲ့ ကျုပ်နဲ့က အခုရက်မှာ အပြင်ထွက်ထွက်ပြီးကို ပြနေရမယ်။ ဒါမှ သူ့အနေနဲ့ နောက်တစ် ခါလုပ်ကြံဖို့ အခွင့်အရေးရမှာပေါ့"

"ဗျာ ဘယ်လိုဗျ ကိုသံဟိတ်ရဲ့။ လူသတ်သမားက ကျွန်တော်တို့ ကို နောက်တစ်ကြိမ်သတ်နိုင်အောင် အခွင့်အရေးပေးရမယ်ဆိုတဲ့ သဘော လား"

"ဟာ ဟုတ်တာပေါ့ မောင်တောအုပ်ရဲ့။ မောင်တောအုပ်ပဲ စဉ်း စားကြည့်လေ။ အခုဟာက သူက ကျုပ်တို့ကို သိနေတယ်။ ကျုပ်တို့က သူ့ကို မသိဘူး ဖြစ်နေတယ်။ ဒီတော့ တစ်ဖက်သတ်ကြီး ဖြစ်မနေဘူးလား။ သူ ဘယ်သူလဲဆိုတာ တိတိကျကျသိရအောင် သူ့ကို အခွင့်အရေးပေးပြီး အပ် သတ်နိုင်းရမှာပေါ့ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ထောင်ချောက်ဆင်တဲ့ သဘောပေါ့"

"အောင်မယ် မောင်တောအုပ်တောင် အပုံကြီး တိုးတက်လာမှ ကိုး"

ကိုသံပဂိတ်က ပြုံး၍ ပြောလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
## အန္တရာယ်ထောင်ချောက်

ကိုသံဟိတ်၏ အစီအစဉ်ဖြင့် ကျွန်ုပ်နှင့် ကိုသံဟိတ်သည် နံနက်တိုင်း စောစောထ၍ ကန်တော်ကြီးကိုပတ်ကာ လမ်းလျှောက်ကြလေ၏။ အမှန်တကယ်တွေးကြည့်လျှင်တော့ ကိုသံဟိတ်ဆင်သော ထောင်ချောက်သည် လွန်စွာ အန္တရာယ်များသော ထောင်ချောက်ပင် ဖြစ်လေ၏။

ကျွန်ုပ်တို့က ရန်သူသည် မည်သူမည်ဝါဖြစ်သည်ကို မသိရဘဲ ရန်သူကသာ ကျွန်ုပ်တို့နှစ်ယောက်ကို သိနေသည်ဖြစ်ရာ ရန်သူပြုသမျှ ခံရ တော့မည့် အနေအထား ဖြစ်နေလေတော့၏။

ကိုသံဟိတ်ကတော့ ရန်သူနှင့် ရင်ဆိုင်ရမည့် ကိစ္စကို အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိသည့်အပြင် ပျော်၍ပင် နေသေးတော့၏။

"တကယ်တော့ ဒေါက်တာတင်မောင်မောင် အသတ်ခံရတဲ့နေ့ကတည်းက လူသတ်သမားဟာ ဘယ်သူဆိုတာကို ကျုပ်သိခဲ့တယ်ကွဲ့"

ကိုသံဟိတ်က ပြောလေရာ ကျွန်ုပ်မှာ လွန်စွာ အံ့ဩခဲ့ရလေ၏။

"ဘယ်လိုဗျ ကိုသံဟိတ်ရဲ့။ လူသတ်သမားကို သိတယ်ဟုတ်လား"

"ဟုတ်တယ် မောင်တောအုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါဆိုရင် မြန်မြန်ဖမ်းမှ နေရာကျလိမ့်မယ်ထင်တယ် ကိုသံဟိတ်ရဲ့။ ကြာနေရင် ဒီကောင်က ကျွန်တော်တို့ကို အပြတ်ရှင်းသွားလိမ့်မယ်ဗျ"

ကျွန်ုပ်က ပြောလေရာ ...

"ကျုပ်က လူသတ်သမားကို မြင်လည်း မြင်ဖူးတယ်။ နာမည်လည်း သိတယ်။ ဒါပေမယ့် လူသတ်သမား ဘယ်မှာနေတယ်ဆိုတာတော့ မသိဘူးကွဲ့။ အဲဒါ ဘယ့်နှယ်လုပ်ပြီး ဖမ်းရမလဲ"

ကိုသံဟိတ်က ပြောလေ၏။

"အလို ကိုသံဟိတ်က လူသတ်သမားကို မြင်တောင် မြင်ဖူးနေပြီဟုတ်လား"

ကျွန်ုပ်က အံ့ဩစွာ မေးလိုက်လေလျှင် ...

"ဟုတ်တယ် မောင်တောအုပ်ရဲ့။ ဒေါက်တာတင်မောင်မောင်သေတဲ့နေ့က ရှောလမ်း(ခေတ္တာလမ်း)ကိုသွားပြီး ကြည့်တဲ့အခါ အချက်လေးချက်ကို ရလာခဲ့တယ်။ တစ်ခုကတော့ ဂျာမနီကဆေးနဲ့ ဂျာမနီက စက္ကူကို အသုံးပြုပြီး နာဇီဗိုလ်ချုပ်တွေသုံးတဲ့ စီးကရက်လိပ်စက်ကလေးနဲ့ လိပ်ထားတဲ့ စီးကရက်တိုကလေးနှစ်ခုရယ်။ နောက်တစ်ခုကတော့ ဆံပင်တုက ကျွတ်ကျကျန်ခဲ့တဲ့ ဆေးဆိုးထားတဲ့ လျှော်မျှင်နီနီကလေးတွေရယ်။ နောက်တစ်ခုကတော့ ဒေါက်တာတင်မောင်မောင်ရဲ့ အခန်းကိုဝင်ပြီး ကြည့်ကြတဲ့အချိန်မှာ နံရံပေါ်မှာ ချိတ်ထားတဲ့ သူငယ်ချင်းနှစ်ယောက်တွဲ ဓာတ်ပုံနဲ့ သေတ္တာတွေကို ကျုပ် လိုက်ဖွင့်ကြည့်တဲ့အခါ တွေ့လိုက်ရတဲ့ မိန်းမအဝတ်အစားတွေနဲ့ အလှပြင်ပစ္စည်းတွေရယ်။ တင်မောင်မောင်ရဲ့ အင်္ကျီအိတ်ထဲကတွေ့တဲ့ စာတိုကလေးတစ်စောင်ရယ် အားလုံး ပေါင်းစပ်လိုက်တဲ့အခါကျတော့ ...

တင်မောင်မောင်မှာ သိပ်ချစ်တဲ့သူငယ်ချင်းတစ်ယောက် ရှိခဲ့တယ်။ သူ့နာမည်က လူမော်တဲ့ကွဲ့။ သူက ဂျာမနီမှာ နေတယ်။ ဘာကိစ္စသွားနေတာလဲတော့ ကျုပ်မသိဘူး။ ပြီးတော့ တင်မောင်မောင်က ယောက်ျားစစ်စစ်မဟုတ်ဘူးကွဲ့။ မိန်းမလျာတစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဘယ်လိုဗျ ကိုသံဟိတ်။ ဆရာဝန် တင်မောင်မောင်ဟာ မိန်းမလျာ ဟုတ်စ"

ကျွန်ုပ်က မေးလေရာ ...

"ဟုတ်ပဗျာ။ ကျုပ်သူ့သေတ္တာတွေ ဖွင့်ကြည့်လိုက်တော့ သေတ္တာတစ်လုံးမှာ မိန်းမအင်္ကျီ၊ ထဘီတွေထည့်ထားတယ်ကွဲ့။ နောက်သေတ္တာတစ်လုံးကတော့ ယောကျ်ားအဝတ်အစားတွေ ထည့်ထားတယ်။ နောက်သေတ္တာမှာတော့ အလှပြင်ပစ္စည်းအကောင်းစားတွေနဲ့ တင်မောင်မောင်မိန်းမလိုဝတ်ပြီး ရိုက်ထားတဲ့ ဓာတ်ပုံတွေ တွေ့ရတယ်။ ဘယ်မှာသွားရိုက်တယ်ဆိုတာကိုတော့ ကျုပ်မပြောတတ်ဘူး။

အဲဒါတွေတွေ့တော့ ကျုပ်သေတ္တာတွေကို ချက်ချင်းပိတ်လိုက်တယ်။ သေတ္တာထဲက ဘာကိုမှ ထုတ်မကြည့်ဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ ကိုအုန်းသင်တို့လည်း ရှိနေတော့ မဟုတ်တဲ့ဘက်ကို ကောက်ချက်ဆွဲလိုက်မှာ စိုးလို့ဗျို့။ ပြီးတော့ ဘာမှ မထူးခြားလေဟန်နဲ့ အခန်းထဲကပြန်ပြီး ထွက်လာခဲ့တာ။

တင်မောင်မောင်ကို တနင်္ဂနွေနေ့ လာခဲ့မယ်။ ဆက်ဆက်စောင့်နေပါလို့ ချိန်းတာရယ်။ လိပ်ပြာလွှတ်ပြီး အဆိပ်နဲ့ သတ်သွားတာရယ်ဟာ တခြားသူ ဟုတ်ရိုးလားကွဲ့။ သူ့သူငယ်ချင်း လှမော်ပေါ့။ လှမော် ဂျာမဏီကို ပြန်ရောက်နေပြီလေ"

"ဟာ ဟုတ်လား။ တော်တော်ရက်စက်တဲ့ လူပါလားဗျာ။ သူငယ်ချင်းအချင်းချင်းတွေကို လုပ်ရက်လိုက်တာဗျာ"

"အဲဒါကြောင့် ကျုပ်ပြောတာပေါ့ မောင်တောအုပ်ရဲ့။ လူသတ်သမားကို ကျုပ်တွေ့ဖူးပါတယ်လို့ နံရံမှာ မောင်တောအုပ်တို့လည်း တွေ့ခဲ့သားပဲ။ လှမော်နဲ့ တင်မောင်မောင် တွဲရိုက်ထားတဲ့ ဓာတ်ပုံကြီးချိတ်ထားတယ် ဟုတ်လား"

"ဟာ ဒါဆိုရင် အဲဒီ ဓာတ်ပုံကို ကူးယူပြီး လိုက်ရှာလိုက်ရင် တွေ့မှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"လူမော်ကို ဖမ်းဖို့ဟာ ဒီလောက်မလွယ်ဘူး မောင်တောအုပ်ရဲ့၊ လူမော်က အလွန်တော်တဲ့ လူတစ်ယောက်လို့ ကျုပ်ထင်တယ်။ ကျုပ်တို့ တွေ့ခဲ့တဲ့ သူ့ရဲ့ နဂိုပုံစံနဲ့ သူလုံးဝနေမှာ မဟုတ်တော့ဘူး။ ရုပ်အမျိုးမျိုးပြောင်းပြီး နေလိမ့်မယ်ကွဲ့။ တော်လို့သာ သူ့အမှုကို ကျုပ်လိုက်နေတာကို သူချက်ချင်းသိပြီး ကျုပ်ကို လုပ်ကြံတာပေါ့"

အဲဒီမှာ ကျုပ်ကွင်းဆက်နဲ့နဲ့ပြတ်နေတာ ရှိတယ်ကွဲ့။ ပထမတစ်ခုက တင်မောင်မောင်ဟာ မိန်းမလျာတစ်ယောက်ဖြစ်ရက်နဲ့ ခင်မမကို ဘာဖြစ်လို့ လက်ထပ်ယူခဲ့တာလဲဆိုတာရယ်။ နောက်တစ်ခုက လူမော်နဲ့ခင်မမ ပတ်သက်မှုရှိ မရှိဆိုတာရယ် ကျုပ်တွေးလို့ မရဘူးကွဲ့"

"ဩော် ကိုသံဟိတ်ရယ် ခင်ဗျားရဲ့ တွေးလုံးတွေကတော့ လိုက်တွေးဖို့နေနေသာသာ နားလည်ဖို့တောင် အခက်သားလားဗျာ။ ခင်ဗျားကတော့ ခင်ဗျားအတွေးနဲ့ခင်ဗျား ကျိုးကြောင်းဆက်လိုက်ရင် ရှင်းသွားတော့တာပဲဗျို့"

ကျွန်ုပ်က ပြောလိုက်စဉ်မှာပင် ...

"မောင်တောအုပ်ရေ သတိထားပေတော့။ ကျုပ်တို့လူတော့ အနားရောက်နေပြီကွဲ့။ ဟော ဟော အံ့မယ် ဒီတစ်ခါ ကျုပ်တို့လူက ငှက်ကလေးနဲ့ပါလား။ ဩော် ပျံလွှားငှက်ကလေးပဲ မောင်တောအုပ်ရဲ့။ အသာနေဟန် ချက်မပျက်သာ လမ်းဆက်လျှောက်ပေတော့။ ဘာမှလည်း မကြောက်နဲ့ ဒီအကောင်လောက်တော့ ကျုပ်လျှင်ပါသေးတယ်ကွယ်"

ကိုသံဟိတ်က ပြောသော်လည်း ကျွန်ုပ်မှာ-ကျောထဲက စိမ့်ခနဲ ဖြစ်သွားလေ၏။ ကိုယ်က မသိသေးဘဲ ကိုယ့်ကိုသာ သိနေသည့် လူသတ်သမားသည် အလွန်ထူးခြားသော နည်းများကို သုံး၍ လူသတ်နေလေရာ ကျွန်ုပ်မှာ မကြောက်ဘဲ နေ၍ မရတော့ပေ။

ထိုအချိန်တွင် ပျံလွှားငှက်ကလေးသည် ကျွန်ုပ်တို့ ရှေ့ခပ်လှမ်းလှမ်းတွင် ဝဲပျံနေလိုက်၊ ကျွန်ုပ်တို့ နောက်ဘက်သို့ ပျံသွားလိုက် လုပ်နေသည်ကို တွေ့ရလေရာ ကျွန်ုပ်မှာလည်း ချွေးစေးများပင် ထွက်လာခဲ့လေတော့၏



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကိုတော့ လုံးဝ လှည့်မကြည့်မိစေနဲ့ မောင်တောအုပ်ရေ။ အင်း ဒီနေ့ကျမှပဲ ကန်တော်ကြီးစောင်းမှာ လူရှင်းလိုက်တာကွဲ့နော်"

ကိုသံဟိတ်က ပြောလေ၏။ ထိုအချိန်တွင် ပျံလွှားငှက်ကလေးသည် အပေါ်သို့ ပျံတက်သွားကာ တော်တော်မြင့်မြင့်သို့ ရောက်သွားလေ၏။ ကျွန်ုပ်တို့ နှစ်ယောက်လည်း မသိသလိုပင်ပြုကာ ဆက်၍ လျှောက်လာခဲ့ကြလေ၏။

"ဟာ လာပြီဗျို့"

ကျွန်ုပ်က ပြောလိုက်မိလေ၏။ ပျံလွှားငှက်ကလေးသည် အတောင်များကိုဖြန့်၍ အောက်သို့ ထိုးစိုက်၍ ဆင်းလာခဲ့လေတော့၏။

"ကျုပ်သိတယ် မောင်တောအုပ်"

ကိုသံဟိတ်က လေသံကလေးဖြင့် ခပ်အုပ်အုပ် ပြောလိုက်လေ၏။

ပျံလွှားငှက်ကလေးလည်း ကိုသံဟိတ်၏ တည့်တည့်သို့ တစ်ရှိန်ထိုး ထိုးချလာလေတော့၏။

"ရှီ ရှီ ရှီ"

ဟူသော အသံဖြင့် အော်ဟစ်ကာ ပျံလွှားငှက်ကလေး ဆင်းချလာလေ၏။

ဆင်းလာပြီ ဆင်းလာပြီ။ နီးသည်ထက် နီးလာလေပြီ။ ပေါ် ထိုးဝင်လာပြီ။

"ဘုတ်"

အောင်မလေး လျင်လိုက်တဲ့ ကိုသံဟိတ်။ သူ့ခေါင်းပေါ်မှ သက္ကလပ်ဦးထုပ်ပျော့ကလေးကို ဆတ်ခနဲဆွဲ၍ ချွတ်လိုက်ကာ ဦးထုပ်နှင့် ဖျတ်ခနဲ အုပ်ဖမ်းလိုက်လေ၏။ ငှက်ကလေးသည် သက္ကလပ်ဦးထုပ်ပျော့ကလေးထဲတွင် ဘုတ်ခနဲ မိသွားလေ၏။ ပထမတွင် ဦးထုပ်ထဲ၌ ငှက်ကလေးသည် ရုန်းနေသေးသော်လည်း ခဏအကြာတွင် ငြိမ်သွားလေ၏။

ထိုစဉ်မှာပင် ကိုသံဟိတ်သည် နောက်သို့ ဆတ်ခနဲလှည့်ကြည့်ကာ သစ်တောကလေးဘက်သို့ ပြေး၍ လိုက်သွားလေ၏။ ကျွန်ုပ်လည်း ဘာမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘမသိနှင့် နောက်မှ ပြေး၍ လိုက်ရလေတော့၏။

သို့သော် ကိုတောအုပ်သည် ဘိစပ်တောကလေးအဆုံးတွင် ရပ်လိုက်ကာ ဆက်၍ မလိုက်တော့ဘဲ ရပ်နေသည်ကို တွေ့ရလေ၏။ ခပ်လှမ်းလှမ်းသို့ ကြည့်လိုက်သောအခါ ဆံပင်နီနီနှင့် လူတစ်ယောက်သည် တရုတ်သချိုင်းဘက်သို့ ပြေးထွက်သွားကာ မအူကုန်းဘက်သို့ ကွေ့ဝင်သွားသည်ကို တွေ့ရလေ၏။ ကိုသံပါတိတ်သည် ဆက်လိုက်၍ မမီနိုင်တော့သည်ကိုသိသဖြင့် မလိုက်တော့ဘဲ ရပ်၍သာ နေခဲ့လေ၏။ လက်ထက်တွင် သက်ကလပ်ဦးထုပ်အပျော့ကလေးနှင့် ထုတ်ထားသည့် ပျံလွှားငှက်ကလေးကို ရင်ဘတ်တွင် ကပ်၍ ပွေ့ပိုက်ထားသည်ကို တွေ့ရလေ၏။



ကိုလိုနီခေတ်က မြင်တွေ့ရသော ရန်ကုန်တရုတ်တန်း (လသာလမ်း)

"မောင်တောအုပ်ရေ ကျုပ်တို့မိတ်ဆွေ ကိုလူမော်ကလေး ဒီပွဲမှာ လုံးဝရှုံးသွားပြီကွဲ့။ ရှုံးတဲ့သူဆိုတာ ပြေးရစမြဲပဲလေ။ အင်း ကိုလူမော်လည်း ပြေးပြီပေါ့။ ဒါပေမယ့် မောင်တောအုပ်ရဲ့ ကိုလူမော် လူတော်တစ်ယောက်ကွဲ့။ ဒီတော့ ပြေးစရာကြုံလို့ ပြေးပြီဆိုရင်လည်း သူမတူအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြေးမယ့်လူမျိုးထင်တယ်။ ကဲ ကျုပ်တို့လည်း ပြန်ကြစို့ မောင်တောအုပ်ရေ။ လုပ်စရာတွေတော့ အများကြီး ဖြစ်သွားပြီ"

ကိုသံဟိတ်က ပြောလိုက်ကာ ရှေ့မှ ခပ်သုတ်သုတ် လျှောက်လေရာ ကျွန်ုပ်လည်း နောက်မှ ခပ်သုတ်သုတ် လိုက်ခဲ့ရလေ၏။ ကိုသံဟိတ်သည် ရထားတစ်စင်းငှားကာ လွှစက်လမ်း(ဆိပ်ကမ်းသာလမ်း) သို့ ပြန်ခဲ့လေတော့၏။

ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း အခန်းသို့ ရောက်လျှင် ရောက်ချင်း ပျံလွှားငှက်ကလေးကို ထုတ်၍ ကြည့်ကြရာ ...

"အလို ပျံလွှားငှက်အစစ်မှ မဟုတ်ဘဲ။ ဒါ ယန္တရားအတတ်နဲ့ ဖန်တီးထားတဲ့ ငှက်ရုပ်ကလေးပါလား မောင်တောအုပ်ရေ။ ကျုပ်တို့ ကမ္ဘာကြီး ဒီလောက် တိုးတက်နေတာ ကျုပ်ဖြင့် အရှင်းမသိခဲ့ဘူးကွဲ့"

ကိုသံဟိတ်က အံ့ဩကြီးစွာဖြင့် ပြောလေ၏။

ကျွန်ုပ်လည်း ယန္တရားငှက်ရုပ်ကလေးကို ကိုင်ကြည့်ရန် လက်လှမ်းလိုက်သောအခါ ...

"သတိထားမောင်တောအုပ်ရေ နှုတ်သီးကလေးကို မထိမိစေနဲ့နော်။ အဲဒါ အဆိပ်ရည်စိမ်ထားတဲ့ သံမဏိနှုတ်သီးကလေးကွဲ့။ အသားထဲကို စိုက်ဝင်သွားလို့ကတော့ တုံးခနဲပဲပေါ့"

ကိုသံဟိတ်က ပြောလိုက်သဖြင့် ငှက်ကလေးအား ကိုင်တော့မည့် ကျွန်ုပ်၏ လက်များသည် တုံ့ခနဲ ရပ်သွားလေတော့၏။

"နေဦးကွဲ့။ ငှက်ကလေးရဲ့ ကျောကုန်းဟာ ဖွင့်လို့ရတဲ့ပုံပဲကွဲ့။ ဟော ဟော ပွင့်ပြီ ပွင့်ပြီ။ ဩော် နိုင်လွန်မွေးကလေးတွေနဲ့ ကပ်ထားတာပဲကိုး။ ဟင် ငှက်လေးရဲ့ ကျောကုန်းထဲမှာ စက်သေးသေးကလေးတွေပါလား။ ဩော် ဒါက ဘက်ထရီအသေးစားကလေးကွဲ့။ ဒါကို စက်ခလုတ်တစ်ခုနဲ့ ထိန်းပြီး လွှတ်ပုံရတယ်ကွဲ့။ လက်စသတ်တော့ ကိုလူမော်ဟာ ဂျာမနီမှာ ဒီပညာတွေ သင်လာခဲ့တာကိုး။ ဒါဆိုရင် တင်မောင်မောင်ကိုသတ်တဲ့ လိပ်ပြာကလေးဟာလည်း ဒီလို ယန္တရားရုပ်ကလေးတစ်ရုပ်ပဲ ဖြစ်လိမ့်မယ် မောင်



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ရေး ဩော် ကိုလှမော်ဟာ တော်တော်အန္တရာယ်ကြီးတဲ့ လူတစ်ယောက်ပါလား။ သိပ်ကြာကြာလွှတ်ထားလို့ မဖြစ်ဘူး ထင်တယ်"

ကိုသံပတ်ကပြောရင်း တစ်ခုခုကို လေးလေးနက်နက် စဉ်းစားလေတော့၏။

"ကျုပ်ကတော့ အပြင်ထွက်လို့ မဖြစ်တော့ဘူးကွဲ့။ ကျုပ်ကိုယ်တိုင်ထွက်လိုက်နေရင် ကိုလှမော်ကို ရှာတွေ့ဖို့ မလွယ်ဘူး။ သူ ပိုပြီး ပုန်းနေလိမ့်မယ်။ ကျုပ်ပုန်းနေမှ သူက ထွက်လာမှာကွဲ့။ ဒီတော့ ကျုပ်တပ်ဖွဲ့တွေကို ဆင့်ခေါ်ရတော့မှာပဲ"

ကိုသံပတ်က ပြောလေရာ ...

"ကိုသံပတ်ရဲ့တပ်ဖွဲ့ ဟုတ်စ။ ခင်ဗျားမှာ ဘာတပ်ဖွဲ့တွေ ရှိလို့တုန်း"

ကျွန်ုပ်က မေးလိုက်သောအခါ ...

"ရှိပါသကောကွယ်။ ပဋ္ဌမံတပ်ဖွဲ့တွေလေ"

ပြောရင်း ကိုသံပတ်သည် သဘောကျစွာ ရယ်မောလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## ပဥ္စမတပ်သားများ

နောက်တစ်နေ့မှစ၍ ကိုသံဟိတ်သည် အပြင်သို့ လုံးဝမထွက်တော့ပေ။ ညမိုးချုပ်သို့ရောက်လျှင် ဖေရာဘာဒီကုလားလေးတစ်ယောက်သည် ကျွန်ုပ်တို့နေသော အခန်းသို့ ရောက်လာကာ ကိုသံဟိတ်အား စာတစ်စောင် ပေးလေ၏။

ကိုသံဟိတ်ကလည်း ငွေနှစ်ကျပ်ကို ကုလားကလေးအား ပေးလေ၏။

"ရာဂျူး ဟိုကောင်တွေကိုလည်း ပြောလိုက်နော်။ သတိအများကြီးထားလုပ်လုပ်ပါ။ အန္တရာယ်ရှိတယ်လို့"

ကိုသံဟိတ်က ပြောလေရာ ...

"ဟုတ်ကဲ့ပါ ဆပ်။ ဆပ်မှာတာတွေအားလုံး ပြောထားပါတယ်။ စိတ်ချပါဆပ်"

အသက်နှစ်ဆယ်ခန့်သာရှိသေးသော ဖေရာဘာဒီကုလားလေးက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ မင်းလာရင်လည်း ဒီလို မှောင်တဲ့အချိန်မှ လာနော်။ အိမ်ကို တန်းမဝင်နဲ့။ နောက်က ဘယ်သူပါလာသလဲဆိုတာကို သေသေချာချာ ကြည့်ပြီးမှ အပေါ်ကိုတက်ခဲ့ကွဲ. ကြားလား"

ကိုသံပတိတ်က ထပ်၍ ပြောလေရာ ...

"စိတ်ချပါ ဆပ်။ အားလုံး သတိထားပြီး လုပ်နေကြပါတယ်"

"အေး အေး ဒါဆိုရင် သွားတော့"

ကိုသံပတိတ်က ပြောလိုက်သောအခါ ရာဂျူးကလေးသည် အိမ်ပေါ်မှ ခြေသံမကြားအောင် ဆင်းသွားလေတော့၏။

ကိုသံပတိတ်လည်း ရာဂျူးကလေးယူလာသော စာကို ဖြေလိုက်လေ၏။ စာရွက်မှာ ဘာမှ မပါဘဲ အဖြူသက်သက်ကြီး ဖြစ်နေလေ၏။

"ဟင် ကိုသံပတိတ် စာကလည်း ပြောင်ကြီးပါလား။ ဒါ ဘာသဘောလည်းဗျ"

ကျွန်ုပ်က မေးလိုက်သောအခါ ...



ကိုလိုနီခေတ်က ရန်ကုန်မြို့ ကမ်းနားလမ်း



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်မဟုတ်ပါဘူး မောင်တောအုပ်ရဲ့ ပါ,ပါတယ်။ ဒါက ကျုပ်သူတို့ကို သင်ပေးထားတဲ့ ထောက်လှမ်းတဲ့ နည်းတွေထဲက ဂျာမန်စာရေးနည်းနဲ့ စင်ကဲဆိုတဲ့ကောင်က ရေးပေးလိုက်တာလေ။ ကဲ ဟော ဒီမှာကြည့်"

ကိုသံဟိတ်သည် စာရွက်ကလေးကို ရေစက်ကလေးများနှင့် တောက်တောက်ပေးလိုက်လေ၏။ ထိုအခါ စာရွက်ဖြူပေါ်တွင် အဖြူရောင်စာလုံးကလေးများ ပေါ်လာလေတော့၏။ ကိုသံဟိတ်တည်ထောင်ထားသည့် ပဋ္ဌမ်တပ်ဖွဲ့မှ ခေါင်းဆောင်စင်ကဲ ရေးသားပေးပို့သော စာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

**သံဟိတ်ဆစ်**

**ဆံပင်နီတွေ့ပြီ။ ဘောင်ဒရီလမ်း ခြံအမှတ် (၉၀)မှာနေ။ ရှုပ်ချင်းခွဲမရအောင်တူသော အခြားဆံပင်နီတစ်ယောက်က အိမ်ထဲမှာရှိစဉ် တစ်ယောက်က အပြင်ထွက်ရထားမောင်းသည်။ ရထားသမားအစစ်က ဗဟန်းဘက်မှာ နေသည်။ ဆေးလိပ်လုံးဝမသောက်ပါ။ တစ်ယောက်က စီးကရက်သောက်သည်။ ထိုသူမှာ ရုပ်ဖျက်ထားပုံရသည်။ ဆက်လက်ထောက်လှမ်းနေဆဲ။**

**စင်ကဲ**

ကိုသံဟိတ်သည် ပြုံး၍ ခေါင်းညိတ်ကာ ...

"ကဲ မောင်တောအုပ် ကျုပ်ရဲ့ ပဋ္ဌမ်တပ်ဖွဲ့က တပ်သားတွေ ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ မြင်ပြီမို့လား"

"ဟုတ်ပါ့ဗျာ။ ဒီကောင်တွေ တော်တော့်ကို တော်တာပဲဗျ"

"ဟုတ်တယ် မောင်တောအုပ်ရဲ့။ ဟိုဘိုတွေ တစ်ယောက်နဲ့တစ်ယောက်ဆက်သွယ်တဲ့ သင်္ကေတတွေတောင် ဒီကောင်တွေ တတ်တယ်ကွဲ့"

ကိုသံဟိတ်က ပြောသောအခါ ...

"ဟိုဘိုဆိုတာ ဘာလဲဗျ"

ကျွန်ုပ်က မေးလိုက်လေ၏။



www.burmeseclassic.com


www.burmeseclassic.com



"ဟိုဘိုဆိုတာ ဂျစ်ပဆီလိုလူတွေပဲပေါ့ကွယ်။ လမ်းပေါ်မှာနေ လမ်းပေါ်မှာစားနေတဲ့ လူတွေပေါ့။ သူတို့မှာ အုပ်စုတွေ ရှိတယ်။ ကိုယ့်အုပ်စုရဲ့ ကိုယ်ဆက်သွယ်တဲ့အခါ လျှို့ဝှက်သင်္ကေတတွေနဲ့ ဆက်သွယ်လေ့ ရှိကြတယ်။ သူတို့ဟာ လူသတ်စရာရှိရင်လည်း သတ်ကြတယ်။ ဓားပြတိုက်စရာ ရှိရင်လည်း တိုက်ကြတယ်။ အုပ်စုချင်း တိုက်ပွဲတွေလည်း ဖြစ်ကြတယ်။

တချို့ကတော့ သူတို့ကို လူရမ်းကားတွေလို့ သတ်မှတ်ကြတယ်။ သူတို့ကိုယ်သူတို့တော့ လမ်းပေါ်က သူရဲကောင်းတွေလို့ သတ်မှတ်ကြတာ ကွဲ့။"

ပြောရင်း ကိုသံ့ဟိဒ်က စာရွက်အလွတ်တစ်ခုပေါ်တွင် အောက်ပါ အတိုင်း ရေးပြလေ၏။





www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပါတဲ့လူ



မရိုးသားတဲ့သူ



ဘေးမကင်းတဲ့နေရာ



"အဲဒါတွေပေါ့ကွယ်။ ဒါက နမူနာလောက်ပဲ ရှိသေးတာ။ အများကြီး ကျန်သေးတယ် မောင်တောအုပ်ရဲ့။ အဲဒီ ပုံတိုတွေရဲ့စာတွေကိုတောင် ဒီကောင်လေးတွေက တတ်နေပြီကွဲ့"

"ကောင်းပါလေရဲ့ဗျာ။ ခင်ဗျားကောင်လေးတွေကို ကျွန်တော်တော့ တော်တော်အထင်ကြီးသွားပြီဗျို့"

ကျွန်ုပ်က ပြောလေ၏။

ဤသို့ဖြင့် ညနေပိုင်းတွင် မိုးချုပ်ပြီဆိုသည်နှင့် ရာဂျူးကလေး ရောက်လာ၍ စာတစ်စောင်ကို ပေးလေ၏။ ကိုသံဟိတ်ကလည်း ငွေနှစ်ဆယ် ပေးလေ၏။

ပြီးလျှင် စာကိုဖတ်ကာ ...

"ဘာမှ မထူးသေးဘူး မောင်တောအုပ်ရေ"

နောက်တစ်နေ့တွင်လည်း ရာဂျူးကလေး ရောက်လာပြန်လေ၏။ စာတစ်စောင်ပေးပြန်၏။ ကိုသံဟိတ်ကလည်း ငွေနှစ်ကျပ်ပေးပြန်၏။ စာကို ဖတ်ပြီးလျှင် ခေါင်းခါပြပြန်လေ၏။

ဤသို့နှင့် ဆယ့်ငါးရက်ခန့်ကြာလာသောအခါ တစ်ညနေတွင် လှေကားမှ ပြေးတက်လာသော ခြေသံကို ကြားရလေ၏။ ခြေသံမှာ ကလေး တစ်ယောက်၏ ခြေသံဖြစ်နေလေရာ ကျွန်ုပ်မှာ နားစွင့်နေမိလေ၏။ ထိုစဉ်မှာပင် ကိုသံဟိတ်သည် ...

"ဟာ မောင်တောအုပ်ရေ တံခါးဖွင့် တံခါးဖွင့်။ အရေးတော့ပေါ်ပြီ ထင်တယ်ကွဲ့။ ဒါ စင်ကဲကိုယ်တိုင် လာတာကွ"

ပြောလိုက်သောအခါ ကျွန်ုပ်လည်း တံခါးကို ပြေး၍ ဖွင့်ပေးလိုက်ရလေ၏။ ကျွန်ုပ်ဖွင့်ပေးသော တံခါးမှ အရပ်ပုပုနှင့် ခပ်ဝဝကုလားက လေးတစ်ယောက်သည် ဒရောသောပါး ပြေးဝင်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ စင်ကဲ လာကွ။ မင်းကိုယ်တိုင်လာပုံထောက်ရင် အရေးတော့ ကြီးပြီ ထင်တယ်”

ကိုသံဟိတ်က ကုလားကလေးကို ဆိုဖာတွင် ထိုင်ခိုင်းလိုက်ကာ ပြောလေ၏။

နဖူးတွင် အနီစက်ကလေးတို့ထားသော စင်ကဲဟုခေါ်သည့် ကုလား ကလေးက ထိုင်မိသည်နှင့် ပြောလေတော့၏။

“ဒီလို ဆပ်ရဲ့။ ဆံပင်နီနီနဲ့ ရထားသမားက နာမည် ဂျော်နီလူးလို့ ခေါ်တယ်။ ဗဟန်း ရေဝတာရှည်လမ်းမှာ နေတယ်ဗျ။ ဘောင်ဒရီလမ်းမှာနေတဲ့ သူကို ဂျော်နီလူးက လူမော်ဆပ်လို့ ခေါ်တယ်။ တစ်နေ့လုံး ရထားထွက်ထွက် မောင်းနေတာက ဂျော်နီလူး မဟုတ်ဘူး ဆပ်ရဲ့။ အဲဒါ လူမော်ဆိုတဲ့ လူ ပဲ။ အဲဒီ လူမော်ဆိုတဲ့လူက ရုပ်ပြောင်းရုပ်လွဲလုပ်တဲ့နေရာမှာတော့ တော် တော့်ကို တော်တာဆပ်ရဲ့။ ဂျော်နီလူးရဲ့ ပုံစံလုပ်ပြီး နေ့တိုင်း ရထားထွက် မောင်းနေတာ။ ကျွန်တော်ဖြင့် ဘယ်လိုမှကို ခွဲလို့ မရဘူး ဆပ်ရဲ့။

မိုးချုပ်စကျမှ ပြန်လာပြီး ဂျော်နီလူးကို ရထားငှားခပိုက်ဆံနဲ့ သူ တစ်နေ့လုံးရထားမောင်းလို့ ရလာတဲ့ ပိုက်ဆံတွေကို အကုန်ပေးတာဗျ။

ဂျော်နီလူးက ဘာလုပ်သလဲဆိုတော့ အိမ်ထဲမှာ တစ်နေကုန် ဝီစကီ သောက်လိုက်၊ အိပ်လိုက်နဲ့ ဇိမ်ရစ်နေတော့တာပဲ။ ညနေရောက်တော့ ရတဲ့ ပိုက်ဆံက သူတစ်နေ့လုံး ရထားမောင်းတာထက်တောင်မှ ပိုနေသေး တော့ အရမ်းကို သဘောကျနေတော့တာပေါ့ဆပ်ရာ။

ညနေ (၆) နာရီတိတိဆိုရင် ဒီကောင်ကြီးက သီချင်းကလေး တအေးအေးနဲ့ ရထားကလေးမောင်းပြီး အိမ်ပြန်တော့တာပေါ့ဗျာ။

ဒီကနေ့တော့ တော်တော်ထူးတာ ဆပ်ရေ့။ ဂျော်နီလူးအစစ်ကို အိမ်ထဲကလူက တစ်နေရာရာကို ခိုင်းလိုက်တာဗျာ။

ဒါနဲ့ ကျွန်တော်လည်း ရထားကိုတားပြီး ရထားဘယ်ကိုသွားမှာလဲ လို့မေးတော့ ထီးတန်းကမ်းနားလို့ ပြောတယ်ဗျ။ ဒါနဲ့ အဲဒီပဲ ကျွန်တော် လည်း အဲဒီ ကမ်းနားကို သွားချင်လို့ ဘယ်လောက်ပေးရမလဲလို့မေးတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်မတ်ပေးရမယ်လို့ ပြောတယ်။ ကျွန်တော်လည်း သူ့ဘေးမှာတင်ထိုင်ပြီး လိုက်သွားလိုက်တာ တစ်လမ်းလုံး စကားတွေပြောပြီး ခင်သွားတယ်ဆပ်။

ဒီတော့ သူက ပြောတယ်။ သူ့သခင်နဲ့ သခင်မ ဘိတ်ကို ခရီး ထွက်စရာရှိလို့ စက်လှေလက်မှတ်လာဝယ်တာတဲ့။ တနင်္ဂနွေနေ့၊ သန်ဘက်ခါ ပေါ့ ဆပ်။ နေ့လယ် (၁၂) နာရီတိတိမှာ ထွက်မယ့် 'ရွှေမြိုင်အောင်' စက် လှေကြီးနဲ့ သူ့သခင်တွေ သွားမှာတဲ့။ သူ့သခင်က မစ္စတာဆင်းမလားတဲ့။ သူ့သခင်မက မစ္စက်ရှာမေလာဆင်းမလားလို့ ပြောတယ် ဆပ်။ ပြီးတော့ တနင်္ဂနွေ(၁၂) နာရီတိတိမှာ သူ့သခင်နဲ့ သခင်မကို သူကိုယ်တိုင် ရထားနဲ့ လိုက်ပို့ရမယ့် အကြောင်းပြောတယ် ဆပ်။

ဒါနဲ့ ဂျော်နီလူး လက်မှတ်ဝယ်ပြီး ပြန်သွားတော့ သင်္ဘောစာရေးကို စီးကရက်တိုက်ပြီး ကျွန်တော် စုံစမ်းကြည့်တယ် ဆပ်။ ဂျော်နီလူးပြောတဲ့ အတိုင်း အမှန်ပဲ။ လက်မှတ်နှစ်စောင် ဝယ်သွားတယ်လို့ သင်္ဘောစာရေးက ပြောတယ်။ နာမည်တွေကလည်း သူပြောတဲ့အတိုင်းပဲ ဆပ်"

စင်ကဲက ပြောလေရာ ကိုသံဟိတ်သည် ပြုံးလိုက်ပြီး ...

"မင်းတို့ သိပ်တော်တယ် စင်ကဲ။ ရော့ ရော့ ဟုပြောကာ ကိုသံ ဟိတ်က ငွေတစ်ဆယ်ထုတ်ပေးလေ၏။ စင်ကဲက ငွေတစ်ဆယ်ကို ဆုလာဒ် အဖြစ် ဝမ်းသာအားရ လက်ခံယူလိုက်ကာ ...

"ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲဆပ်"

"ပြီးပြီးလေ စင်ကဲရဲ့။ မင်းတို့ အပိုင်းက ဒါပဲလေကွယ်။ ငါ့အပိုင်း ရောက်ပြီလေ"

ကိုသံဟိတ်က ပြောသောအခါ စင်ကဲသည် ကိုသံဟိတ်ကို ရိုရို သေသေ နှုတ်ဆက်၍ ပြန်သွားလေ၏။

"ကဲ မောင်တောအုပ်ရေ၊ စင်ကဲပြောတာတွေကို မောင်တောအုပ် လည်း ကြားလိုက်တာပဲမို့လား။ တနင်္ဂနွေနေ့ကျရင် ကိုဘခင်နဲ့ ကိုထွန်းသောင် ဘာ မောင်တောအုပ်ကို လာခေါ်ကြလိမ့်မယ်။ (၁၂)နာရီအရောက် ထီးတန်း ဆိပ်ကမ်းကိုရောက်အောင် သွားကြပေတော့။ ကိုဘခင်ရဲ့ ကားကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမှာ သွားရပ်ခိုင်းပြီး ဆိပ်ကမ်းမှာ သတိနဲ့ စောင့်ကြပေတော့။ ဆံပင်နီနီနဲ့ ရထားသမားမောင်းတဲ့ ရထားဝင်လာတာနဲ့ အသင်သင့်ပြင်ကြပေတော့''

ကိုသံဟိတ်က ပြောလေရာ ...

''နို့ ကိုသံဟိတ်က ကျွန်တော်တို့နဲ့အတူတူ မလိုက်ဖူးလား''

ကျွန်ုပ်က မေးသောအခါ ...

''ကျုပ်က မောင်တောအုပ်နဲ့ တစ်ပါတည်းလိုက်လို့ မရဘူးကွဲ့။ စနေနေ့ညကတည်းက ကျုပ်က တစ်နေရာကို သွားနေရမှာ ဟိုရောက်မှပဲ ပြန်တွေ့ကြတာပေါ့''

ကိုသံဟိတ်က ပြောလေ၏။

''ဒါထက် နေပါဦးဗျ။ ဂျော်နီလူးပြောတဲ့သူ သခင်ဆိုတာ ကိုလူမော် ကိုပြောတာမှန်းသိပေမယ့် သူ့သခင်မဆိုတာက ဘယ်သူတုန်းဗျ''

ကျွန်ုပ်မေးလိုက်လေရာ ...

''ဘယ်သူရှိရဦးမလဲ မောင်တောအုပ်ရဲ့။ ခင်မမပေါ့ကွဲ့။ သူတို့က ငယ်ရည်းစားတွေ ဖြစ်မှာပေါ့ကွယ်''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## စက်လှေဆီပ်ပညာပြိုင်ပွဲ

ကိုသံဟိတ်သည် စနေနေ့နံနက်ပိုင်းမှာပင် အိမ်မှ ထွက်သွားလေ၏။ အိမ်မှ အထွက်တွင် လက်ဆွဲသေတ္တာကလေးတစ်လုံးလည်း ယူသွားလေ၏။ ထိုညက ကျွန်ုပ်သည် အခန်းတွင် တစ်ယောက်တည်း အိပ်ရသည်ဖြစ်ရာ တံခါးများကို တစ်ပေါက်မကျန်အလုံပိတ်၍ အိပ်ရလေ၏။

နောက်တစ်နေ့သို့ ရောက်သော်လည်း တံခါးကို မဖွင့်သေးဘဲ ထိတ်ဝန်းကျင်ကို အကဲခတ်၍ သေသေချာချာ ကြည့်ရသေး၏။ ပြီးမှ ပြတင်းတံခါးများကို ဖွင့်ရလေ၏။

ဆွယ်နာရီကျော်သောအခါ စီအိုင်ဒီမှ အင်စပိတ်တော်ကြီး ကိုဘခင်နှင့် ကိုထွန်းသောင်တို့ ရောက်လာကြလေတော့၏။

"ကဲ ကိုတောအုပ်ရေ ကိုသံဟိတ်က ဘာများ ထူးထူးခြားခြားမှာသွားသေးတုံး"

မေးကြလေရာ ကိုသံဟိတ်မနေ့က ပြောသွားသော အစီအစဉ်များကို ပြောပြရလေ၏။

ကိုဘခင်နှင့် ကိုထွန်းသောင်လည်း ကိုသံဟိတ် ပြောပြထားသည့်အလွန်တော်သော လူသတ်သမားဟု သိထားကြပြီဖြစ်ရာ အထူးသတိထား



www.burmeseclassic.com

www.burmeseclassic.com



နေရုန် တစ်ယောဇ်နှင့်တစ်ယောက် သတိပေးကြလေ၏။ ပြီးလျှင် သေနတ်များ ကိုထုတ်ကာ ကျည်ဆံများကို စစ်ဆေးကြလေ၏။

သူတို့နှစ်ယောက်သည် အရပ်ဝတ်များ ဝတ်ထားကြသည်ဖြစ်ရာ ကုတ်အင်္ကျီအောက်သို့ သေနတ်များကို လုံလုံခြုံခြုံ ထည့်ကြလေ၏။

ဆယ့်တစ်နာရီထိုးသောအခါ ကျွန်တော်တို့သုံးယောက် အိမ်ထဲမှ ထွက်လာကြလေတော့၏။ စက်လှေဆိပ်သို့ ဆယ့်နှစ်နာရီ မထိုးမီမှာပင် ရောက်လာကြလေတော့၏။

စက်လှေဆိပ်တွင် ကုန်တင်ကုန်ချ ပြုလုပ်နေကြသည်ဖြစ်ရာ လူ



ရွှေတိဂုံတောင်ဘက်မုခ်ရှိ သာယာဝတီမင်းကြီး လှူဒါန်းထားသော ခြင်္သေ့ရုပ်များ

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



များ ရှပ်ထွေးနေလေ၏။ ရွှေမြင်အောင်စက်လှေကြီးမှာ ကြီးမားခန့်ထယ်သော စက်လှေကြီးတစ်စင်းဖြစ်ကြောင်း တွေ့ရလေ၏။

ဤသို့ဖြင့် ကျွန်ုပ်နှင့် အိုင်ဗီကြီးနှစ်ယောက်သည် မလှမ်းမကမ်းတွင် ရပ်ကာ ကားများ လန့်ခြားများဘေးတွင် ကွယ်၍ နေရာယူထားကြလေတော့၏။

၁၂ နာရီခွဲတိတိတွင် ဆံပင်နီနီနှင့် ရထားသမားကြီး ဂျော်နီလူး မောင်းလာသည့်ရထားသည် စက်လှေဆိပ်သို့ ဝင်လာလေတော့၏။ ကျွန်ုပ်တို့သုံးယောက်လည်း တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါသော အကြည့်များနှင့် ကြည့်လိုက်ကြလေ၏။ သေချာအောင် ကျွန်ုပ်က မသိမသာ ခေါင်းဆတ်ပြလိုက်လေ၏။

ရထားသည် နေရာလပ်တစ်ခုတွင် ရပ်သွားလေ၏။ ခုချိန်အထိ ကိုသံဟိတ်၏ အရိပ်အယောင်ကိုပင် မတွေ့ရလေရာ ကျွန်ုပ်တို့မှာ စိတ်ပူသွားလေ၏။ ကိုဘခင်တို့လည်း ဘာဆက်လုပ်ရမည်မှန်း သိကြတော့မည် မဟုတ်ပေ။ ကျွန်ုပ်စိတ်များသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိသဖြင့် လှုပ်ရှား လာလေတော့၏။

ရထားသမား ဂျော်နီလူးသည် ရထားပေါ်မှ ဆင်းလာလေ၏။ ဆံပင်နီနီနှင့် အင်္ဂလိုအင်ဒီယန်းပုံစံရှိသည့် ဂျော်နီလူးသည် သူ့သခင်နှင့် သခင်မဆင်းမည်ဘက်သို့သွားကာ ခပ်ရှိုရှိုကလေး ရပ်နေလေ၏။

ထိုအချိန်မှာပင် ကူလီကောင်ကလေး နှစ်ယောက်သည် ရထား အနီးသို့ ပြေး၍ ကပ်သွားကာ သေတ္တာတစ်ယောက်တစ်လုံးထမ်း၍ ထွက်သွား ကြလေ၏။ တစ်ဆက်တည်းမှာပင် ရထားပေါ်မှ လွန်စွာ ချောမောလှခန့် ညားသည့် အင်ဒီယန်းသားတစ်ယောက် ဆင်းလာပြီးလျှင် သူက လက်ကမ်း ပေးလိုက်လေရာ ရထားထဲမှ လွန်စွာ ချောမောလှပသည့် အင်ဒီယန်း အမျိုးသမီးတစ်ယောက်သည် အမျိုးသားကမ်းပေးလိုက်သော လက်ကို ဆုပ်ကိုင်အားပြုကာ ရထားပေါ်မှ ဆင်းလိုက်လေ၏။ ထိုအချိန်မှာပင်...

"ချောက် ချောက်"

www.burmeseclassic.com



ဟူသော အသံနှင့်အတူ ဆံမင်နီရထားသမားကြီး ဂျော်နီလူးက အင်ဒီးယန်းအမျိုးသားနှင့် အမျိုးသမီးကို တွဲလျက်သား လက်ထိပ်ခတ်လိုက်လေ၏။

"ဟာ"

"ဟာ"

ဟူသော အံ့သြရေရွတ်သံများနှင့်အတူ ကိုဘခင်နှင့် ကိုထွန်းသောင်တို့နှစ်ယောက်သည် လုံချားမျှ ဆားတွင် ထွယ်နေရာမှ သေနတ်များကိုယ်စီချိန်၍ ထွေးတွက်ရေသော၏။

"ဒါ ဘယ်လို လုပ်လိုက်တာလဲ ဂျော်နီလူးရာ"

အင်ဒီးယန်းအမျိုးသားက ဒေါသတကြီး မေးလိုက်လေရာ . . .

"ကျုပ်က ဂျော်နီလူး မဟုတ်ပါဘူး၊ လက်ဖတင်နင်သံတိတ်ပါ။ မစ္စတာဆင်းမလားဒေါ် ကိုလူမော် ခင်ဗျားတို့ကို ဖေါက်တာစာင်မောင်မောင် သတ်မှုနဲ့ ဖမ်းလိုက်ပါပြီ"

ဟူသော အသံကို ကြားလိုက်တော့မှ ကျွန်ုပ်မှာ . . .

"ဟာ"

တစ်ခွန်းသာ အံ့သြအော်ဟစ်လိုက်မိလေ၏။

"အဲဒါ အင်းစိန် စီအိုင်ဒီက အင်စပိတ်တော် ကိုဘခင်နဲ့ ကိုထွန်းသောင်ပါ။ သူတို့နှစ်ယောက်က တစ်ယောက်ကိုတော့ ကိုလူမော် သိမှာပါ။ မောင်တောအုပ်လေ၊ ကျွန်တော်တို့နှစ်ယောက်ကိုတောင် ကိုလူမော် လိုက်ပြီး သတ်ဖူးသေးတာပဲ"

ဂျော်နီလူးရုပ်သွင်နှင့် ကိုသံဟိတ်က ပြောလိုက်လေရာ . . .

"ကျွန်တော့်လူ ဂျော်နီလူး ဘယ်မှာလဲ"

အင်ဒီးယန်းသားအသွင်နှင့် ကိုလူမော်က မေးလေ၏။

"အိုးဘိုရဲတ်ထဲမှာပါ။ ညကတည်းက ကျွန်တော် ဖမ်းထားတာပါ။ အခု ကိစ္စအားလုံးပြီးသွားပြီဆိုတော့ အခုပဲသွားပြီး ဂျော်နီလူးကို လွှတ်ပေးလိုက်ပါ့မယ် ကိုလူမော်"

www.burmeseclassic.com



ကိုသံဟိတ်က ပြောလိုက်လေ၏။

"ကဲ အိုင်ဗီတို့ သွားကြတော့။ ကျွန်တော်နဲ့ မောင်တောအုပ်က အိုးဘိုဂါတ်မှာ စောင့်နေတဲ့ ရော်နီလူးကို ဒီရထားသွားအပ်ရဦးမယ်။

ရထားငှားခကတော့ ကိုလူမော် ခါတိုင်းပေးနေကျအတိုင်း ချေပြီး ပေးရမှာပဲဗျို့"

ကိုသံဟိတ်က ပြုး၍ ပြောလေရာ ကိုလူမော်က ...

"မောက်ဖတင်နှင့်သံဟိတ်က ရုပ်ဖျက်တာ ကျွန်တော်ထက် တော်ပါပေတယ်။ ဒီပညာတွေ ဘယ်ကများ တတ်လာတာလဲ"

"ကိုလူမော်က ဂျာမနီက တတ်လာခဲ့တာ ထင်တယ်။ ကျုပ်ကတော့ အင်္ဂလိပ်စစ်တပ်မှာ အမှုထမ်းခဲ့တုန်းက ထောက်လှမ်းရေးသင်တန်းမှာ သင်ခဲ့ရတာဗျ။ အဲဒီတုန်းက သင်တန်းမှာ ကျုပ် ပထမတောင်ရခဲ့တာ ကိုလူ မော်ရဲ့"

ကိုသံဟိတ်က ရင်းရင်းနှီးနှီး ပြောလေ၏။

"ဒါမေမယ့် ခင်ဗျားပြုံးတာဟာ ရော်နီလူးပြုံးတာနဲ့ တော်တော်ကွာနေတယ်ဗျ"



ကိုလိုနီခေတ်က စထရင်းဟိုတယ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကိုလှမော်က ပြောလေရာ ...

"သိပ်ဟုတ်တာပေါ့ ကိုလှမော်ရာ။ ခင်ဗျားကောင် ဂျော်နီလူးဟာ ကျုပ်ဆီကို စရောက်ကတည်းက ငိုချည်းနေတာဆိုတော့ သူပြုံးတာကို ကျုပ် လုံးဝကို မမြင်ခဲ့ဘူးဗျို့"

ကိုသံဟိတ်က ပြောလိုက်ပြီးလျှင် အင်စပိတ်တော် ကိုထွန်းသောင်ဘက်သို့လှည့်ကာ ...

"ကိုထွန်းသောင်ရေ ဒီလက်ထိပ်က အိုးဘိုဂါတ်ကယူလာတဲ့ လက်ထိပ်ဗျို့။ နောက်မှ ကိုအေးဖေ့ဆီ ပြန်ပြီးပေးလိုက်ပေတော့"

ပြောလိုက်လေလျှင် အင်စပိတ်တော်ကြီးနှစ်ယောက်သည် ကိုလှမော်နှင့် မခင်မမကို နှစ်ဘက်ညှပ်ကာ ခေါ်သွားလေတော့၏။

ထိုအချိန်တွင် စောစောက သေတ္တာများ ထမ်းယူသွားသော ကူလီ ကလေးနှစ်ယောက်သည် ဆီဒင်ကားကလေးထဲသို့ ကိုလှမော်တို့၏ သေတ္တာ နှစ်လုံးကို ထည့်ပေးလိုက်ကြလေ၏။

"မောင်တောအုပ် အဲဒါ ကူလီတွေ မဟုတ်ဘူးကွဲ့။ အိုးဘိုဂါတ်က ပုလိပ်သားကလေးနှစ်ယောက်လေ။ ကျုပ်စီစဉ်ပြီး ကြိုလွှတ်ထားတာ မောင်တောအုပ်ရဲ့။ ကဲ ဒီကောင်နှစ်ယောက်ကိုပါ ရထားနဲ့တင်ပြီး အိုးဘိုဂါတ်ကို ခေါ်သွားရမယ်။

ဪ ဒါထက် မောင်တောအုပ်ရေ။ အိုးဘိုဂါတ်ရောက်ရင် သတိပေးစမ်းပါကွယ်။ ကျုပ်အိမ်က ယူလာတဲ့ ရှပ်ဖျက်တဲ့ သေတ္တာကလေး မေ့ကျန် ခဲ့မှာစိုးလို့"

အိုးဘိုဂါတ်မှ ပုလိပ်သားကလေးနှစ်ယောက် ရထားပေါ်သို့တက်ပြီးသောအခါ ကိုသံဟိတ်သည် ရထားကို ဟန်ပါပါမောင်း၍ ထွက်လာခဲ့လေတော့၏။

အိုးဘိုဂါတ်သို့ ရောက်သောအခါတွင် ကိုသံဟိတ်သည် ဂျော်နီလူး၏ အဝတ်အစားများကို ချွတ်၍ ပေးလိုက်ကာ ဆံပင်များ၊ မုတ်ဆိတ်များကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းလိုက်လေ၏။ ပြီးလျှင် ရထားသမားဂျော်နီလူးက ရထားမောင်းကာ ကျွန်ုပ်တို့နှစ်ယောက်က စီး၍ အိုးဘိုဂါတ်မှ ပြန်လာ ခဲ့လေတော့၏။

မြေနီကုန်းသို့ ရောက်သောအခါ နာမည်ကျော် အဝမ်းခေါက်ဆွဲဆိုင်တွင် ဝင်၍ ဝီစကီသောက်ကြလေ၏။ ဂျော်နီလူးလည်း သည်တော့မှ ရွှင်ရွှင်လန်းလန်း ဖြစ်သွားကာ စကားကို ဖောင်ဖွဲ၍ ပြောလေတော့၏။

ကိုသံပဟိတ်က ဂျော်နီလူးအား ရထားငှားခ ပေးသောအခါ ဂျော်နီလူးက လုံးဝ ငြင်းဆန်လေတော့၏။

သို့သော် ကိုသံပဟိတ်က အတင်းပေးသဖြင့် လက်ခံလေ၏။

ပြီးလျှင် ဂျော်နီလူးသည် စိုးရိမ်သော မျက်နှာဖြင့် ကိုသံပဟိတ်ကို ကြည့်လိုက်ကာ ...

"စုံထောက်ကြီးရယ် ကျွန်တော့်ဆရာ လူမော်ဆပ်ဟာ သေဒဏ်များ ကျမှာလားဗျာ"

ထိုအခါ ကိုသံပဟိတ်က ပြုံး၍ ...

"မစိုးရိမ်ပါနဲ့ ဂျော်နီလူးရာ။ မင်းဆရာက သူကိုယ်တိုင် ကိုယ်တိုင်လက်ရောက်သတ်တာ မဟုတ်တော့ သေဒဏ်တွေဘာတွေ မလာပါဘူးကွာ။ ထောင်ဒဏ်လောက်ပဲ ခံယူမှာပါ။ ငါတို့ကို လုပ်ကြံတဲ့ ကိစ္စကလည်း ငါတို့နှစ်ယောက်ပဲသိတာဆိုတော့ အမှုထဲမှာ မပါ,ပါဘူးကွာ"

ကိုသံပဟိတ်က ပြောလိုက်တော့မှ ...

ဆံပင်နီနီနှင့် ရထားသမားကြီးဂျော်နီလူးသည် ပြုံးပြုံးကြီးလုပ်ကာ ဝီစကီကို အားရပါးရ မော့ချလိုက်လေတော့သတည်း။။

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယပိုင်း

ဂျာမနီပြန် အင်ဂျင်နီယာကိုလှမောင်ကို သတင်းစာ ဖမ်းဆီးရမိခဲ့ပြီးနောက်တွင် ရန်ကုန်ထောင်ကြီးအတွင်း၌ ဖြောင့်ချက်ယူခဲ့ကြလေ၏။

ဆရာ့ရွှန်ကတော်ကြေး မခင်မမကိုလည်း စီအိုင်ဒီမှ အင်စပိတ်တော်များကိုယ်တိုင် စစ်ဆေး၍ ဖြောင့်ချက်ယူခဲ့လေ၏။

ထို့နောက်တွင်တော့ မခင်မမ၏ဖြောင့်ချက်တွင် ပါရှိခဲ့သော ဒေါက်တာတင်မောင်မောင်၏ ဒိုင်ယာရီစာအုပ်ကိုလည်း တွေ့ဆောင်းယူကာ တရားဝင်သိမ်းဆည်းခဲ့လေ၏။

ကျွန်ုပ်သည် အင်စပိတ်တော်ကိုဘခင်၏ အကူအညီဖြင့် အင်ဂျင်နီယာကိုလှမောင်၏ ဖြောင့်ချက်ကိုလည်းကောင်း၊ မခင်မမ၏ဖြောင့်ချက်ကိုလည်းကောင်း၊ ဒေါက်တာတင်မောင်မောင်၏ ဒိုင်ယာရီကိုလည်းကောင်း ဖတ်ရှုခဲ့ရလေ၏။ ထိုသို့ ဖတ်ရှုပြီးသောအခါ ကျွန်ုပ်၏ ဝါသနာအတိုင်း မှတ်တမ်းတစ်စောင်အဖြစ် ရေးသားရပေတော့မည်။ ကျွန်ုပ်ရေးသားမည့် ဤမှတ်တမ်း၏ ခေါင်းစဉ်ကိုလည်း 'ယန္တရားပိဋ္ဋာ' ဟု ရေးထိုးရန် ကျွန်ုပ် ဆုံးဖြတ်ထားပြီး ဖြစ်လေ၏။

မောင်တောအုပ်

www.burmeseclassic.com

www.burmeseclassic.com

## စာဖတ်သူ

ကျွန်ုပ်သည် ကျူရှင်သင်ရင်းမှ ဦးတောအုပ်၏ မှတ်တမ်းများကို ကျွန်းသေတ္တာကြီးတစ်လုံး ရရှိခဲ့ခြင်းအကြောင်းကို ကျွန်ုပ်၏ ပထမဆုံးဝတ္ထု ဖြစ်သည့် 'ဟိမဝန္တာသခင်မ' တွင် အသေးစိတ်ရေးခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါတွင်လည်း ယခင်စာအုပ်များနည်းတူ ဦးတောအုပ်၏ မှတ်တမ်းကြီးကို စာဖတ်သူများ ခံစားနိုင်စေရန် ဝတ္ထုသဖွယ် ပြောင်းလွဲရေးသားသည်မှလွဲ၍ မှတ်တမ်းပါ အကြောင်းအရာများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ပြောင်းလဲခြင်း အလျှင်းမပြုလုပ်ထားကြောင်းကို ရိုးသားစွာဖြင့် ကြိုတင်အသိပေးအပ်ပါသည်။

**စာရေးသူ**
**ဝေမင်းအိမ်**

www.burmeseclassic.com

## ခင်မမ၏ ပြောင့်ချက်

## အခန်း (၁)

## ချစ်စကားလှလှ

ကျွန်မ ခင်မမသည် ဘာသာဘရားသားကုမ္ပဏီပိုင်ရှင် ဦးဘာသာနှင့် ဒေါ်ဖွားမိတို့၏ တစ်ဦးတည်းသောသမီး ဖြစ်၏။ ကျွန်မတို့ မိသားစုသည် ဝင်ဆာလမ်း (ရှင်စောပုလမ်း)ရှိ ခြံဝန်းကြီးတစ်ခုတွင် နေကြ၏။

ကျွန်မ၏ ဖေဖေပိုင်ဆိုင်သော ဘာသာဘရားသားကုမ္ပဏီသည် ပြည်ပသို့ ဆန်တင်ပို့၍ ပြည်ပမှ လူသုံးကုန်ပစ္စည်းများကို တင်သွင်းသည့် ကုမ္ပဏီတစ်ခု ဖြစ်ပေသည်။

ကျွန်မတို့ ကျောင်းနေသည့် အရွယ်မှစ၍ ဖာသာဂျီးဇက်ကျောင်းတွင် ထားပေးခဲ့လေ၏။ ကျွန်မလည်း တစ်နှစ်လျှင် တစ်ဆင့်မှန်မှန်တက်လာခဲ့လေရာ ဟိုက်စကူးဖိုင်နယ်အဆင့်သို့ ရောက်လာခဲ့လေတော့၏။

ကျောင်းနေသက် ကြာလာခဲ့သည်နှင့်အမျှ ကျွန်မတွင် ဂဲဖရင်းဘွိုင်းဖရင်းများလည်း တဖြည်းဖြည်းများပြားလာခဲ့လေ၏။

ထိုသို့ ခင်မင်ရင်းနှီးသည့် ဖရင်းများတွင် ထူးထူးခြားခြားခင်မင်ခဲ့သော ဘွိုင်းဖရင်းနှစ်ယောက် ရှိခဲ့လေ၏။ ထိုနှစ်ယောက်မှာ တင်မောင်မောင်နှင့် လှမော်ပင် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို ပို၍ ခင်မင်မိသည်မှာ အခြားအကြောင်းကြောင့်မဟုတ်ဘဲ ခုနစ်ဆင့်ရှစ်ဆင့် အတန်းများမှာကတည်းက ကျောင်းကပွဲကွန်ဆတ်များတွင် အတူတူပြဇာတ်ကကြရလေရာ ပြဇာတ်တိုက်ခြင်း သီချင်း တိုက်ခြင်းများကြောင့် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးသွားခြင်းဖြစ်လေ၏။

ကျွန်မတို့သုံးယောက်သည် ကျောင်းတွင် အမြဲတမ်း တတွဲတွဲနေကြလေရာ အခြားသူငယ်ချင်းများက ခင်မမတို့အုပ်စုဟုပင် ပြောလာကြလေတော့၏။

မှတ်မှတ်ရရပြောရလျှင် ဟိုက်စကူးဖိုင်နယ်ဖြေကာနီးတစ်ရက်၌ လှမော်သည် ကျောင်းပေါက်ဝတွင် ရပ်၍ ကျွန်မအလာကို စောင့်နေလေ၏။

"လှမော် နင် ဘယ်သူ့ကို စောင့်နေတာလဲ"

ကျွန်မက ကားပေါ်မှ ဆင်းဆင်းချင်းမှာပင် မေးလိုက်လေရာ

"ခင်မမကို စောင့်နေတာ" တုံးတိတိလေသံဖြင့် ပြောလေ၏။



ကိုလိုနီခေတ် ရွှေတိဂုံသို့ သံလမ်းပြေးကား

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို စောင့်နေတာ ဟုတ်လား။ နှင် မျက်နှာလည်း သိပ်မကောင်းပါလား။ နှင် နေမကောင်းဘူးလား လူမော်"

ကျွန်မက ပျာပျာသလဲ မေးလိုက်သောအခါ ...

"လူက နေကောင်းပါတယ်ဟာ။ စိတ်ကသာ နေမကောင်းဖြစ်နေတာပါ"

"ဘယ်လို ဘယ်လို စိတ်နေမကောင်းဘူး ဟုတ်လား။ ငါတော့ ဒီတစ်ခါပဲ ကြားဖူးသေးတယ်"

ကျွန်မက နှုတ်ခမ်းကလေးမဲ့၍ ပြောလိုက်လေ၏။

"ငါ နှင့်ကို ပြောစရာရှိလို့ လာစောင့်နေတာဟ"

"ဟင်း ဟုတ်လား။ ဒါဆိုရင် ပြောလေ"

ကျွန်မက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သောအခါ ...

"လာပါဟာ ကျောင်းထောင့်က ပိတောက်ပင်ကြီးအောက်ကို သွားရအောင်"

ပြောပြောဆိုဆိုနှင့် လူမော်က ရှေ့မှသွားသောအခါ ကျွန်မလည်း နောက်မှ လိုက်ခဲ့ရလေတော့၏။

ပိတောက်ပင်ကြီးအောက်မှ ခုံတန်းကလေးတွင် လူမော်က ဝင်ထိုင်ရင်းမှ ...

"လာထိုင် ခင်မမ"

ကျွန်မ စိတ်ထဲတွင်တော့ လူမော် တစ်ခုခုပြောတော့မည်ကို ကြို၍ သိနေသလို ခံစားနေရလေတော့၏။

"ခင်မမ ငါ့ဘဝမှာ မွေးကတည်းက အမေဆိုတာကို မမြင်ဖူးခဲ့ဘူး။ ငါမီးတွင်းမှာကတည်းက ငါ့အမေက ဆုံးသွားခဲ့တာ။ ငါ့ဘဝမှာ ငါ့အဖေဦးထွန်းလှကပဲ အဖေတာဝန်ရော၊ အမေတာဝန်ပါယူပြီး မွေးလာခဲ့ရတာ။ ငါကလည်း အဖေ့ကို သိပ်ချစ်သလို အဖေကလည်း ငါ့ကို သိပ်ချစ်တယ်။

အခုတော့ ငါ့မှာ အဖေအပြင် နောက်ထပ် ချစ်ရမယ့်သူ ရှိလာပြီ ခင်မမ"



www.burmeseclassic.com

www.burmeseclassic.com



လှမော်က ပြောသောအခါ ကျွန်မ အံ့ဩသွားမိလေတော့၏။

"ဟင် ဟုတ်လား လှမော်။ ဒါဆိုရင် နင့်အဖေတော့ သနားပါတယ်ဟာ"

ကျွန်မက ပြောလိုက်မိလေ၏။

"ဟာ ခင်မမကလည်း ငါက အဖေ့အပေါ်မှာ ချစ်တဲ့အချစ်က လျော့သွားမှာမှ မဟုတ်တာ"

လှမော်က ပျာပျာသလဲ ပြန်၍ ပြောလေ၏။

"ကဲပါ ထားပါတော့။ နင်က ဘယ်သူ့ကို ချစ်နေလို့လဲ"

"ခင်မမ"

"ဘာလဲ ပြောလေ"

"ခင်မမ"

"ဟဲ့ လှမော် ဘယ်သူလဲ ပြောလေ။ ငါ့နာမည်ကိုချည်း ခေါ်မနေနဲ့။ နင်ကြိုက်တဲ့ ကောင်မလေးကို နင်မပြောရဲရင် ငါသွားပြောပေးမယ်"

"ငါ နင့်နာမည်ကို ခေါ်နေတာ မဟုတ်ဘူး။ ငါသိပ်ချစ်နေတဲ့သူဟာ ဒီခင်မမလို့ ပြောနေတာ"

"ဘာ ဘယ်လို လှမော်"

"ဟုတ်တယ် ခင်မမ။ ငါ နင့်ကို ကြိတ်ပြီး ချစ်နေခဲ့တာကြာပြီ။ ဒါပေမယ့် ငါမပြောရဲခဲ့ဘူး။ အခုတော့ ဟိုက်စကူးဖိုင်နယ်ဖြေရတော့မှာ မဟုတ်လား။ တော်တော်ကြာ ငါမပြောခင် ဟိုကောင်တင်မောင်မောင်က ပြောလိုက်လို့ ငါကျွန်ရစ်ဖြစ်ရမှာကို ငါ သိပ်ကြောက်တယ်"

ကျွန်မ ခေါင်းငုံ့လိုက်ရပါပြီ။ ပြီးတော့မှ . . .

"ဘာလဲ တင်မောင်မောင်ကလည်း နင့်လို မရိုးမသားပဲလား"

ကျွန်မက မေးလိုက်သောအခါ . . .

"ဟာ အဲဒီလိုတော့ ဒီကောင်တစ်ခါမှ မပြောဖူးပါဘူး။ ဒါပေမယ့် နင်နဲ့ငါနဲ့ နှစ်ယောက်တည်း စကားပြောနေတဲ့အခါတွေမှာ ဒီကောင် ဟိုဘက်က



www.burmeseclassic.com

www.burmeseclassic.com



ချောင်း။ ဒီနားကချောင်း လုပ်လုပ်နေတာ ငါ သိတယ်။ တမင် မသိချင်ဟန် ဆောင်နေတာ''

လှမော်က ပြောလေ၏။

"တင်မောင်မောင် အဲဒီလို ချောင်းချောင်းကြည့်တာ ငါလည်း သိပါတယ်"

"ဟင် ဟုတ်လား ခင်မမ။ နင် တွေ့တယ်ဟုတ်လား။ အေး အဲဒါကြောင့် ငါ စိုးရိမ်တာ ဖွင့်ပြောလိုက်မိလို့ တော်ပါသေးရဲ့"

လှမော်က ပြောသောအခါ ကျွန်မသည် သဘောကျစွာပြုံးလိုက်လေ၏။

"ဟင် နင် ငါ့ကို စိတ်မဆိုးဘူးဟုတ်လား ခင်မမ။ ငါက ပြောသာ ပြောရတာ နင် စိတ်ဆိုးသွားမှာကိုတော့ သေမလောက် ကြောက်တယ်ဟာ"

ကျွန်မ ဘာမှ ပြန်မပြောဘဲ ငြိမ်နေလိုက်တော့သည်။

"နင် ငါ့အပေါ်မှာ ဘယ်လို သဘောထားသလဲဆိုတာ ပြောဦးလေ တာ"

"လှမော် နင်ဟာလေ တော်တော်ခက်တာပဲ။ မိန်းမတွေအကြောင်း နင် ဘာမှ မသိဘူး"

"ဟာ ဒါတော့ ဟုတ်တယ်ဟာ။ ငါ့မှာက အမေလည်း မရှိ၊ နမ လည်းမရှိဆိုတော့ မိန်းမတွေနဲ့ ပတ်သက်ပြီး ငါ ဘာမှ မသိတာ အမှန်ပဲ ခင်မမရဲ့"

"အေး အဲဒါကြောင့် ပြောတာပေါ့။ မိန်းကလေးတစ်ယောက်ကို ချစ်ကြောင်းပြောတယ်ဆိုတာ အဖြေကို လွယ်လွယ်နဲ့ ပေးပါ့မလား။ ငါတို့ မိန်းကလေးတွေဘက်မှာ စဉ်းစားစရာတွေ အများကြီးရှိနေတယ် နင် သိလား"

"ဟာ အေး မသိဘူး။ ငါသိတာက နင့်ကို ငါ သိပ်ချစ်တယ်ဆိုတာ ပဲ ငါ သိတယ် ခင်မမရယ်"

"အေးလေ ငါ စဉ်းစားမယ် လှမော်"

ကျွန်မက ကျောင်းခန်းထဲဝင်ရန် ဟန်ပြင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေ . . . နေပါဦး ခင်မမရယ်။ နင် ငါ့ကို ဘယ်တော့ အဖြေပေးမှာလဲဟင်"

"အခုလာမယ့် ဖေဖော်ဝါရီနှစ်ရက်နေ့ဟာ ငါ့မွေးနေ့မို့လား။ အဲဒီနေ့မှာ တင်မောင်မောင်ကို ငါ ဖိတ်မှာပေါ့။ အဲဒီနေ့ကျရင် နင် ငါ့ကိုကြည့်ပေါ့။ ငါ့ခေါင်းမှာ နှင်းဆီပန်းရောင်ကလေး တစ်ပွင့်ပန်ထားတာတွေ့ရင် နင့်ကို ငါ ချစ်တယ်လို့ အဖြေပေးတာပေါ့။ ငါ ဘာပန်းမှ ပန်မထားရင်တော့ နင် ငါ့ကို ခွင့်လွှတ်နိုင်အောင် အခုကတည်းက ကြိုးစားထားပါ လှမော်။ ကဲ ငါ သွားတော့မယ်"

ကျောင်းလွယ်အိတ်ကလေးကို ပြင်လွယ်ရင်း ခုံတန်းမှ ထလေ၏။ ထိုအချိန်မှာပင် ခပ်လှမ်းလှမ်းရှိ ယုဇနပန်းရုံနောက်တွင် ကျွန်မတို့အား ချောင်းကြည့်နေသည့် တင်မောင်မောင်ကို လှမ်း၍ မြင်လိုက်ရလေ၏။

သို့သော် ကျွန်မက မမြင်ချင်ဟန်ဆောင်၍ ကျောင်းခန်းထဲသို့ ဝင်လာခဲ့လေ၏။ လှမော်ကိုလည်း လှည့်မကြည့်ဝံ့တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ပန်းသွေးနှင်းဆီ

ကျွန်မတို့ ဟိုက်စကူးဖိုင်နယ်စာမေးပွဲဖြေရန် အလွန်ပင် နီးကပ်နေလေပြီ။ သို့သော် ဖေဖော်ဝါရီနှစ်ရက်သည် ကျွန်မမွေးနေ့ဖြစ်သဖြင့် ဖေဖေက အခါတိုင်းကဲ့သို့ပင် ကျွန်မတို့ ခြံဝန်းထဲရှိ ဥယျာဉ်ပါတီပွဲကလေး ပြုလုပ်ပေးလေ၏။

ခြံဝန်းတစ်ခုလုံး မီးရောင်စုံများ ထွန်းထားသည်ဖြစ်ရာ အလွန်လှသောညတစ်ည ဖြစ်နေလေတော့၏။ ဥယျာဉ်ပွဲများ၏ ထုံးစံအတိုင်း ခြံဝန်းထဲတွင် ဓာတ်စက်တစ်လုံးလည်း ဖွင့်ထားသည်ဖြစ်ရာ အနောက်တိုင်းတေးသံများသည် ခြံဝန်းထဲတွင် ပျံ့လွင့်နေလေတော့၏။ ကျွန်မသည် မေမေလိုက်၍ ဝယ်ပေးသော ရိုးကုမ္ပဏီမှ ပန်းရောင်ဂါဝန်ရှည်ကြီးကိုဝတ်ကာ ခွာမြင့်ရှူးဖိနပ်ကို စီးထားလေ၏။

ဖေဖေမိတ်ဆွေ ဧည့်သည်ပရိတ်သတ်များအားလုံး မွေးနေ့ပါတီသို့ တက်ရောက်ကြသည်ဖြစ်ရာ ခြံဝန်းတစ်ဝန်းလုံး အထူးစည်ကားနေလေ၏။

ကျွန်မသည် ဧည့်သည်များကို ဧည့်ခံစကားပြောနေရင်းမှ မကြာမကြာလမ်းဘက်သို့ လှည့်ကြည့်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညရှစ်နာရီထိုးကာနီးတွင် တင်မောင်မောင်တို့အိမ်မှ ဖိုက်ကားကလေးသည် ခြံထဲသို့ ဝင်လာလေတော့၏။

ကားပေါ်မှ တင်မောင်မောင်ဆင်းလာပြီးလျှင် နောက်ထပ် တံခါးတစ်ချက်ပွင့်လာကာ လှမော်ဆင်းလာခဲ့လေ၏။

နှစ်ယောက်စလုံး အနောက်တိုင်းဝတ်စုံများကို ကျကျနနဝတ်ဆင်ထားကြလေရာ ချောမောခံ့ညားနေကြလေတော့၏။ ထိုအချိန်မှာပင် ရှေ့မှလျှောက်လာသော တင်မောင်မောင်က . . .

"နောက်ကျသွားတာကို တောင်းပန်ပါတယ် ခင်မမရာ။ နောက်ကျတာ ငါ့ကြောင့် မဟုတ်ဘူး။ လှမော်ကြောင့်ပေါ့။ သူ့ကို သွားခေါ်တော့ ရေမချိုးရသေးဘူးလေ။ အဲဒါ သူ ရေချိုးတာ ထိုင်စောင့်ရသေးတယ်။ ပြီးတော့ အလှပြင်လိုက်တာဆိုတာ ပြီးကိုမပြီးနိုင်တော့ပါဘူးဟာ။ ဘယ်လိုဖြစ်လို့များ ဒီနေ့ကျမှ သိပ်လှချင်နေသလဲ မသိပါဘူးဟယ်"

လှမော်ကတော့ ဘာမှမပြောဘဲ ပြုံးရုံသာပြုံးနေ၍ တင်မောင်မောင် ပခုံးကိုကွယ်ကာ ကျွန်မခေါင်းကိုသာ ကြည့်လေတော့၏။ သူကြည့်သောအခါတွင် ကျွန်မ ဘာပန်းမှ ပန်မထားသည်ကို တွေ့ရသဖြင့် လှမော်မျက်နှာပျက်သွားလေတော့၏။

တင်မောင်မောင်ကတော့ စကားများကို မနားတမ်းပြောကာ စားပွဲလွတ်တစ်လုံးတွင် လူကြီးလူကောင်းဟန်ဖြင့် ဝင်၍ ထိုင်လေ၏။

"ကဲ နင်တို့ ထိုင်ကြဦး။ နင်တို့စားဖို့ ငါသွားပြင်လိုက်ဦးမယ်"

ကျွန်မသည် တိုက်ထဲသို့ ပြေးဝင်လာခဲ့လေ၏။ ပြီးလျှင် မှန်တင်ခုံရှေ့တွင် ထိုင်လိုက်လေတော့၏။ မနက်ကတည်းက အဆင်သင့်ဝယ်ထားသည့် ပန်းနုရောင်နှင်းဆီပန်းကလေးသည် ရေတောက်ထားသဖြင့် လန်းဆန်းနေဆဲပင် ရှိလေ၏။ ကျွန်မလည်း နှင်းဆီပန်းကလေးကို ခေါင်းတွင် ပန်လိုက်ပြီးနောက် အုန်းနို့ခေါက်ဆွဲပန်းကန်များကို ဗန်းကလေးနှင့်ထည့်ကာ ကိုယ်တိုင်သယ်၍ ခြံထဲသို့ ဆင်းခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲမယ် မွေးနေ့ရှင်က ကိုယ်တိုင်ကို သယ်နေပါလား။ ကျွန်တော့ အရေးကြီးတဲ့ဧည့်သည် ထင်တယ်"

မေ့ဇမ့်မိတ်ဆွေ အန်တီအုန်းက လှမ်း၍ စလေ၏။

"သူငယ်ချင်းတွေမို့ပါ အန်တီ"

ကျွန်မက ပြန်ပြောလိုက်ရလေ၏။

စားပွဲပေါ်သို့ အုန်းနို့ခေါက်ဆွဲပန်းကန်များကို ပြင်ဆင်ပေးလိုက်သော အခါ . . .

"အော်း ငါကတော့ ဗိုက်ဆာနေပြီ ခင်မမရေ စားတော့မယ်ဟေ့။ လှမော်ကတော့ လမ်းမှာအော်ရင်း ရှာသူဖမ်းလိုက်တယ်ထင်တယ်။ ငှငိုင်ငိုင် ကြီး ဖြစ်နေတယ်။ ဒီက ပြန်မှပဲ ပယောဂဆရာ လိုက်ရှာရတော့မှာပဲ"

တင်မောင်မောင်က ပြောပြောဆိုဆို အုန်းနို့ခေါက်ဆွဲပန်းကန်ကို ဆွဲယူပြီး စားလေ၏။

ထိုအချိန်တွင် လှမော်သည် ခေါင်းငိုက်စိုက်ကျနေရာမှ ကျွန်မကို မော့၍ ကြည့်လေ၏။

"တာ"

လှမော်က အံ့ဩပြီး အော်လိုက်လေ၏။ ပြီးလျှင် ကျွန်မခေါင်းမှ ပန်းရောင်နှင်းဆီပန်းကလေးကို ငေးကြည့်ရင်း ပြုံးနေလေတော့၏။

"ဟဲ့ လှမော် ဘာတွေ့လိုက်လို့ အလန့်တကြား အော်လိုက်တာ လဲ"

တင်မောင်မောင်က လှည့်မေးသောအခါ လှမော်သည် ယောင် တောင်တောင်ဖြစ်သွားကာ ကျွန်မခေါင်းမှ ပန်းကလေးကို လက်ညှိုးထိုးပြ လေ၏။

"ဟဲ့ အဲဒါ ပန်းလေ။ နှင်းဆီပန်းကို နင်တစ်ခါမှ မမြင်ဖူးလို့လား ဒီလောက် အလန့်တကြား ထအော်ရအောင်"

တင်မောင်မောင်က လှမော်ကို ခပ်ငေါက်ငေါက်ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ နှင်းဆီပန်းတော့ ငါ မမြင်ဘူးတာပေါ့ကွ။ ခင်မမပန်းတွေ ဘာတွေပန်တာ တစ်ခါမှ မတွေ့ဖူးလို့ အံ့သြသွားတာပါကွာ"

တင်မောင်မောင်မသိအောင် ဖုံးဖိပြောလေ၏။

"သြော် ဒီလိုလား။ ဒါကတော့ဟယ် လှမော်ရယ် ခင်မမက မိန်းမပဲဟာ ပန်းပန်ချင်တဲ့အချိန်မှာ ပန်မှာပေါ့ ဒါအဆန်းလား"

"ဟဲ ... ဟဲ ... ဟဲ ဟုတ်သားပဲ"

ဟု လှမော်က ရော၍ပြောလိုက်ကာ အဓိပ္ပာယ်ပါသော အပြုံးဖြင့် ကျွန်မကို ပြုံးပြလေ၏။ ကျွန်မလည်း လှမော်ပြုံးသော အပြုံးမျိုးကို ပြန်၍ ပြုံးပြလိုက်မိလေတော့၏။

ထိုအချိန်မှစ၍ လှမော်နှင့် ကျွန်မသည် ချစ်သူဘဝသို့ ရောက်ခဲ့ကြရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## ခွဲရဏန်း

မက်ထရစ်စာမေးပွဲအောင်သောနှစ်တွင် တင်မောင်မောင်က ဆေး ဘက်သို့ လိုက်၍ လှမော်က အင်ဂျင်နီယာဘက်သို့ လိုက်လေ၏။ ကျွန်မက တော့ ဘီအေ ဘီအက်စ်စီဘက်သို့ပင် လိုက်ခဲ့လေ၏။

တက်ရသောကျောင်းချင်း မတူသော်လည်း လှမော်နှင့် ကျွန်မ သည် မကြာမကြာ တွေ့ဖြစ်ကြလေ၏။

ထိုသို့ တွေ့ဖြစ်သောအခါများတွင် လှမော်သည် ကျွန်မကို ထူးထူး ခြားခြားစကားများ ပြောတတ်လေ၏။

"ခင်မကို ကိုမော် ပြောရဦးမယ်"

"ဘာများလည်း ကိုမော်ရဲ့"

"တင်မောင်မောင်တစ်ယောက် ဆေးကျောင်းရောက်ပြီးမှ တစ်မျိုး ဖြစ်လာတယ် ခင်မရဲ့"

"ဟင် ဘယ်လိုဖြစ်လာလို့လဲ ကိုမော်"

"ဟိုကွာ ကစ္ဆဲ့ကရနဲ့ ဟိုလေ ကိုမော်ကိုတွေ့ရင်လည်း တစ်မျိုးပဲ မွတ်သီးမွတ်သပ် သိပ်လုပ်တာပဲ ခင်မရဲ့"

"ဪ ကိုမော်ရယ် ကိုမော်တို့က ငယ်သူငယ်ချင်းတွေပဲဟာ



www.burmeseclassic.com

www.burmeseclassic.com



တရင်းတနှီးပြောဆိုနေထိုင်တာ ဖြစ်မှာပေါ့။ ပြီးတော့ တင်မောင်မောင်က ငယ်ငယ်ကတည်းက နူးနူးညံ့ညံ့ ပြောတတ်နေတတ်တယ် မဟုတ်လား"

"အင်း ခင်မမပြောတာလည်း ဟုတ်တော့ဟုတ်ပါတယ်။ ကိုမော် စိတ်ကထင်လို့ ဖြစ်မှာပါ"

"ဩော် ... ဒါနဲ့ ကိုမော်ရေ ခင်မက ကျောင်းပြီးကာတောင် နီးနေပြီနော်"

"ဟင် ဟုတ်သားပဲ။ ခင်မတွဲ့ရကာတောင် နီးနေပြီပဲ။ ကိုမော်က နောက်တစ်နှစ်ကျန်သေးတယ်"

"အဲဒါကို ကိုမော် ဘယ်လို စဉ်းစားထားလဲ"

"ဘာကိုလည်း ခင်မရဲ့"

"ဘာကိုရမှာလည်း ကိုမော်ရဲ့။ ကိုမော်နဲ့ခင်မ လက်ထပ်ဖို့ ကိစ္စလေ"

"အင်း ခင်မ မေးလာတော့လည်း ကိုမော် ပြောရတော့မှာပေါ့လေ"

"ဟင် ဘာကိုပြောရမှာလည်း ကိုမော်ရဲ့"

"ဖေဖေဟာ စက်မှုပညာကို၊ အင်ဂျင်နီယာပညာကို သိပ်စိတ်ဝင်စားတာ ခင်မရဲ့။ သူ့တုန်းက ပညာမတတ်ခဲ့လို့ ကားပြင်ဆရာပဲ ဖြစ်ခဲ့ရတာတဲ့။ ကိုမော့်ကျရင် ကားပြင်ရုံလောက်မကဘဲ ကားတွေကို ထုတ်လုပ်နိုင်တဲ့ အင်ဂျင်နီယာကြီးဖြစ်အောင် လုပ်ရမယ်လို့ မကြာမကြာပြောတယ် ခင်မရဲ့။

ဖေဖေ့ဆန္ဒတွေပဲ ဖြည့်ချင်လို့လားတော့ မသိပါဘူး။ ဖေဖေ့ဝပ်ရှော့မှာ အမြဲတမ်းလာပြီး ကားပြင်တဲ့ ဂျာမန်အင်ဂျင်နီယာကြီးတစ်ယောက် ရှိတယ်။

သူနဲ့ ဖေဖေနဲ့က သိပ်ခင်တာ။ တစ်နေ့ကျတော့ ဖေဖေက ကိုမော့် အပေါ်မှာထားတဲ့ သူ့ဆန္ဒကို ပြောပြလိုက်တယ်။ ဒီမှာတင် အဲဒီ ဂျာမန်အင်ဂျင်နီယာကြီးက ကိုမော့်ကို သူနဲ့ ထည့်လိုက်ပါ။ သူဂျာမဏီကို ခေါ်သွားမယ်။ ပြီးရင် ဂျာမဏီမှာ အင်ဂျင်နီယာပညာကို ထပ်သင်နိုင်အောင် လုပ်ပေးမယ်။ သူတာဝန်ယူတယ်လို့ ပြောတယ်။ အဲဒါကို ဖေဖေက သိပ်ဝမ်းသာနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ဘွဲ့ယူပြီးတာနဲ့ အဲဒီ ဂျာမန်ကြီးနဲ့ ဂျာမဏီကို လိုက်သွားပြီး ပညာ ထပ်သင်ဖို့ ပြောနေတယ်''

''ဟင် ဟုတ်လား။ ကိုမော့်ဆန္ဒကရော''

ကျွန်မက မေးလိုက်သောအခါ ...

''ကိုမော့်ဆန္ဒကတော့ ဖေဖေဖြစ်စေချင်တဲ့အတိုင်း လုပ်ပေးချင် တယ် ခင်မရယ်''

လှမော်က ပြောလေ၏။

''ကိုမော်လည်း ဆန္ဒရှိတယ်ဆိုရင် လိုက်သွားလေ''

ကျွန်မက ပြောလိုက်သောအခါ ...

''ကိုမော် လိုက်လည်းလိုက်သွားချင်တယ်။ ခင်မ ကိုမော့်ကို လွမ်း နေမှာလည်း စိုးရိမ်တယ်''

''ကိုမော်ကရော ခင်မကို မလွမ်းဘူးလား''

''ဟာ ကိုမော်လည်း လွမ်းမှာပေါ့ ခင်မရဲ့။ ဒါပေမယ့် ကိုမော်က ခင်မကို သနားတာပါ''

''ဩော် ကိုမော်ရယ်။ ကိုမော့်ဘဝတိုးတက်မှုကို ခင်မ မဟန့်တား ရက်ပါဘူးကွယ်။ ဒါပေမယ့် ပညာသင်ပြီးတာနဲ့ ခင်မဆီ ကိုမော် ချက်ချင်း ပြန်ခဲ့ရမယ်နော်''

''ဟာ ဒီအတွက်တော့ စိတ်ချပါခင်မရယ်။ ကိုမော့်ရင်ထဲမှာ ခင်မ တစ်ယောက်ကလွဲရင် ဘယ်သူ့ကိုမှ နေရာမပေးနိုင်ပါဘူးကွယ်။ ခင်မလည်း ကိုမော်ပြန်လာတဲ့အထိ စောင့်နေရမယ်နော်''

''စိတ်ချပါ ကိုမော်ရယ်။ ခင်မလည်း ကိုမော့်လိုပါပဲ။ ခင်မ ရင်ထဲ မှာ ကိုမော်ကလွဲရင် ဘယ်သူ့ကိုမှ နေရာမပေးနိုင်ပါဘူး''

''ဒါဆိုရင် ကိုမော် အရမ်းဝမ်းသာသွားပြီ ခင်မရယ်''

ပြောရင်း ကျွန်မတို့နှစ်ယောက် ပါးချင်းကပ်ထားလိုက်လေ၏။ ထိုအချိန်တွင် အင်းလျားရေပြင်ကို ဖြတ်တိုက်လာသော လေအေးစက်ကလေး ကျွန်မတို့နှစ်ယောက်ကို ဖြတ်သန်းတိုက်ခတ်သွားခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)
## ကြမ္မာစက်ဝန်း

တစ်ခါတစ်ရံ၌ လူ့ဘဝတွင် မထင်မှတ်ထားသော အရာတို့သည် ဖြစ်လာတတ်လေ၏။ လူမော် ဂျာမဏီသို့ ထွက်ခွာသွားပြီး သုံးနှစ်အကြာတွင် ကျွန်ုပ်မ၏ ဖေဖေသည် စီးပွားရေးများ ကျဆင်းခဲ့ရလေတော့၏။ ကုမ္ပဏီမှ ရှယ်ယာအချို့ထွက်သွားခြင်း၊ နိုင်ငံခြားသို့တင်ပို့သည့် ဆန်ဈေးများ ကျဆင်းလာခြင်းတို့ကြောင့် ဖေဖေ့ခင်မျာ အလွန်ပင်ပန်းခက်ခဲစွာ ရုန်းကန်ခဲ့ရလေတော့၏။

အကုသိုလ်တို့သည် ဝင်ပြီဆိုလျှင် အဖော်အပေါင်းနှင့် ဝင်တတ်သည့် သဘောရှိလေရာ ကုမ္ပဏီစီးပွားရေးထိုးကျနေသည့် အချိန်မှာပင် မေမေသည် အကြီးအကျယ် မမာမကျန်း ဖြစ်လေတော့၏။

ဖေဖေလည်း ငွေကုန်ကြေးကျခံကာ အမျိုးမျိုးကုသခဲ့သော်လည်း နောက်ဆုံးတွင် ငွေကုန်သံပြာဆိုသကဲ့သို့ ဖြစ်လဲ့ရလေ၏။ မေမေကွယ်လွန်သွားသောအခါ ဖေဖေသည် စိတ်ဓာတ်ပို၍ကျကာ လုပ်ငန်းများပို၍ ဆုံးရှုံးခဲ့ရလေတော့၏။

တစ်နေ့တွင် ဖေဖေသည် ကျွန်ုပ်မကိုခေါ်၍ ပြောပြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ဖေဖေတစ်ခုပြောစရာ ရှိတယ်သမီး။ ဖေဖေဟာ ဘာသာဘာရေးသားကုမ္ပဏီကို တည်ထောင်ပြီး အလုပ်လုပ်လာခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီမို့လား။ လုပ်ငန်းတွေလည်း အောင်မြင်ခဲ့တာ များပါတယ်။ အဲဒီလို အောင်မြင်နေခဲ့တုန်းကတော့ ဖေဖေဟာ ကိုယ့်ကိုကိုယ် သိပ်တော်တယ်လို့ ထင်ခဲ့တာသမီးရဲ့။ တကယ်တော့ ဖေဖေတော်တာက နည်းနည်းပါ။ ဖေဖေ ကံကောင်းနေခဲ့တာ သမီး။ ဒါ နောက်မှ ဖေဖေသိလာတာပေါ့လေ။

ဖေဖေ ဘာလုပ်လုပ် အကုန်ဖြစ်နေတဲ့ကာလတွေဟာ အခုတော့ ကုန်သွားခဲ့ပြီ သမီးရေ။ ဖေဖေလုပ်သမျှ ဘာမှမဖြစ်တဲ့အချိန်ကို ရောက်တော့မှပဲ ကံကြောင့်ဖြစ်ခဲ့တဲ့သဘောကို ဖေဖေနားလည်းခဲ့ရတယ်"

ပြောရင်းမှ ဖေဖေသည် ကျွန်မကို လှမ်း၍ ကြည့်လေ၏။ ဖေဖေ့အကြည့်သည် တစ်ခုခုကို ပြောရခက်နေသည့်ပုံစံ ဖြစ်နေလေ၏။

"ဟုတ်ကဲ့ ဖေဖေ ပြောပါ"

ကျွန်မက ဖေဖေကို စားခင်းပေးလိုက်သော အခါတွင်မှ ...

"ငါ့သမီးလည်း ဘွဲ့ရပညာတတ်ကြီးတစ်ယောက် ဖြစ်နေပြီပဲ။ ဖေဖေအခုပြောမယ့် စကားတွေကို ခေါင်းအေးအေးထားပြီး စဉ်းစားပါသမီး။

ဒီလိုပါ သမီး။ အဖေဖေအုပ်တွေ ဆုံးရှုံးကုန်တဲ့နောက်မှာ ကုမ္ပဏီကို အဓွန့်ရှည်အောင် နည်းလမ်းအမျိုးမျိုးနဲ့ ဖေဖေကြိုးစားပြီး ထိန်းခဲ့တယ်။ အဲဒီလို ထိန်းသိမ်းခဲ့ရတဲ့ အချိန်တွေမှာ လိုတဲ့ငွေတွေကို ဖေဖေ ဘယ်လိုရှာခဲ့ရတယ်ဆိုတာ သမီးသိလား"

"မသိပါဘူး ဖေဖေ"

"ဟုတ်တယ်။ သမီး မသိခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမီးသိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ တမင်ကို သမီးမသိအောင် လုပ်ခဲ့တာ။ ဒီအထဲမှာ သမီးမေမေကလည်း အကြီးအကျယ်မမာတဲ့အခါကျတော့ ဆေးဝါးကုသရေး စရိတ်ကလည်း မနည်းဘူးမဟုတ်လား။ ဒါတော့ သမီးသိပါတယ်။ အဲဒီတော့ လိုတဲ့ငွေတွေကိုရအောင် ဖေဖေဟာ ပောဒီခြံနဲ့အိမ်ကို သမီးငယ်ချင်း ဒေါက်တာတင်မောင်မောင်ဆီမှာ ပေါင်ခဲ့ရတယ်သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တင်မောင်မောင်ဆီမှာ ဟုတ်လား ဖေဖေ"

"ဟုတ်တယ် သမီး။ တင်မောင်မောင်က သူ့မိဘ၂ပါး ကွယ်လွန်သွားတဲ့အချိန်မှာ အဖေဘက်က ချမ်းသာသမျှနဲ့ အမေဘက်က ချမ်းသာသမျှကို သူတစ်ယောက်တည်း အမွေခံခဲ့ရတာဆိုတော့ အင်မတန်ကို ချမ်းသာသွားတာ သမီးရဲ့။ ဒီအထဲ ဆရာဝန်ကလည်းဖြစ်ပြန်ဆိုတော့ ပြောစရာမရှိအောင် ဖြစ်နေတာပေါ့ကွယ်"

"ဟုတ်တယ် ပြောပါ ဖေဖေ"

"အေး အဲဒါ ဖေဖေကလည်း ဒီခြံနဲ့တိုက်ကို ပြန်ပြီး မရွေးနိုင်အောင် ဖြစ်နေတော့ တစ်နေ့မှာ တင်မောင်မောင် ဖေဖေ့ကို လာတွေ့တယ်။

သူ ဘာပြောသလဲဆိုတော့ သမီးနဲ့ မောင်လှမော်နဲ့ဟာ ဖသာကြီးကျောင်းမှာကတည်းက မေတ္တာမျှနေကြတာပါတဲ့။ ဒါပေမယ့် မောင်လှမော်ဟာ ဂျာမဏီကို ပညာသင်ထွက်သွားတဲ့ အချိန်ကတည်းက အဆက်ပြတ်သွားတာ ဒီကနေ့အထိပဲတဲ့။ ဟိုတစ်လောက သူ့အဖေဝပ်ရှော့ဆရာကြီးဆုံးတာတောင် အဆက်အသွယ်မရအောင် ဖြစ်နေတယ်တဲ့။

မောင်တင်မောင်မောင် စုံစမ်းကြည့်တဲ့အခါကြတော့ မောင်လှမော်ဟာ ဟစ်တလာရဲ့ နာဇီတပ်ထဲကို ရောက်သွားတယ်လို့ သိရတယ်တဲ့။ ဒီကို ပြန်လာတော့မယ် မဟုတ်ဘူးတဲ့။

အဲဒီတော့ သမီးကို သူလက်ထပ်ပါရစေတဲ့။ မောင်လှမော်ဆိုတာကလည်း သူ့ငယ်သူချင်းဆိုတော့ သမီးနဲ့ မောင်လှမော်ရဲ့ ကိစ္စကို သူ ခွင့်လွှတ်ပါတယ်တဲ့ သမီးရယ်။ အဲဒါ သမီးဆန္ဒကို ဖေဖေသိချင်တယ်။ ပြီးတော့ ဖေဖေသဘောကိုပြောရရင်တော့ ပြန်လာဖို့မသေချာတော့တဲ့ မောင်လှမော်ကို စောင့်နေမယ့်အစား မောင်တင်မောင်မောင်ကိုပဲ လက်ထပ်လိုက်စေချင်တယ် သမီးရယ်။ ဒါမှလည်း ဟောဒီခြံနဲ့တိုက်ကို သမီးပဲ ဆက်ပြီး ပိုင်ဆိုင်ရမှာ မဟုတ်လား"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအနေနှင့် 'ရှင်' ဟု တစ်ခွန်းသာ ပြောနိုင်လေတော့၏။ ကျွန်မ ဘာလုပ်ရပါ့မလဲ။ ကျွန်မ ဘာများ တတ်နိုင်ဦးမလဲ။ ကျွန်မ စဉ်းစားရလေ၏။ နေ့တိုင်းပင် ကျွန်မ စဉ်းစားရပါလေ၏။ တစ်လတိတိစဉ်းစားပြီးသော အခါတွင်တော့ ကျွန်မ ခေါင်းညိတ်လိုက်ရလေတော့၏။

"ခင်မကို ခွင့်လွှတ်ပါတော့ ကိုမော်ရယ်"

ကျွန်မ ရင်ထဲမှ အဆက်မပြတ် တောင်းပန်မိလေ၏။

ဖေဖေနှင့် တင်မောင်မောင်သည် မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲကျင်းပရန် တိုင်ပင်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## အိမ်ထောင်သည်ဘဝ

မင်္ဂလာဆောင်ပြီးသောအခါ ရွှေလမ်း(ခတ္တာလမ်း)မှ တင်မောင်မောင်အမွေရသည့်တိုက်သို့ ကျွန်မ လိုက်ခဲ့ရလေ၏။ ကျွန်မတို့ တိုက်တွင်တော့ ဖေဖေသည် သူ့ညီမတစ်ယောက်ကို ခေါ်ထားသဖြင့် အဖော်ရသွားကာ မောင်နှမနှစ်ယောက် အိမ်ဖော်များနှင့်အတူ နေခဲ့ကြလေ၏။

မင်္ဂလာဦးညမှာပင် တင်မောင်မောင်သည် ...

"ခင်မမ နှင်းနဲ့ငါနဲ့ဟာ ငယ်သူငယ်ချင်းတွေ မဟုတ်လား။ အခုချိန် လင်မယားလည်း ဖြစ်နေကြပြီ။ ဒီတော့ ငါပိုင်သမျှ စည်းစိမ်ဥစ္စာဟာ နှင်းတစ်ဝက်ပိုင်ဆိုင်ခွင့် ရှိတာပေါ့။ ဒါ့ကြောင့် ဒီတိုက်ဟာလည်း နှင့်တိုက်ပဲ။ နှင်ကြိုက်သလို နေပါ။ ကြိုက်သလို သုံးပါ။ နှင် လိုသမျှငွေကို ငါ့ဆီမှာ တောင်းစရာမလိုအောင် နှင့် နာမည်နဲ့ ဘဏ်တစ်ခုမှာ ငါ စာရင်းဖွင့်ပေးထားမယ်။ နှင် ထုတ်ချင်တဲ့အချိန်မှာ ထုတ်သာသုံးပေတော့။

ပြီးတော့ နှင် နေဖို့အခန်းကိုလည်း အိမ်ပေါ်ထပ်မှာ သေသေချာချာ ပြင်ဆင်ထားတယ်။ စိတ်လွတ်ကိုယ်လွတ်နေပါ။ ဒီအိမ်က အိမ်ဖော်တွေကိုလည်း နှင် ကြိုက်သလို ခိုင်းနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အေး တစ်ခုပဲ နင်နဲ့ငါ စည်းကမ်းသတ်မှတ်ရမယ်။ အဲဒါကတော့ ငါ့ အိပ်ခန်းထဲကို နင် လုံးဝ မဝင်ပါနဲ့။ နင့် အိပ်ခန်းထဲကိုလည်း ငါ လုံးဝ မဝင်ဘူး"

ပြောလေရာ ကျွန်မသည် အံ့သြလွန်းသဖြင့် ဘာပြန်ပြောရမှန်းပင် မသိတော့ပေ။

သို့သော် ထိုနေ့မှစ၍ တင်မောင်မောင်နှင့် ကျွန်မသည် လက်ထပ်ထားသော်လည်း အကြင်လင်မယားအဖြစ်သို့ အရှင်းမရောက်ခဲ့ပေ။

ကျွန်မလည်း သွားချင်ရာသို့ သွားလာနေထိုင်ခွင့်ရှိကာ သူလည်း သူသွားချင်သွားလို့ သွားလာနေထိုင်လေတော့၏။ မနက်မိုးလင်းသည်နှင့် တင်မောင်မောင်သည် သူတာဝန်ကျသည့် ဆေးရုံကြီးသို့ ထွက်ခွာသွားကာ ညညဉ့်နက်မှ ပြန်လာလေ့ရှိလေ၏။

တစ်ခါတစ်ရံတွင် သူပြန်လာသည်ကိုပင် ကျွန်မ မသိခဲ့ပေ။ ကျွန်မ အိပ်ရာဝင်ပြီးချိန်မှသာ ပြန်လာလေ့ရှိသဖြင့် သူနှင့် ကျွန်မသည် စာဖတ်နေ၍မှ တစ်ခါမျက်နှာချင်း မဆိုင်မိကြပေ။

စနေ၊ တနင်္ဂနွေနေ့များတွင် တင်မောင်မောင်သည် မြို့ထဲတွင် ဖွင့်ထားသော သူ၏ ကိုယ်ပိုင်ဆေးတိုက်တွင် ထိုင်၍ လူနာကုသနေလေရာ သူ့တွင် အလုပ်ပိတ်ရက်ဟူ၍ တစ်ရက်မှ မရှိခဲ့ပေ။ တစ်ခါတစ်ရံတွင် မျက်နှာချင်းဆုံသောအခါတွင်တော့ ကျွန်မကို ပြုံးပြုံးရွှင်ရွှင်ပင် နှုတ်ဆက်စကားပြောတတ်ပါလေ၏။

"ဟဲ့ ခင်မမ ထမင်းစားပြီးပြီလား။ ဒါ နင့်အိမ်နော်။ နင် ကြိုက်တာကို ဒေါ်ထွေးတို့ကိုချက်ခိုင်း။ စားချင်တာစား၊ လွတ်လွတ်လပ်လပ်နေနော်"

ကျွန်မ စဉ်းစား၍မရသည်ကတော့ သူ ကျွန်မကို ဘာကြောင့် လက်ထပ်ခဲ့သည်ဆိုသော အကြောင်းပင် ဖြစ်လေ၏။

"အေးလေ တစ်နေ့နေ့တော့ အဖြေပေါ်မှာပေါ့" ဟုသာ ကျွန်မ တွေးလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် ကျွန်မသည် ဒေါက်တာတင်မောင်မောင်၏ဇနီး ဆရာ
န်ကတော်မခင်မမ ဖြစ်ခဲ့ရလေတော့၏။

ပါတီပွဲများ ပွဲလမ်းသဘင်များရှိလျှင်တော့ တင်မောင်မောင်သည်
ျွန်မကို ခေါ်၍ ပွဲတက်လေ့ရှိလေ၏။ ကျွန်မလည်း ရန်ကုန်မြို့ရှိ လူကုံထံ
ဿိုင်းအဝန်းတွင် ဂုဏ်သရေရှိသော ဆရာဝန်ကတော်တစ်ယောက် ဖြစ်နေ
ည်ကိုတော့ ကျွန်မ မငြင်းနိုင်ပါ။

ကျွန်မကို ဖေဖေမြင်ချင် တွေ့ချင်သော ဘဝသည် ဤသို့သော
ဘဝင် ဖြစ်ပေလိမ့်မည်ဟု ကျွန်မ တွေးမိလေ၏။

သို့သော် ဖေဖေသည် သူမြင်ချင် တွေ့ချင်သည့် ကျွန်မ၏ ဘဝကို
ကြာမတွေ့ခဲ့ရပါပေ။ ကျွန်မနှင့် တင်မောင်မောင် လက်ထပ်ပြီး တစ်နှစ်
ျော်ကျော်မျှာပင် ဖေဖေဆုံးသွားခဲ့လေ၏။

အမိပ္ပာယ်မဲ့စွာ ရွှေဘုံစံနေရသည့် ကျွန်မ၏ ဘဝကို ဖေဖေ
ုင်းသိမသွားခဲ့ပါ။ ကျွန်မကလည်း ဖေဖေစိတ်ဆင်းရဲမည်စိုးသဖြင့် ကျွန်မ၏
ဝကို ပြောပြရန် တစ်ခါမှ စိတ်ပင်မကူးခဲ့ပေ။

ဖေဖေမရှိသောအခါ ကျွန်မသည် ပို၍ အထီးကျန်အဖော်မဲ့ခဲ့ရလေ
 အလွန်ချမ်းသာသော ဆရာဝန်ကတော်။ သဌေးကတော်အဖြစ်ဖြင့်
ထောင်မကျသော အိမ်ထောင်သည်ဖြစ်ကာ ဘဝကို ဟန်ချက်မညီဘဲ
်သန်းနေရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ခင်မမနှစ်ယောက်

ကျွန်မဖေဖေရှိစဉ်က ကျွန်မသည် ဖေဖေ့ထံတွင် အနေများခဲ့သော်... ၏။ အိမ်တွင် တင်မောင်မောင်မရှိလို့ဟု အကြောင်းပြကာ ဖေဖေ့အိမ်... သာ သွား၍ နေခဲ့လေ၏။

တစ်ခါတစ်ရံတွင် ဖေဖေပြောသောစကားကြောင့် ကျွန်မမှာ ငိုး... ထက်ရယ်အားသန်ခဲ့ရလေတော့၏။

"သမီးရေ ဖေဖေမသေခင်မှာ မြေးကလေးဘာကလေး ချီချင်... တယ်ကွဲ့"

ဖေဖေက သူ့ရင်ထဲမှာ ဆန္ဒကို အရိုးခံအတိုင်း တောင့်တ... လေ၏။

ဖေဖေမရှိတော့သည့်အခါတွင် ဝင်ဆာလမ်းမှ ခြံနှင့်တိုက်ကို ... မောင်မောင်က ကျွန်မနာမည်ဖြင့် လွှဲပြောင်းခွင့်ပြုလေရာ ကျွန်မ၏ အ... ပြောင်း၍ ပြင်သစ်မိသားစုတစ်စုကို ငှားထားလိုက်လေ၏။

ထို့ကြောင့် ကျွန်မအတွက် သွားစရာနေရာ မရှိတော... ဖြစ်သွားလေရာ ကျွန်မမှာ အိမ်မှာပင် အနေများခဲ့လေ၏။

လူ့လောကတွင် လူတို့သည် အံ့ဩစရာအမျိုးမျိုး... ကြုံတွေ...



www.burmeseclassic.com

www.burmeseclassic.com



ကြလေ၏။ ထိုသို့ အံ့သြစရာများကြုံရလျှင် ကြက်သေသေ၍ သွားတတ်သည်အထိ ဖြစ်တတ်ကြလေ၏။

ကျွန်မ ကြုံတွေ့ရသော အံ့သြဖွယ်ရာ အဖြစ်အပျက်မှာ ကျွန်မ၏ ခစ်သက်နှင့်တစ်ကိုယ်တွင် လိပ်ပြာလွင့်သွားမတတ် အံ့သြလိုက်ရသော အိစ္စပင် ဖြစ်လေ၏။

အိမ်အပြင်တွင် နှင်းများ စောစီးစွာကျသော ညတစ်ညပင် ဖြစ်လေ၏။ ကျွန်မနှင့် အိမ်ဖော်များလည်း အေးသောကြောင့် စောစောစီးစီး အိပ်ယာဝင်ခဲ့ကြလေ၏။

ညဆယ့်တစ်နာရီခန့်တွင် ကျွန်မသည် တစ်ရေးနိုးလာလေရာ အပေါ့အပါးသွားရန် အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။ ကျွန်မ လှေကားတစ်ဆစ်ချိုးသို့ ရောက်သောအခါ ချောမောလှပသည့် မိန်းမငယ်ငယ်တစ်ယောက်သည် တင်မောင်မောင်၏ အခန်းထဲသို့ ဝင်သွားသည်ကို တင်မောင်မောင်၏ အခန်းမှ ထွက်နေသော မီးရောင်ဖြင့် မြင်လိုက်ရလေ၏။

ကျွန်မမှာ အံ့သြသွားရလေတော့၏။ တင်မောင်မောင်သည် ကျွန်မနှင့် မပေါင်းသင်းဘဲ နေခဲ့သည်မှာ အခြားမိန်းမများနှင့် ရှုပ်ထွေးနေသောကြောင့်ပေလားဟု တွေးလိုက်မိကာ တင်မောင်မောင်၏ အခန်းသို့သွား၍ ချောင်းမြောင်းကြည့်ရှုရန် ဆန္ဒဖြစ်ပေးလာပေတော့၏။ သို့သော် မိန်းမသားတစ်ယောက်အနေဖြင့် ယောကျ်ားတစ်ယောက်၏ အခန်းကို သွားရောက်ချောင်းမြောင်းရန် မသင့်လျော်ဟု တွေးမိပြန်လေ၏။

'အို ချောင်းကြည့်တော့ ဘာဖြစ်သလဲ။ ငါဟာ သူနဲ့ တရားဝင်လက်ထပ်ထားတဲ့ မိန်းမပဲ။ ငါနဲ့ လင်ယောကျ်ားတော်တဲ့သူတစ်ယောက်ဟာ အခြား မိန်းမတစ်ယောက်နဲ့ ဖောက်ပြားတာကို ငါ သိသင့်တာပေါ့။

ပြီးတော့ အခုလို မယားမဟုတ် ဘာမဟုတ်နဲ့ သူ့မိန်းမအဖြစ် ဟန်ဆောင်ခိုင်းလို လုပ်နေရတာထက်စာရင် သူဖောက်ပြန်တာကို လက်ပူးလက်ကြပ်မိအောင်ဖမ်းပြီး တရားဝင်ကွာရှင်းပစ်လိုက်တာကမှ ကောင်းလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကွဲလိုက်ရင် သူပိုင်တဲ့ စည်းစိမ်ဥစ္စာကို တစ်ဝက်မ...
တောင်မှ ရသင့်သလောက်တော့ ရမှာပဲ'

တွေးလိုက်ရင်း ကျွန်မကိုယ်ကျွန်မ ရဲစိတ်တင်းကာ လှေကား...
ဆင်းခဲ့မိလေတော့၏။ ပြီးလျှင် ခြေဖွနင်း၍ တင်မောင်မောင်၏ အခန်း...
သွားခဲ့လေ၏။

မတတ်မီးလုံး၏ အလင်းရောင် ဖျာထွက်နေသော ခပ်ဟဟတံခါး...
ကြားမှ အခန်းထဲသို့ ကျွန်မ ချောင်းကြည့်လိုက်မိလေ၏။

"ဟွာ"

ကျွန်မပါးစပ်မှ အသံအပြင်သို့ ထွက်မသွားမီမှာပင် ကိုယ့်လက်...
ကိုယ် ပိတ်လိုက်မိလေ၏။

"ဘုရား ဘုရား ဖြစ်မှဖြစ်ရလေ"

စိတ်ထဲမှ ရေရွတ်လိုက်မိလေ၏။ ကျွန်မတွေ့နေရသူမှာ တင်မောင်...
မောင်မှ တင်မောင်မောင်အစစ် ဖြစ်လေ၏။

တစ်မျက်နှာလုံး မိတ်ကပ်များလိမ်းချယ်ထားကာ ပါးနီ၊ နှုတ်ခမ်း...
များဆိုးထားပြီးလျှင် ဆံထုံးအတုတပ်ထားလေ၏။ ပြီးလျှင် မိန်းမဝတ်အင်္ကျီ...
နှင့် ထဘီတို့ကို အကျအနဝတ်ကာ ကုလားထိုင်တစ်လုံးတွင် မှီထိုင်ရင်း...
စီးကရက်တစ်လိပ်ကို မိန်းမများသောက်သည့်ဟန်ဖြင့် ဟန်ပါပါ သောက်...
လေ၏။

ပြူတင်းပေါက်တံခါးကို ဖွင့်ထားကာ နှင်းများကျနေသည့် အပြင်...
ဘက်သို့ငေး၍ ကြည့်နေလေ၏။

အထူးခြားဆုံးမှာ ကျွန်မနေ့စဉ်ပန်နေကျ နှင်းဆီပန်း ပန်းရောင်...
ကလေးမျိုးကိုပါ ပန်ထားသည်ကို တွေ့ရလေ၏။

ကျွန်မသည် ကိုမော်ကို ချစ်တဲ့ပြန်သည့်အနေဖြင့် နှင်းဆီ...
ပန်းရောင်တစ်ပွင့်ကို ပန်၍ ပြခဲ့လေ၏။ ထိုနေ့မှစ၍ ယနေ့တိုင်အောင်...
ကျွန်မသည် ပန်းရောင်နှင်းဆီပန်းတစ်ပွင့်ကို စွဲမြဲစွာပန်လေ့ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုနောက်ပိုင်းတွင် ကိုမော်ကို ပို၍ သတိရနေသည်ဖြစ်သောကြောင့် တစ်ရက်မပျက် နှင်းဆီပန်းကလေးကို ပန်ဆင်နေမိလေ၏။

'အလို ဘုရားရေ ဒါက ဘာသဘောပါလိမ့်'

ကျွန်မ ကြည့်နေစဉ်မှာပင် တင်မောင်မောင်သည် ခေါင်းလှည့်လိုက်လေရာ တတ်မီးရောင်ဖြင့် သူ့ဘယ်ဘက်ပါးပေါ်မှ အတုတပ်ထားသော စံပယ်တင်မှဲ့ကလေးကို တွေ့လိုက်ရလေရာ ကျွန်မသည် မွေးကတည်းက ပါလာခဲ့သော ကျွန်မ၏ ဘယ်ဘက်ပါးပေါ်မှ စံပယ်တင်မှဲ့ကလေးကို ယောင်၍ စမ်းလိုက်မိလေ၏။

ဒါ ဘာသဘောနဲ့ လုပ်တာပါလိမ့်။ သူဟာ ငါနဲ့တူအောင် ပြင်ဆင်ထားတာပဲ။ ကြည့်စမ်း အခုမှ သတိထားမိတော့တယ်။ သူ ဝတ်ထားတဲ့ အင်္ကျီနဲ့ထဘီဟာ ငါ သိပ်ကြိုက်လို့ မကြာမကြာထုတ်ဝတ်တဲ့ အင်္ကျီနဲ့ ထဘီမျိုးပါလား။ မတူတူအောင်ကို ဝယ်ထားတာများလား။ ဘုရား ဘုရား ယက်စသတ်တော့ တင်မောင်မောင်ဟာ မိန်းမလျာတစ်ယောက်ပဲ။ ဒါဆိုရင် ငါနဲ့ တူအောင် ဝတ်ဆင်ထားတာက ဘာသဘောလဲ"

တွေးရင်းမှ ကျွန်မသည် ခြေကိုဖော့၍နင်းကာ လှေကားမှ ပြန်၍ တက်ခဲ့ရလေတော့၏။ ကျွန်မအခန်းသို့ ပြန်ရောက်သောအခါ အိပ်မပျော်တော့ပဲ မျက်စေ့ကြောင်၍ နေလေတော့၏။

နောက်တစ်နေ့ မိုးလင်းသောအခါ တင်မောင်မောင်သည် ယောကျ်ားတစ်ယောက်ကဲ့သို့ ခန့်ခန့်ညားညားဝတ်ဆင်ကာ တည်တည်ကြည်ကြည်ပင် ဆေးရုံသို့ သွားလေ၏။

သူစီးနေကျဖြစ်သော မော်တော်ကားကို ခါတိုင်းလိုပင် ကိုယ်တိုင်မောင်း၍ သွားလေ၏။ ကားထဲသို့ မဝင်ခင်မှာ ကျွန်မကို လှမ်းမြင်လိုက်သည် ...

"ငါ ဆေးရုံသွားတော့မယ် ခင်မမရေ"

ကျွန်မကသာ တစ်ညလုံး အိပ်မပျော်ခဲ့သဖြင့် ခေါင်းများအုံနေသော ခေါင်းကို လေးတွဲ့စွာ ညိတ်ပြလိုက်မိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## လျှို့ဝှက်သောအရာ

တင်မောင်မောင်သည် အပြင်သို့သွားလျှင် သူ့အခန်းကို အမြဲတမ်း သော့ခတ်လေ့ရှိသော်လည်း ထိုနေ့က မေ့လျော့ကာ သော့ခလောက်ကို ချိတ်ရုံသာ ချိတ်သွားလေ၏။ နှိပ်၍ ပိတ်ထားခြင်း မရှိခဲ့ပေ။

ကျွန်မလည်း သူ့အကြောင်းကို သိချင်သောစိတ်ကို မည်သို့မျှ မျိုသိပ်မထားနိုင်တော့ဘဲ အိမ်ဖော်များအလစ်တွင် တင်မောင်မောင်၏ အခန်း ထဲသို့ ဝင်ရောက်ခဲ့လေတော့၏။

တင်မောင်မောင်၏ အခန်းထဲတွင် သူအိပ်သော တစ်ယောက်အိပ် ကုတင်တစ်လုံး မှန်ဗီရိုကြီးသုံးလုံး၊ စာရေးစားပွဲတစ်လုံး၊ သံသေတ္တာသုံးလုံး ကို တွေ့ရလေ၏။

ကျွန်မသည် အခန်းကို လှည့်ပတ်ကြည့်သောအခါ ...

"ဟင် ကိုမော်"

လွှတ်ခနဲ နှုတ်မှ ထွက်သွားလေတော့၏။

နံရံတစ်နေရာတွင် ပုံကြီးချဲ့၍ မှန်ကားသွင်းထားသော တင်မောင် မောင်နှင့် ကိုမော်တို့နှစ်ယောက်တွဲ၍ ရိုက်ထားသည့် ဓာတ်ပုံကြီးကို နံရံမှာ

www.burmeseclassic.com

www.burmeseclassic.com



ချိတ်ထားသည်ကို တွေ့ရလေ၏။ ကျွန်မလည်း ကိုမော့်ပုံကို ငေးကြည့်ကာ မျက်ရည်များ စီးကျလာမိလေတော့၏။

စားပွဲပေါ်တွင်တော့ အစိမ်းရောင် ငှက်ကလေးတစ်ကောင်ကို ရုပ်လုံးသွင်းထားသည်ကို တွေ့ရလေ၏။ ကျွန်မသည် ထိုငှက်ကလေးကို သေသေချာချာ ကြည့်မိလေ၏။ တကယ့်ငှက်အရှင်ကလေးတစ်ကောင်နှင့် မခြားဖြစ်နေလေရာ ရုပ်လုံးသွင်းသည့် လူ၏ ပညာစွမ်းကို မအံ့ဩဘဲ မနေနိုင်တော့ပေ။

ကျွန်မသည် စာအုပ်များထည့်ထားသည့် မှန်ဘီရိုအနီးသို့သွားကာ မြင်နေရသည့်အတွင်းမှ စာအုပ်များကို ဖတ်ကြည့်နေမိလေ၏။ တင်မောင်မောင်ဖတ်သော ဆေးစာအုပ်များ ဖြစ်လေ၏။

သို့သော် နောက်တစ်ထပ်တွင် ပုံရိုက်ထားသော စာအုပ်များမဟုတ်ဘဲ တင်မောင်မောင်ရေးထားသည့် မှတ်တမ်းစာအုပ်များ ဒိုင်ယာရီများကို တွေ့ရလေ၏။ ဒိုင်ရာယီစာအုပ်ကို ကျွန်မ ဆွဲထုတ်လိုက်လေ၏။

ပြီးလျှင် အတွင်းသို့ လှန်၍ ဖတ်လိုက်လေ၏။

*၁၉၃၈၊ စက်တင်ဘာလ၊ ၉ရက်*

*ချစ်သောအမော်*

*ဒီကနေ့ဆိုရင် အမော့်နဲ့တင်တင်တို့ ခွဲနေခဲ့ရတာ ငါးနှစ်တောင် ပြည့်ခဲ့ပြီနော်။ တင်တင်လေ အမော့်ကို တစ်ရက်မှ မမေ့ဘူးကွယ်။*

ကျွန်မလည်း တင်မောင်မောင်ရေးထားသော ဒိုင်ယာရီမျက်နှာကို ဖတ်လိုက်မိသောအခါ ...

အမော်ဆိုတာ ဘယ်သူပါလိမ့်။ ခွဲနေရတာ ငါးနှစ်ရှိပြီဆိုတော့ ဒင် ဒါ ကိုမော့်ကို ပြောတာပါလား။ ဘုရား ဘုရား တင်တင်ဆိုတာက ဘယ်သူပါလိမ့်။ အလို ဘုရားရေ တင်မောင်မောင်က သူ့ကိုသူ မိန်းမတစ်ယောက်လို သဘောထားပြီး တင်တင်လို့ ရေးထားတာပါလား"

ကျွန်မ ဒိုင်ယာရီကို ဆက်ပြီး ဖတ်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမော်ရယ် အမော့်ကို တင်တင်လေ ဟိုငယ်ငယ်လေးကတည်းက ချစ်ခဲ့မိတာပါ။ အတိအကျပြောရရင်တော့ တင်တင့်အချစ်က ခင်မေအချစ်ထက် စောပါတယ် အမော်ရယ်။ အမော့်ကို ဟိုကောင်မ၊ ခင်မေချစ်တယ်ဆိုတာ တင်တင်ချစ်တဲ့အချစ်နဲ့ နှိုင်းယှဉ်လိုက်ရင် သမုဒ္ဒရာနဲ့ ရေတွင်းကလေးလောက်ကွာတယ်လို့ တင်တင်ထင်တယ် အမော်။

တင်တင်လေ အမော့်ကို ဘယ်မိန်းမနဲ့မှ အုန်းစက်ရာယှဉ်တွဲခွင့် မပြုနိုင်ဘူး။ ဒါကြောင့် အမော်ပြန်လာတော့မယ်လို့ သတင်းကြားတာနဲ့ ဟိုကောင်မကို မရ ရအောင် လက်ထပ်ပစ်လိုက်တယ်။

ဒီလို လွှတ်နိုင်အောင်လည်း ဟိုကောင်မရဲ့အဖေကို အစောကြီးကတည်းက ငွေတွေထုတ်ပေးပြီး မျှားခဲ့ရတာ။

ဒါပေမယ့်အမော်ရယ် ပြန်လာမယ်သာ ကြားရပြီး ဒီနေ့အထိပြန်မလာတော့ တင်တင်လေ ရွှေလည်တိုင်မော့ရှိး ကျိုးမတတ် မျှော်နေခဲ့ရပါတယ်။

တင်တင် လွမ်းလှပါပြီ အမော်ရယ်။

အောင်မလေး ဖြစ်မှဖြစ်ရလေ ကိုမော်ရယ်။ မိန်းမလျှာကြီးတစ်ယောက်နဲ့ ခင်မက လင်လုဘက်တွေ ဖြစ်နေပါပေါ့လား။

ဘုရား ဘုရား ဒါဆိုရင် တင်မောင်မောင်ဟာ ငါနဲ့ကိုမော် မရအောင် တမင်တကာ ခွဲတာပဲပေါ့။ ရက်စက်လိုက်ပါဘိ တင်မောင်မောင်ရယ်။

ဒီအတိုင်းဆိုတော့ ကိုမော်ပြန်မလာတော့ဘူးလို့ ဖေဖေ့ကို သူပြောတာဟာ သက်သက်မဲ့ လိမ်တာပဲ။ တော်တော်ကို ယုတ်မာတဲ့ တင်မောင်မောင်ပါလား။

ငါ ဒီကောင်ကို ဘာလုပ်ရင် ကောင်းမလဲ။ ကိုမော်လည်း ပြန်လာတော့မယ်ဆိုတော့ ကိုမော်အလာကို စောင့်တာပဲ ကောင်းလိမ့်မယ်ထင်တယ်။ ကိုမော်ပြန်ရောက်လာမှပဲ တိုင်ပင်ပြီး လုပ်သင့်တာလုပ်ရင် ကောင်းလိမ့်မယ်။ အခုတော့ ဒီအတိုင်းပဲ မသိချင်ဟန်ဆောင်နေတာ ကောင်းလိမ့်မယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဪော် ဒါကြောင့် သူက ငါနဲ့တူအောင် စံပယ်တင်မဲ့အတုတတ်၊ ...လိုဝတ်စား၊ ငါပန်သလိုပန်းရောင်နှင်းဆီပန်းကို ပန်ထားတာကိုး။

အေးလေ နေနှင့်ဦးပေါ့ တင်မောင်မောင်ရယ်။ တစ်နေ့တော့ ငါ့ ...ကြောင်းကို နင် ကောင်းကောင်းသိရမှာပါ''

ကျွန်မ တစ်ယောက်တည်း ပြောလိုက်ရင်းမှ ဒိုင်ယာရီစာအုပ်ကို ...က်ရာ၊ ခြေရာမပျက်အောင် ပြန်၍ ထားလိုက်လေ၏။ ပြီးလျှင် အိမ်ဖော် ...၏ အရိပ်အခြည်ကိုကြည့်ကာ တင်မောင်မောင်၏ အခန်းထဲမှ ပြန်၍ ...က်လာခဲ့လေတော့၏။

ထိုနောက်တော့ ကျွန်မသည် ခြံထဲသို့ ဆင်းလာကာ ပန်းရုံနံဘေးမှ ...တန်းကလေးတွင် တစ်ယောက်တည်း ထိုင်နေလိုက်လေတော့၏။ ကျွန်မ ...် ခေါင်းပေါ်တွင်တော့ လိပ်ပြာကလေးတွေ ဝဲပျံနေကြလေ၏။

'ဪော် အကုသိုလ်ကြီးလှချည့်လား ခင်မမရယ်'

ကျွန်မကိုယ်ကျွန်မ အပြစ်တင်နေမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## ဆံပင်နီနီ ရထားသမား

တစ်ရက်တွင် ကျွန်မသည် ဘုရားကပ်ရန် ခြံထဲမှ ပန်းကလေးများကို လိုက်၍ ခူးနေလေ၏။ ထိုအချိန်မှာပင် ခြံဝ၌ ရထားတစ်စီးရပ်ကာ ဆံပင်နီနီ၊ အသားမဲမဲနှင့် ရထားမောင်းသူတစ်ယောက် ခြံထဲသို့ ဝင်လာလေ၏။

အင်္ဂလိုအင်ဒီးယန်းပုံစံရှိသော ရထားသမားသည် ကျွန်မအနီးသို့ လျှောက်လာကာ ...

"မခင်မမလား"

မေးလေ၏။ ကျွန်မက ရထားသမားကို အကဲခတ်ရင်းမှ ...

"အေး ဟုတ်တယ်။ ဘာကိစ္စလဲ"

ထိုအခါ ဆံပင်နီနီနှင့် ရထားသမားသည် သူ၏ ဘလေကာကုတ်အင်္ကျီဟောင်းဟောင်းကြီး၏ အိတ်ထဲမှ စာခေါက်ကလေးတစ်ခုကို ထုတ်၍ ပေးလေ၏။

"ဟင် ဒါ ကိုမော်လက်ရေးပါလား။ ကိုမော် ပြန်ရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ် မခင်မမ။ လူမော်ဆပ် ပြန်ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း ဝမ်းသာအားရ စာကို ဖွင့်၍ ဖတ်လိုက်သောအခါ
ခင်မ
ကိုမော်ဆီ အခုလာခဲ့ပါ။

စာကလေးကသည်မျှပင် ဖြစ်၏။ ကျွန်မလည်း အိမ်ထဲသို့ ချက်ချင်းပြေးဝင်လာကာ အပေါ်ထပ်ရှိ ကျွန်မ အိပ်ခန်းသို့ တန်းဝင်ခဲ့လေ၏။ အဝတ်အစားကို ကမန်းကတန်း လဲလိုက်ပြီးလျှင် ...

"မိအေးရေ ငါ ကိစ္စလေးတစ်ခုရှိလို့ အပြင်ကို သွားလိုက်ဦးမယ်။ ငါနဲ့ ကျောင်းနေဖက်သူငယ်ချင်းကို ရိုစီထွန်းကျော် နေမကောင်းလို့တဲ့"

"ဪ ဟုတ်ကဲ့ မမလေး"

မိအေးက ပြန်ပြောလေ၏။ ကျွန်မလည်း ခြံဝတွင် အသင့်စောင့်နေသော ရထားပေါ်သို့ ခပ်မြန်မြန် တက်လိုက်လေ၏။ ရထားသည် ရှောလမ်း (ခတ္တာလမ်း)မှ ထွက်ကာ ရှမ်းလမ်းအတိုင်းမောင်း၍ ဗားကရာလမ်းပေါ်သို့ ဆောင်ဒရီလမ်း (ဓမ္မစေတီလမ်း)အတိုင်း မောင်းလာလေ၏။ ကပ္ပလီ ကွက်သစ်ကို ကျော်၍လာပြီးလျှင် ရထားသည် ခြံဝန်းတစ်ခုထဲသို့ ချိုးဝင်ခဲ့လေ၏။

ရထားရပ်လိုက်သောအခါ ရထားသမားလည်း အိမ်ထဲသို့ လက်ပြကာ ...

"အိမ်ထဲကို ကြွပါ မခင်မမ"

ကျွန်မလည်း ခြံထဲမှ တစ်ထပ်တိုက်ကလေးထဲသို့ ဝင်လာခဲ့လေ၏။ ဧည့်ခန်းမှ ခန်းစီးကို မ၍ ကြည့်လိုက်သောအခါ ဆိုဖာခုံကြီးတစ်လုံးတွင် ထိုင်နေသည့် ဆံပင်နီနီနှင့် လူတစ်ယောက်ကို တွေ့ရလေ၏။

"ဟင် ဘယ်လိုဖြစ်တာလဲ"

ကျွန်မ နှုတ်မှယောင်၍ ပြောလိုက်မိလေ၏။ ဆိုဖာပေါ်မှ ဆံပင်နီနီနှင့်လူသည် ကျွန်မကို ခေါ်လာခဲ့သည့် ရထားသမားနှင့် ရုပ်ချင်းခွဲမရအောင် တူနေသည့်အပြင် ဝတ်စားထားသော အဝတ်အစားများမှာလည်း တစ်ပုံစံတည်း ဖြစ်နေလေ၏။

ကျွန်မလည်း အံ့သြပြီး ငေးကြည့်နေစဉ်မှာပင် ကျွန်မအား ခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့် ရထားသမားသည့် ညွှန်ခန်းထဲသို့ ဝင်လာလေတော့၏။ ပြီးလျှင် မလှမ်းမကမ်း၌ ရပ်ကာ ပြုံး၍ ကြည့်လေ၏။

"ဘယ်မှာလဲ ကိုမော်"

ကျွန်မက မေးလိုက်သောအခါ ကျွန်မကို ခေါ်လာသော ရထားသမားက သူ၏ ခေါင်းမှ အနီရောင်ဆံပင်တုကို ဆွဲဖြုတ်ကာ မျက်နှာ လက်ကိုင်ပုဝါတစ်ထည်နှင့် ပွတ်လိုက်လေ၏။

"ဟင် ကိုမော် ဒီပညာတွေ ဘယ်တုန်းက တတ်ထားတာလဲ ခင်မကိုလာခေါ်တာ ကိုမော်ကိုယ်တိုင်ပေါ့ ဟုတ်လား"

"မှတ်တယ် ခင်မ ကိုမော် ဂျာမနီမှာ နာဇီတွေနဲ့အတူ နေခဲ့တုန်းက သူတို့သင်ပေးတဲ့ ရုပ်ပြောင်းရုပ်လွှဲပညာလေ"

ကိုမော်က သူ့ပုံစံအတိုင်း ခပ်အေးအေးပင် ပြောလေ၏။ ထိုအချိန်တွင် ဆံပင်နီနီလူက ...

"ကျွန်တော်က ရထားသမား အစစ်ပါ"

ပြောရင်း ထွက်သွားလေတော့၏။

ကျွန်မလည်း ကိုမော့်ရင်ခွင်တွင်မှီကာ အားရပါးရ ငိုချလိုက်လေတော့၏။

"တိတ်ပါ ခင်မရယ်။ ဘယ်လိုဖြစ်ကုန်တယ်ဆိုတာသူ ကိုမော်ကို ပြောပြစမ်းပါ"

ကိုမော်က ပြောလေ၏။ အရာရာကို ခွင့်လွှတ်ရန် အဆင်သင့် ရှိသော ချစ်သူ၏ ဖြူစင်သောစိတ်ကို ကျွန်မသည် သိပြီးသားပင် ဖြစ်၏။ ကျွန်မသည် ဖေဖေစီးပွားပျက်သည်မှစ၍ တင်မောင်မောင်၏ ဒိုင်ယာ အကြောင်းအထိ တစ်ခုမကျန် ပြောပြလိုက်လေရာ ကိုမော်သည် အံ့ဩ သဖြင့် ဘာပြောရမှန်းမသိအောင် ဖြစ်နေလေတော့၏။

"ခင်မ ပြောလို့သာ ကိုမော်ယုံတာ ခင်မရဲ့။ တခြားလူသာပြော ဒီအဖြစ်အပျက်တွေဟာ ဘယ်လိုမှ ယုံစရာရှိမှာ မဟုတ်ဘူး။ ခြော် မောင်မောင် မင်းကို ဘယ်လိုနားလည်ရမှန်တောင် မသိတော့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခင်မရေ ဒီကောင်ဟာ လူကို သတ်ပစ်တဲ့အထိတောင် ကြံစည်နိုင်တယ်နော် ခင်မ သတိနဲ့သာနေပေတော့"

"ခင်မကို စိတ်ချ ကိုမော်။ ကိုမော်ပြန်ရောက်တာ သာ သူမသိစေနဲ့။ သိရင်တော့ ဘာတွေထပ်ပြီး ကြံစည်ဦးမယ် မသိဘူး"

"အဲဒါကြောင့် ကိုမော် ဒီလို ရုပ်ဖျက်ထားတာပေါ့ ခင်မရဲ့။ ကိုမော့်ကို မပူနဲ့။ ကိုမော် အခုလို ရုပ်ဖျက်တာမျိုး ရုပ်ပေါင်းတစ်ရာအထိ လုပ်တတ်တယ်။ ခင်မသာ သတိထား။ ကျန်တာတော့ ကိုမော် ကြံစည်ပါ့မယ်"

ကျွန်မလည်း ထိုနေ့က သိပ်ကြာကြာမနေဖုံသဖြင့် ပြန်လာခဲ့ရလေ၏။ ပြန်လာသောအခါတွင်တော့ တကာယ်ဆံပင်နီသမားအစော်က ကျွန်မကို လိုက်ပို့ခဲ့လေတော့၏။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## အဆိပ်လိပ်ပြာ

BURMESE CLASSIC

တစ်ညတွင် ကျွန်မသည် ညေ့ခန်း၌ ထိုင်၍ ဓာတ်စက်နားထောင်နေစဉ် တင်မောင်မောင် ဆေးခန်းမှ ပြန်ရောက်လာလေ၏။

ကျွန်မလည်း မမှောင်းတတ်သဖြင့် နှုတ်ဆက်ရလေ၏။

"တင်မောင်မောင် နင် ဒီည ဆေးခန်းက ပြန်တာစောလှချည်လား"

"နေကောင်းပါတယ်။ နင့်ကို မေးစရာရှိလို့ စောစောပြန်လာတာ" တင်မောင်မောင်က ပြောလေ၏။

"ငါ့ကို မေးစရာရှိတယ် ဟုတ်လား။ ကဲ ဘာမေးချင်လို့လဲ မေးလေ"

ကျွန်မက ပြောလိုက်သောအခါ တင်မောင်မောင်သည် ကျွန်မ ဖွင့်ထားသော ဓာတ်စက်ကို ပိတ်လိုက်ကာ ဆိုင်ခုံအလွတ်တစ်ခုတွင် ဝင်၍ ထိုင်လေ၏။

"ခင်မမ နင်နဲ့ငါ လက်ထပ်ပြီးကာစက ငါ ပြောခဲ့တယ် မဟုတ်လား။ နင့်အခန်းကိုလည်း ငါမလာဘူး။ ငါ့အခန်းကိုလည်း နင်မလာရဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်လေ။ အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒီစကားကို နင်မေ့သွားလို့လား"

"ဘာဖြစ်လို့လဲ တင်မောင်မောင် စကားကို ရှင်းရှင်းပြောပါ"

ဟု ကျွန်မက ခပ်တင်းတင်း ပြောလိုက်မိလေ၏။

"ငါ ဘယ်တုန်းက ဝင်လို့လဲ။ နင့်အခန်းကိုဝင်ဖို့ ငါ စိတ်တောင် မကူးဘူး သိလား"

"အေး စိတ်ကမကူးပေမယ့် လူက ကူးလို့ ငါပြောတာ ခင်မမ။ ငါ့အခန်းထဲမှာ နင့်ခေါင်းက အမြဲတမ်းပန်နေကျ ပန်းရောင်နှင်းဆီပန်းကလေး ကျကျန်ခဲ့တယ်။ အဲဒါ နင်သိလား။ အဲဒီနေ့က ငါ အခန်းသော့ပိတ်ဖို့ မေ့သွားခဲ့တယ်။ အဲဒါကို အခွင့်ကောင်းယူပြီး နင် ဝင်စပ်စုခဲ့တာ မဟုတ်လား"

"ငါ မဝင်ဘူး။ အဲဒါ ငါ့ပန်း မဟုတ်ဘူး တင်မောင်မောင် နင့်ပန်း။ နင်ပန်တဲ့ ပန်းဟဲ့"

ကျွန်မက စိတ်ဆိုးပြီး ပြောလိုက်မိလေ၏။ ပြောလိုက်ပြီးမှ ကျွန်မ စကားမှားသွားသည်ကို သိလိုက်ရလေတော့၏။ သို့သော် လွန်သွားခဲ့ပြီလေ။

"ဘာ နင်က ဒီလောက်တောင် သိနေမှကိုး။ ငါ့အကြောင်းတွေကို ဒီလောက်တောင် စပ်စုပြီးနေမှပဲ"

ဟု ခေါင်းညိတ်ကာ ပြောလေ၏။ ပြီးလျှင် မျက်နှာကို တင်းလိုက်ကာ ...

"အေး နင်သိမှတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောရတော့မှာပေါ့လေ။ နင် ဒီတံစ်သက်လူမော်ကို မရစေရဘူး။ လူမော်ကလည်း နင့်ကို မယူစေရဘူးဟေ့ ခင်မမရေ။ လူမော် ရန်ကုန်ကို ပြန်ရောက်နေတာ ငါသိတယ် ခင်မမ။ နင်တို့က အ.အလို့ ထင်နေသလား။ ဆံပင်နီနီနဲ့ လူတစ်ယောက် ငါ့နောက်ကို အမြဲလိုက်နေတာ ငါသိတယ်။ အဲဒါ လူမော်လွှတ်ထားတဲ့သူဆိုတာ ငါ ကောင်းကောင်းသိတယ်။ နင့် အရိပ်အခြည်ကို ငါမသိချင်ယောင်ဆောင်ပြီး ကြည့်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ နင့်ကို နောက်ဆုံး သတိပေးမယ်။ နင် နားထောင်။ နင်ဟာ ငါနဲ့ တရားဝင်လက်ထပ်ထားတဲ့ ငါ့မိန်းမ။ နင့်အကောင်လူမော်က နင့်ကို အတင်းခေါ်သွားရင်တောင် မယားခိုးမှုနဲ့ တရားစွဲပြီး ငါ ထောင်ချပစ်မယ်။

အဲဒါ နင် သတိကျပ်ကျပ်ထားပါ။ ငါ ပြောထားရက်သားနဲ့မှ ငါ့ စကားနားမထောင်ရင် လူမော့်ကို နင် ပြောလိုက်။ နင့်ကို လူတော့ မပေါင်း ရဘူး အလောင်းပဲပေါင်းရမယ်လို့ ကြားလား။ ငါ လူကောင်းကောင်းသတ် တတ်ပါတယ် ခင်မမရယ်။ လက်သည်မပေါ်အောင်ကို ငါ သတ်တတ်တယ်။ အဲဒါကို နင် ဘယ်တော့မှ မမေ့နဲ့ ကြားလား။

ဒီနေ့ကစပြီး ခြံကို အစောင့်တွေ ချလိုက်ပြီး နင်အိမ်ထဲက အိမ်ပြင် ထွက်ခွင့် မရှိတော့ဘူး

ပြောကာ ခြေဆောင့်၍ ဧည့်ခန်းမှ ထွက်သွားလေတော့၏။ တင်မောင်မောင် ဧည့်ခန်းမှ ခြေဆောင့်၍ ထွက်သွားသည့်ပုံမှာ တကယ့်မိုက် တစ်ယောက်ပုံစံပင် ဖြစ်လေ၏။

ကျွန်မလည်း အိမ်ပေါ်ထပ်သို့ ပြေးတက်ကာ ကျွန်မ အခန်းထဲသို့ ဝင်၍ အားရအောင် ငိုချလိုက်မိလေတော့၏။

ဤသို့ဖြင့် ကျွန်မသည် အိမ်အပြင်သို့ ထွက်ခွင့်မရှိတော့ဘဲ အပေါ် ထပ်နှင့် အောက်ထပ်ကိုသာ သွားခွင့်ရလေတော့၏။

အိမ်အောက်ထပ်တွင် ကျွန်မ မသိသော ဗလကောင်းကောင်းလူ တစ်ယောက်က အိမ်တံခါးဝတွင် ကုလားထိုင်တစ်လုံးချထိုင်နေကာ ကျွန်မ သွားလာလှုပ်ရှားမှုကို မျက်ခြည်မပြတ်ကြည့်၍ နေလေတော့၏။

အိမ်အပေါ်ထပ်မှ လှမ်း၍ ကြည့်လိုက်သောအခါတွင် ခြံထဲ၌လည်း သစ်ပင်ရိပ်အောက်တွင် လူနှစ်ယောက်သည် ကုလားထိုင်များနှင့် ထိုင်နေကာ ခြံဝသို့ အမြဲကြည့်၍နေသည်ကို တွေ့ရလေ၏။

ထိုလူသုံးယောက်သည် တင်မောင်မောင်ချထားမည့်ဆိုသော အ စောင့်များပင် ဖြစ်ပေလိမ့်မည်ဟု ကျွန်မ တွေးလိုက်မိလေ၏။ ဤပုံစံအတိုင်း ကျွန်မသည် တစ်ပတ်တိတိ နေခဲ့ရလေတော့၏။

---



www.burmeseclassic.com

www.burmeseclassic.com



ကိုမော် ချိန်းထားသောနေ့တွင်လည်း ကျွန်မသည် လုံးဝမသွားနိုင်ခဲ့တော့ပေ။ ခြံရှေ့လမ်းပေါ်မှဖြတ်၍ မောင်းသွားသော ဆံပင်နီနီရထားသမားတစ်ယောက်ကိုတော့ တစ်ခါတရံတွင် ရိပ်ခနဲ မြင်လိုက်ရလေ၏။

တနင်္ဂနွေနေ့တစ်နေ့တွင်တော့ တင်မောင်မောင်သည် ဘယ်ကိုမှ မသွားဘဲ အိမ်တွင်သာ ရှိနေလေ၏။ သူအိမ်မှာ ရှိနေသောကြောင့် ဖြစ်ပေလိမ့်မည်။ ခါတိုင်းလာနေကျ အစောင့်သုံးယောက်လည်း တစ်ယောက်မှ ရောက်မလာကြတော့ပေ။

တင်မောင်မောင်သည် ခြံထဲရှိ ဂုံထိုး၍ စိုက်ထားသော စက္ကူပန်းရုံကလေးအောက်တွင် ကုလားထိုင်နှစ်လုံးချထား၍ တစ်လုံးတွင် သူထိုင်၍နေလေ၏။ သူ့ရှေ့တွင်လည်း ခုံပိုင်းပုကလေးတစ်လုံးကို ချထားကာ ကော်ဖီခွက်ကို တင်၍ သောက်နေလေ၏။

ပြီးလျှင် သူရိယသတင်းစာတစ်စောင်ကို စိတ်ပါလက်ပါနှင့် ဖတ်နေသည်ကို တွေ့ရလေ၏။ ကျွန်မသည် ဧည့်ခန်းထဲတွင် ထိုင်၍ မသိမသာ အကဲခတ်နေမိလေ၏။

တင်မောင်မောင်သည် လူကသာ သတင်းစာဖတ်နေသော်လည်း ခြံဝသို့ မကြာမကြာ လှမ်း၍ ကြည့်နေသည်ကို ကျွန်မ သတိထားမိလေ၏။ သူ့ပုံစံကို ကြည့်ရသည်မှာ ဧည့်သည်တစ်ယောက်လာမည်ကို သိထား၍ဖြင့် မျှော်နေသည့် ပုံစံမျိုး ဖြစ်လေ၏။

ခြံထဲတွင်တော့ မာလီကိုထွန်းသည် မြက်ညှပ်သည့် ကတ်ကြေးဖြင့် အလှစိုက်ထားသော မြက်ခင်းကလေးကို ညှပ်၍ ပြင်ဆင်နေလေ၏။

"ဟာ ကိုထွန်းရေ ဒီမှာ ကြည့်စမ်းပေါ့။ လိပ်ပြာကြီးတစ်ကောင် လှလိုက်တာဟယ်"

တင်မောင်မောင်၏ မိန်းမဆန်သည့် အသံဖြင့် အော်ပြောသံကို ကျွန်မ ကြားလိုက်ရလေ၏။

"ဟာ ဟုတ်သားပဲ ဒေါက်တာ။ လှလိုက်တာဗျာ ကျွန်တော့်တစ်သက်မှာ ဒီလောက်ကြီးပြီး လှတဲ့ လိပ်ပြာမျိုးကို တစ်ခါမှတောင် မတွေ့ဘူးပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျာ။ ဟော ဟော ဒေါက်တာ့ပခုံးမှာတောင် နားနေလိုက်သေးတယ်ဗျာ အံ့ရော"

ကိုထွန်း၏ ပြန်ပြောသံကို ကြားလိုက်သောအခါ ကျွန်မသည် ညည်းခန်းလိုက်ကာကြားမှ မသိမသာ ချောင်း၍ ကြည့်လိုက်မိလေ၏။

"ဟာ ဟုတ်ပါရဲ့ လှလိုက်တဲ့ လိပ်ပြာကြီး"

ကျွန်မနှုတ်မှ ယောင်၍ ပြောလိုက်မိလေ၏။ အနီနှင့်အဖြူပြောက်များပါသော အလွန်ကြီးသည့် အနက်ရောင် ဆင်လိပ်ပြာကြီးတစ်ကောင်သည် တင်မောင်မောင်၏ ပခုံး[illegible]တွင် နားနေသည်ကို ကျွန်မတွေ့ရလေ၏။

တင်မောင်မောင်သည် လိပ်ပြာကြီးကို သဘောကျစွာ ပြုံး၍ ကြည့် နေသည်ကို တွေ့ရလေ၏။ ခဏနေလျှင် ကိုထွန်းလည်း မြက်များကို ဆက်၍ ညှပ်နေလေတော့၏။ ကျွန်မလည်း သူရိယသတင်းစာအဟောင်းတစ်စောင်ကို ယူ၍ ဖတ်နေမိလေတော့၏။

"အား အမလေး"

ဟူသော တင်မောင်မောင်၏ အော်သံကြီး ရုတ်တရက်ထွက်ပေါ်လာလေရာ ကျွန်မသည် လန့်သွားကာ လက်ထဲမှ သူရိယသတင်းစာပင် လွတ်ကျသွားလေတော့၏။

"ဟာ ဒေါက်တာ ဘာဖြစ်လို့လဲ။ ဟင် လိပ်ပြာကိုက်သွားတယ် ထင်တယ်။ ဟော လိပ်ပြာကြီး ပျံသွားပြီ"

ကိုထွန်းတစ်ယောက်တည်း အော်ဟစ်ပြောဆိုသံကို ကြားလိုက်သောအခါ ကျွန်မသည် လိုက်ကာကြားမှ ခြံထဲသို့လှမ်းကြည့်လိုက်လေ၏။

စောစောက တွေ့လိုက်သော လိပ်ပြာကြီးသည် ခြံအပြင်ဘက်သို့ ပျံထွက်သွားသည်ကို ကျွန်မလည်း လှမ်း၍ မြင်လိုက်ရလေ၏။

တင်မောင်မောင်သည် သူ့လည်ပင်းကို လက်ဝါးဖြင့် အုပ်၍ကိုင်ကာ ကုလားထိုင်ပေါ်မှ မြေကြီးပေါ်သို့ ထိုးကျသွားသည်ကို တွေ့ရလေ၏။

ကိုထွန်းလည်း တင်မောင်မောင်ဆီသို့ ပြေးသွားလေ၏။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ဒေါက်တာ"

တင်မောင်မောင်ကို ပွေ့ထူလေ၏။ ကျွန်မလည်း လန့်သွားကာ

"မအေးတို့ ဒေါ်ထွေးတို့ လာကြပါဦး။ ဟိုမှာ တင်မောင်မောင် ဘာဖြစ်လို့လဲ မသိဘူး"

ကျွန်မက အော်လိုက်လေရာ ...

အိမ်နောက်ဖက်မှ မအေးနှင့် ဒေါ်ထွေးတို့ ပြေးထွက်လာကြပြီး လျှင် ...

"ဘာဖြစ်လို့လဲ မမလေး"

ကျွန်မလည်း ကယောင်ကတမ်းဖြင့် ခြံထဲသို့ လက်ညှိုးထိုးပြလေ ရာ မအေးနှင့် ဒေါ်ထွေးလည်း ခြံထဲသို့ ပြေးထွက်သွားလေတော့၏။

ထိုအချိန်မှာပင် ...

"မမလေးရေ မမလေး မြန်မြန်လာပါဦး။ ဒေါက်တာ အသက်မရှိ တော့ဘူးဗျ။ စောစောက လိပ်ပြာကြီးက အဆိပ်ရှိတဲ့ လိပ်ပြာကြီးထင်တယ်။ ဒေါက်တာ့ကို ကိုက်သွားပြီးဗျို့"

ကိုထွန်းက ငိုသံကြီးနှင့် အော်၍ ပြောလိုက်လေရာ ကျွန်မပါ ခြံထဲသို့ ပြေးထွက်ခဲ့လေတော့၏။

စက္ကူပန်းရုံတင်ထားသော ဂုံးကလေး၏အောက်တွင်တော့ တစ်ကိုယ်လုံး ပြာနှမ်းနေပြီးလျှင် ကွေးကွေးကလေး လဲနေသော တင်မောင်မောင် ၏ အလောင်းကို တွေ့ရလေ၏။

မအေးရော ဒေါ်ထွေးပါ အော်၍ ငိုနေကြလေတော့၏။ ကျွန်မ လည်း သူငယ်ချင်းတစ်ယောက် မျက်စေ့ရှေ့တွင် ယခုကဲ့သို့ ပိုးစိုးပက်စက် ဖြစ်သွားသောအခါ စိတ်မကောင်းဖြစ်၍ မျက်ရည်များ ကျမိလေတော့၏။

ထိုအချိန်မှာပင် ခြံရှေ့မှ ဖြတ်၍ မောင်းသွားသော ရထားတစ်စီး၏ အသံကို ကျွန်မ သတိထားလိုက်မိလေ၏။

ခဏအကြာတွင်တော့ မအေးနှင့် ဒေါ်ထွေး၏ အော်ဟစ်ငိုမှုများ ကြောင့် အသံကို ကျွန်မ သတိထားလိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင်တော့ မအေးနှင့် ဒေါ်ထွေး၏ အော်ဟစ်ငိုသံများ ကြောင့် အိမ်နီးချင်းများပါ ရောက်လာကြကာ ...

"ဖြစ်မှဖြစ်ရလေ ဒေါက်တာရယ်။ အဆိပ်ရှိတဲ့ လိပ်ပြာကိုက်တယ် ဆိုတာ တစ်ခါမှကို မကြားဖူးပါဘူးဗျာ။ ဒါ သွေးရိုးသားရိုးသေတာ မဟုတ် ဘူး ဒေါက်တာကတော်လေး။ ဒီတော့ ကြည့်မြင်တိုင်က အိုးဘိုဂါတ်ကို အကြောင်းကြားရမယ်။ အလောင်းကို မရွှေ့နဲ့ ဒီအတိုင်းထား"

ဟု ပြောကြကာ အိုးဘိုဂါတ်သို့ အကြောင်းကြားလိုက်ကြလေ၏။ မကြာမီမှာပင် အိုးဘိုဂါတ်မှ ဌာနအုပ်နှင့် ပုလိပ်သားများ ရောက်လာကြကာ အလောင်းကို ကြည့်ကြလေ၏။

ပြီးလျှင် စီအိုင်ဒီသို့ အကြောင်းကြားကာ စီအိုင်ဒီမှ အင်စပိတ်တော် များပါ ရောက်လာကြလေတော့၏။ စီအိုင်ဒီမှ အင်စပိတ်တော်များနှင့်အတူ အရပ်မြင့်မြင့်၊ ရုပ်ချောချောနှင့် မေးစေ့ဘယ်ဘက်တွင် မှဲ့နက်ကလေးတစ်လုံး ပါရှိသည့် လက်ဖတင်နင်သံပဟိတ်ဟု ခေါ်ကြသော လူတစ်ယောက်ပါ ပါလာ လေ၏။

လက်ဖတင်နင်သံပဟိတ်ဟု အခေါ်ခံရသည့် စုံထောက်ဖြစ်ဟန်ရှိ သောသူသည် အိမ်ထဲသို့ဝင်ကာ တင်မောင်မောင်၏ အခန်းသို့ ကြည့်ရှုစစ် ဆေးလေ၏။

ပြီးလျှင် နံရံမှ ဓာတ်ပုံကို အကြာကြီးစိုက်ကြည့်ကာ ...

"ဆရာဝန်တင်မောင်မောင်နဲ့ တွဲရိုက်ထားတဲ့သူက ဘယ်သူလဲဗျ"

ကျွန်မကို မေးလေ၏။

"အဲဒါ တင်မောင်မောင်သူငယ်ချင်း လူမော်ပါ"

ကျွန်မက ဖြေသောအခါ ...

"အခု သူ ဘယ်မှာနေသလဲ"

"သူက ဒီမြန်မာပြည်မှာ မရှိပါဘူးရှင်။ နိုင်ငံခြားတိုင်းပြည်တစ်ပြည် မှာ နေတာပါ"

"ဘယ်တိုင်းပြည်လဲ"



www.burmeseclassic.com

www.burmeseclassic.com



လက်ဖတင်နင်သံဟိတ်က မေးလေ၏။

"ဂျာမဏီလို့ ပြောတာပဲရှင်"

ကျွန်မက ဖြေလိုက်သောအခါ ထိုသူသည် ဘာမှ ပြန်မပြောတော့ဘဲ အခန်းထဲကိုသာ လှည့်ပတ်၍ ကြည့်လေ၏။

ပြီးလျှင် ခြံထဲသို့ ပြန်ဆင်းသွားကာ မြေပြင်သို့လျှောက်၍ ကြည့်နေလေ၏။

မာလီကိုထွန်းကိုတော့ အင်စပိတ်တော်များ ပုလိပ်များက တစ်ယောက်ပြီးတစ်ယောက် စစ်ဆေးမေးမြန်းနေလေတော့၏။

လက်ဖတင်နင်သံဟိတ်ကတော့ ကိုထွန်းကို ...

"လိပ်ပြာကြီးက ဘာရောင်လဲ၊ ဘယ်ဘက်ကို ပျံထွက်သွားသလဲ"

နှစ်ခွန်းသုံးခွန်းသာ မေး၍ ပြန်သွားလေ၏။ နောက်ဆုံးတွင်တော့ တင်မောင်မောင်၏ အလောင်းကို ဆေးရုံကြီးမှ အလောင်းသယ်သည့် ကုလားများရောက်လာကာ သယ်ယူသွားကြလေတော့၏။ ကျွန်မလည်း ချက်ချင်းပင် မုဆိုးမဘဝသို့ ရောက်သွားခဲ့ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## ကိုလူမော်၏ ဖြောင့်ချက်

### အခန်း (၁)

### သူယော်ချင်းသုံးယောက်

ကျွန်တော်လူရယ်လို့သိလာသည့် အချိန်ကတည်းကစ၍ ကျွန်တော့်အဖေဦးထွန်းလှသည် ဖခင်ကဲ့သို့တစ်မျိုး၊ မိခင်ကဲ့သို့တစ်ဖုံ ကျွန်တော့်အပေါ်တွင် မေတ္တာအပြည့်ပေးခဲ့လေ၏။

အချို့သော ဖခင်များသည် သားသမီးများအပေါ်၌ ဖခင်မေတ္တာကို ပင် ပြည့်ပြည့်ဝဝ မပေးနိုင်ကြပေ။ ကျွန်တော်၏ ဖခင်မှာ ထိုကဲ့သို့သော ဖခင်များနှင့် နှိုင်းယှဉ်၍ ကြည့်ခဲ့လျှင် လွန်စွာမှ အံ့သြစရာကောင်းနေပေတော့၏။

ကျွန်တော့်ဖခင် ဦးထွန်းလှသည် ဘော်အင်ဒရီလမ်းတွင် မြေကြီးတစ်ကွက်ကိုငှားကာ ဝပ်ရှော့ထောင်ထားသူ ဖြစ်လေ၏။ ထိုခေတ်ထိုအခါကဆိုလျှင် ကျွန်တော့်ဖခင်၏ ဝပ်ရှော့သည် လွန်စွာမှ နာမည်ကြီးရေပန်းစားသော ဝပ်ရှော့တစ်ခုပင် ဖြစ်လေ၏။ ထွန်းလှဝပ်ရှော့ဟူ၍လည်းကောင်း၊ ဘော်လှ ဝပ်ရှော့ ဟူ၍လည်းကောင်း ခေါ်ကြပြီးလျှင် အင်္ဂလိပ်၊ ပြင်သစ်၊ ဩစတြေးလျ၊ ဂျာမန်၊ ကုလား၊ တရုတ်၊ မြန်မာ အားလုံးသော ကားပိုင်ရှင်များ၏ အားကိုးပြုရသော ဝပ်ရှော့တစ်ခုပင် ဖြစ်လေ၏။

---

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ဝပ်ရှော့တွင် ဆီပျောက်၊ မီးပျောက်မှ စ၍ ကားအင်ဂျင်လဲ သည်အထိ အားလုံးပြုလုပ်ပေးသည်ဖြစ်ရာ တစ်နေရာထဲမှာပင် အားလုံးပြီး သဖြင့် မော်တော်ကားပိုင်ရှင်များသည် သူတို့ကားတစ်ခုခုဖြစ်သည်နှင့် ဖေဖေ့ ဆီသို့သာ တန်း၍ လာကြလေတော့၏။

ဖေဖေသည် အင်္ဂလိပ်စကားနှင့် ကုလားစကားကို ကျွမ်းကျင်စွာ ပြောနိုင်သူဖြစ်လေရာ လူမှုဆက်ဆံရေးတွင် အခြားဝပ်ရှော့ဆရာများထက် တစ်ပန်းသာ၍ နေလေတော့၏။

ဖေဖေ၏ ထူးခြားချက်မှာ ကားပြင်သည့်အလုပ်ကို စားဝတ်နေရေး အတွက် ပြုလုပ်သည်သာမကဘဲ ဝါသနာအရ ပြုလုပ်ခြင်းလည်း ဖြစ်လေ၏။ ဖေဖေသည် စက်နှင့်ပတ်သက်သော အကြောင်းအရာကို အလွန်စိတ်ဝင်စား သူတစ်ယောက် ဖြစ်လေ၏။

ကားပြင်သော အတတ်ပညာကို ရေနံချောင်းတွင်နေစဉ် ခပ်ငယ် ငယ်ကတည်းက ကုလားစက်ဆရာကြီးတစ်ယောက်ထံတွင် တပည့်ခံ၍ စနစ် တကျ သင်ကြားယူခဲ့ခြင်း ဖြစ်လေ၏။ ကျွန်တော်၏ မိခင်မှာ ကျွန်တော် မီးတွင်းမှာကတည်းက သေဆုံးသွားခဲ့ရလေရာ ကျွန်တော့်မှာ အမေကို မြင်ပင် မမြင်ဖူးခဲ့ပေ။

ထိုသို့ မိတဆိုးသားကလေးဖြစ်သဖြင့်လည်း ဖခင်ကြီးက ကျွန် တော့်ကို ပို၍ သနားကရုဏာထားခြင်း ဖြစ်လေ၏။ ဖခင်ကြီးက ကျွန်တော့် အပေါ် ထားသောဆန္ဒမှာ ကျွန်တော်အရွယ်ရောက်လျှင် ခေတ်ပညာတတ် တစ်ယောက်ဖြစ်ရုံမကဘဲ အင်ဂျင်နီယာပညာကို တစ်ဘက်ကမ်းခတ် တတ် မြောက်သူဖြစ်စေချင်ခြင်းပင် ဖြစ်လေ၏။

ထိုရည်ရွယ်ချက်ဖြင့် ကျွန်တော့်ကို ဖာသာဂျီးဇက်ကျောင်းတွင် ကျောင်းထားပေးခဲ့ခြင်း ဖြစ်လေ၏။ ကျွန်တော်ကလည်း ဖခင်ကြီးကို အလွန် ချစ်ခင်သူဖြစ်လေရာ ဖခင်ကြီးဖြစ်စေချင်သည့် အင်ဂျင်နီယာတစ်ယောက်ဖြစ် ရေးကို ငယ်စဉ်ကပင် ဦးတည်၍ ကြိုးစားခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်တော်သည် ကျောင်းတွင် စာတော်သောသူများ အုပ်စုတွင် ပါဝင်ခဲ့သူ ဖြစ်လေ၏။ ကျောင်းကွန်ဆတ်များ ကသောကာခါတွင်လည်း အမြဲလိုပင် ပါဝင်ခဲ့ရလေ၏။ ဆရာများ၏ မျက်နှာသာပေးခြင်းကို ခံရသူဖြစ်လေရာ အသင်းအဖွဲ့တိုင်းတွင် ပါဝင်ခဲ့ရလေ၏။ ဤသို့ဖြင့် ကျွန်တော့်တွင် သူငယ်ချင်းများစွာ ရှိခဲ့လေတော့၏။

ထိုသူငယ်ချင်းများစွာရှိသည့်အထဲမှ ကျွန်တော်သည် တင်မောင်မောင်နှင့် ခင်မမကို အထူးပင် ခင်မင်ခဲ့လေ၏။ တင်မောင်မောင်သည် စမ်းချောင်းရပ်ရှိ ရှောလမ်း(ခတ္တာလမ်း)တွင် နေထိုင်ကာ ဖိုဒ်ကားလေးဖြင့် ကျောင်းတက်သူ ဖြစ်လေ၏။ တင်မောင်မောင်၏ မိဘများသည် ကျောက်ကုန်သည်များဖြစ်ကာ အလွန်ပင် ချမ်းသာကြွယ်ဝကြလေ၏။

တင်မောင်မောင်ကလည်း အသားဖြူဖြူ နှာတံပေါ်ပေါ်၊ မျက်လုံးခပ်ဝိုင်းဝိုင်းကလေးများနှင့် မိန်းမချောချောသူတစ်ယောက် ဖြစ်လေ၏။ စကားပြောလျှင်လည်း ခပ်တိုးတိုး၊ ခပ်ပျော့ပျော့ကလေးပြောကာ စာလည်း အလွန်တော်သဖြင့် အရွယ်ရောက်စ ကောင်မလေးများက တင်မောင်မောင်ကို အရေးပေးကြသော်လည်း တင်မောင်မောင်သည် မည်သူ့ကိုမျှ အရေးမလုပ်ဘဲ ကျွန်တော့်ကိုသာ ထူးထူးခြားခြား ခင်လေ၏။

ကျောင်းတွင် ခင်မမ၊ တင်မောင်မောင်နှင့် ကျွန်တော်သည် အတွဲဆုံးဖြစ်လေရာ ကြာလေရင်းနီးလေ ဖြစ်ခဲ့ကြလေတော့၏။

သို့သော် တင်မောင်မောင်သည် အလွန်မှ အရှက်အကြောက်ကြီးသူ ဖြစ်လေ၏။

ကျွန်တော်တို့နေသော ဘောင်ဒရီခြံကြီးထဲသို့ လာလည်သည့်အခါတွင် ကျွန်တော်နှင့်အတူတူ မည်သည့်အခါမှ ရေမချိုးပေ။ မည်မျှပူလောင်အိုက်စပ်သည်ဖြစ်စေ ပေ၍နေပြီးလျှင် သူ့အိမ်ပြန်ရောက်မှ ရေချိုးလေ၏။

ခြံထဲတွင် ကျွန်တော်ရေချိုးနေသည့်အခါတွင်လည်း မည်သည့်အခါမှ မကြည့်ဘဲ သစ်ပင်အကွယ်တွင်သာ ထိုင်နေတတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးထံတွင် မော်တော်ကားအမြဲတမ်းပြင်သည့် အင်္ဂလိပ်အရာရှိကြီးတစ်ယောက်က ကျွန်တော်ငှက်ပစ်ရန် လေသေနတ်ကလေးတစ်လက် ပေးထားလေရာ ကျွန်တော်သည် ပျင်းသည့်အခါများတွင် ခြံထဲ၌ ငှက်ပစ်လေ့ရှိလေ၏။ တစ်ခါမှာတွင် ကျွန်တော်ငှက်ပစ်နေစဉ် တင်မောင်မောင် ရောက်လာလေ၏။

ပြီးလျှင် ကျွန်တော်ငှက်ပစ်သည်ကို လာ၍ ကြည့်လေ၏။ ကျွန်တော်က သူ့ကို လေသေနတ်ပစ်ခိုင်းသော်လည်း တင်မောင်မောင်သည် ခေါင်းကိုသာ ခါပြလေ၏။

"ဘာဖြစ်လို့လဲ တင်မောင်မောင် ပစ်ရင်းနဲ့ လက်တည့်လာမှာပေါ့ကွ။ ရော့ပါ ပစ်လေ"

ကျွန်တော်က သေနတ်ပေးသော်လည်း တင်မောင်မောင်သည် သေနတ်ကို တွန်းဖယ်ပစ်လေ၏။

"ဟော့အေး ငါ မပစ်ချင်ဘူး။ အဲဒီ သေနတ်တွေ၊ ဓားတွေကို ငါ စိတ်မဝင်စားပါဘူး လူမော်ရယ်"

"ကဲ ဒါဆိုရင်လည်း ငါ ပစ်တာကိုသာ မင်းကြည့်ပေတော့။ ငါ ဘယ်လောက်လက်တည့်တယ်ဆိုတာ ပြရသေးတာပေါ့ကွာ"

ကျွန်တော်က ပြောရင်း သစ်ပင်များပေါ်သို့ မော့ကြည့်ကာ ငှက်များကို ရှာကြည့်လေ၏။

ထိုစဉ်တွင် ...

"ရှီး ရှီး"

ငှက်တစ်ကောင်၏ အဆက်မပြတ် အော်ဟစ်သံကို ကျွန်တော်ကြားရလေရာ သစ်ပင်များပေါ်သို့ မော့၍ ရှာရလေတော့၏။

ကျွန်တော်တို့နေသော ဘောင်ဒရီလမ်းမှ ခြံကြီးသည် ရှေးဟောင်းခြံကြီးတစ်ခုဖြစ်လေရာ အလွန်ကြီးမားသော သစ်ပင်ကြီးများ ရှိလေ၏။ အချို့နေရာများတွင် သစ်ကြီးဝါးကြီးများ၏ အရိပ်ကြောင့် နေပြောက်ပင်မထိုးအောင် ရှိလေ၏။ အင်ပင်၊ ကညင်ပင်ကြီးများ၊ ကုက္ကိုပင်ကြီးများ ပိတောက်



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးများ၊ မြားဆိပ်ပင်ကြီးများ၊ သရက်ပင်များ၊ မရမ်းပင်များ၏ အရိပ်အာဝ သသည် တကယ့်တောကြီးတစ်ခုလိုပင် အေးမြလှလေ၏။

ကျွန်တော်သည် အဆက်မပြတ်အော်နေသည့် ငှက်ကလေးကို လိုက်၍ ရှာနေရာမှ မကြာမီတွင် ပိတောက်သီးပြားပြားကလေးများကို ထိုး ဆိတ်စားနေသည့် ခပ်စိမ်းစိမ်းအရောင်ရှိသော ငှက်ကလေးကို တွေ့လိုက်ရ လေ၏။

ကျွန်တော်လည်း လေသေနတ်ကလေး၏ ဒင်ကို ပခုံးတွင်ထောက် ကာ ပိတောက်ပင်မှ ငှက်ကလေးကို ချိန်လိုက်လေ၏။

ကျွန်တော် ပြုလုပ်နေသမျှကို တင်မောင်မောင်သည် ငေးကြည့်နေ လေတော့၏။ သေနတ်ပြောင်းဝနှင့် ချိန်ကွင်းကလေးကို တည့်မတ်စွာ ချိန်မိ သောအခါ ကျွန်တော်၏ လက်သည် သေနတ်ခလုတ်ကို ဆွဲညှစ်လိုက်လေ တော့၏။

"ဖြောင်း"

"ပိတောက်ပင်ပေါ်မှ ငှက်စိမ်းကလေးသည် လွင့်ထွက်သွားကာ ပိတောက်ရွက်များကို တိုးတိုက်ကာ ပြုတ်ကျလာလေတော့၏။

"ဘုတ်"

တင်မောင်မောင်သည် ငှက်ကလေးကျလာသော နေရာသို့ ပြေး လေ၏။ ကျွန်တော်လည်း မုဆိုးကြီးအလန်ကွာတာမိန်း၏ဟန်ဖြင့် သေနတ်ကို ပခုံးပေါ်တွင် ဟန်ပါပါထမ်းကာ အောင်ပွဲရစစ်သူကြီးပမာ တစ်လှမ်းချင်း လှမ်း၍ လာခဲ့လေ၏။

တင်မောင်မောင်သည် ဆန့်ငင်၊ ဆန့်ငင်ဖြစ်နေသော ငှက်ကလေး ကို လက်ခုပ်ထဲတွင် ထည့်ထားကာ ခေါင်းကြီးငုံ့၍ နေလေ၏။

"ကဲ မြင်ပြီမို့လား တင်မောင်မောင်။ ငါ့လက် ဘယ်လောက်ဖြောင့် တယ်ဆိုတာ ပြောပြဖို့တောင် မလိုတော့ပါဘူးကွာ"

ကျွန်တော်က ဝမ်းသာအားရဖြင့် ခပ်ကြွားကြွားပြောလိုက်လေ၏ သို့သော် တင်မောင်မောင်ထံမှ မည်သည့်စကားမှ ပြန်လည်ပြောကြားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မကြားရသဖြင့် ကျွန်တော်သည် တင်မောင်မောင်ကို လှမ်းကြည့်လိုက်လေရာ ငှက်ကလေးကို ကြည့်၍ တသိမ့်သိမ့်ငိုရှိုက်နေသော တင်မောင်မောင်ကို တွေ့ လိုက်ရလေရာ ကျွန်တော့်မှာ လွန်စွာ အံ့သြသွားမိလေတော့၏။

"ဟင် ဘာ့ဖြစ်လို့လဲ တင်မောင်မောင် ဟင် မင်း ဘာဖြစ်လို့လဲ"

ကျွန်တော်က မျာမျာသလဲ မေးလိုက်သောအခါ ...

"သနားလို့"

ငိုရင်း ဖြေလိုက်သော တင်မောင်မောင်၏ အဖြေကို ကြားရသော အခါ ကျွန်တော်သည် ဟန်မဆောင်နိုင်တော့ပဲ တအားအော်၍ ရယ်လိုက်လေ တော့၏။

"အေးပေါ့ နင်ကတော့ ရယ်နိုင်တာပေါ့လေ။ နင်က ပစ်တဲ့သူကိုး။ အပစ်ခံရတဲ့ ငှက်ကလေးကတော့ တဆတ်ဆတ်ခါအောင် နာကျင်ပြီးမှ သေသွားရတာဟဲ့ လူမော်ရဲ့။ နင် တော်တော်ရက်စက်ပါလား"

တင်မောင်မောင်က ပြောသောအခါ ကျွန်တော်က ကျွန်တော် ဖတ်ထားသော အင်္ဂလိပ်ဝတ္ထုများထဲမှ ကမ္ဘာကျော်မုဆိုးကြီး အလန်ကွာတာ မိန်း အကြောင်းများကို ပြောပြလေရာ တင်မောင်မောင်သည် နှုတ်ခမ်းမဲ့၍

"ငါ အဲဒီ လူရမ်းကားကြီးတွေအကြောင်း နည်းနည်းမှ စိတ်မဝင်စား ဘူး လူမော်။ ငါ ကြားလည်း မကြားချင်ဘူးဟယ်။ ဒီငှက်ကလေးဟာ ငါ့ လက်ထဲမှာ အသက်ကုန်သွားတာ ငါ အရမ်းခံစားနေရတယ်။ ဒီငှက်သေ ကလေးကို ငါ ယူသွားမယ်။ ပြီးရင် ဒယ်ဒီ့ဒရိုင်ဘာကိုအုန်းကို ရုပ်လုံးသွင်း ခိုင်းပြီး ငါ သိမ်းထားမယ်"

"အေးပါ ယူသွားပါ။ ငါ ပေးလိုက်ပါ့မယ်။ ငါ မင်းအတွက် အမှတ်တရ ပစ်ပေးတဲ့ ငှက်ကလေးပေါ့ တင်မောင်မောင်ရယ်"

"တော်စမ်းပါ လူမော်ရယ်။ ငါ နင့်ကို တစ်ခုတောင်းပန်ထားချင် တယ်။ နောင်ကို ငါလာလည်တဲ့အချိန်မှာ နင် ဟောဒီသေနတ်ကို မကိုင်ပါနဲ့ ဒီမြင်ကွင်းမျိုးကို နောက်တစ်ခါမြင်ရရင် ငါ စိတ်ဆင်းရဲလွန်းလို့ သေအောင် သေသွားနိုင်တယ် နင် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ။ ငါ ကတိပေးပါတယ်။ မင်းလာလည်တဲ့အခါဆိုရင် ငါ ငှက်မပစ်တော့ပါဘူး။ မင်းစိတ်က ဒီလောက်နူးညံ့မှန်း ငါ မသိလို့ပါ"

ကျွန်တော်က ပြောသောအခါ ...

"ဟုတ်တယ် လူမော် ငါ့ နှလုံးသားတွေဟာ အရမ်းကိုနူးညံ့လွန်းတယ်။ ငါလည်း အဲဒီလို မဖြစ်ချင်ပါဘူးဟာ။ နင်တို့လိုပဲ ယောကျ်ားပီပီသသ ဖြစ်ချင်ပါတယ်။ ဒါပေမယ့် မရဘူး လူမော်ရယ်။ ငါ့ဘဝအကြောင်းပဲ ထင်ပါရဲ့"

မျက်နှာငယ်လေးနှင့် ပြောနေသော တင်မောင်မောင်၏ စကားများသည် ဘာကိုဆိုလိုမှန်း ကျွန်တော် နားမလည်ခဲ့ပေ။ ခဏကြာသောအခါ တင်မောင်မောင်တို့အိမ်မှ ကားကလေးလည်း တင်မောင်မောင်ကို ကြိုရန် ရောက်လာလေရာ တင်မောင်မောင်သည် ကျွန်တော်ပစ်ချခဲ့သော ငှက်သေကလေးကို ယူ၍ ပြန်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

## စံပယ်တင်၏ချစ်သူ

သို့ဖြင့် ကျွန်တော်တို့တတွေသည် တစ်နှစ်ပြီးတစ်နှစ် အသက်များ ကြီးလာခဲ့လေရာ တဖြည်းဖြည်းနှင့် အရွယ်ရောက်လာခဲ့လေတော့၏။

အရွယ်ရောက်လာသည်နှင့်အမျှ ခင်မမသည် အလှသွေးများ ကြွယ်လာခဲ့လေတော့၏။ ဖာသာကျိုးဇက်ကျောင်းတစ်ခုလုံးတွင် ဟိုက်စကူးဖိုင် နယ်မှ စံပယ်တင်မွှဲကလေးနှင့် ခင်မမဟုပြောလျှင် မသိသူမရှိတော့အောင် ခင်မမလှခဲ့လေ၏။

ခင်မမကို ပိုးချင်၊ ပန်းချင်သူ များပြားလှသော်လည်း တင်မောင် မောင်နှင့် ကျွန်တော်က အနားတွင် အမြဲရှိနေခဲ့သည်ဖြစ်ရာ ခင်မမအနီးသို့ မည်သူမျှ မကပ်ရဲခဲ့ကြတော့ပေ။

"ကောက်ရိုးပုံစောင့် ခွေးနှစ်ကောင်"

ကျွန်တော်နှင့် တင်မောင်မောင်ကို စောင်းမြောင်းခေါ်တတ်ကြလေ ၏။ တင်မောင်မောင်၏ စိတ်ထဲတွင် မည်သို့ရှိမည်ကို မသိသော်လည်း ကျွန်တော်၏ စိတ်ထဲတွင်တော့ စိုးရိမ်စိတ်တစ်ခုဝင်၍ နေလေ၏။

ထိုစိုးရိမ်စိတ်မှာ အခြားမဟုတ်ဘဲ တခြားသူတစ်ယောက်၏ လက်ထဲသို့ ခင်မမပါသွားမည်ကို စိုးရိမ်မိခြင်း ဖြစ်လေ၏။

ထိုသို့ စိုးရိမ်သောစိတ်သည် ရင်ထဲတွင် ပျောက်ကွယ်သွားသည်



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မရှိဘဲ တဖြည်းဖြည်းသာ ကြီးထွားလာလေတော့၏။ ကျွန်တော်၏ ရင်ထဲတွင်လည်း ယခင်ကကဲ့သို့ ပေါ့ပါးလန်းဆန်း၍ မနေဘဲ တင်ကျပ်ကျပ်ကြီး ဖြစ်နေလေရာ နောက်ဆုံးတွင် ကျွန်တော်သည် ခင်မမကို ချစ်နေပြီဖြစ်ကြောင်း သတိထားမိလေတော့၏။

ကျွန်တော်သည် တင်မောင်မောင်အပေါ်တွင်လည်း အလွန်ခင်မင်မိသည်ဖြစ်ရာ တင်မောင်မောင်သာ ခင်မမကို ချစ်နေခဲ့လျှင် ကျွန်တော့်အနေနှင့် မျိုသိပ်ထားလိုက်ရန် အမြဲတွေးမိလေ၏။

သို့သော် တင်မောင်မောင်သည် ခင်မမအပေါ်တွင် စိတ်ဝင်စားဟန် အလျဉ်းမပြခဲ့ပေ။ ထို့အတွက်ကြောင့် ကျွန်တော်သည် ခင်မမကို ချစ်ခွင့်ပန်ရန် ဆုံးဖြတ်ခဲ့လေ၏။

ဆုံးဖြတ်ခဲ့သည့်အတိုင်းလည်း ခင်မမကို ကျောင်းဝန်းထဲမှ ပိတောက်ပင်ကြီးအောက်တွင် ချစ်ရေးဆိုခဲ့မိလေ၏။

ထိုနေ့သည် ကျွန်တော့်ဘဝတွင် စိတ်အလှုပ်ရှားရဆုံးနေ့တစ်နေ့ပင် ဖြစ်လေ၏။

"ငါ့မွေးနေ့မှာ နင့်ကို အဖြေပေးမယ်။ ပန်းရောင်နှင်းဆီပန်းကလေး ပန်ထားတာမြင်ရင် နင့်အချစ်ကို ငါ တုန့်ပြန်လိုက်တာပဲပေါ့။

အဲဒီလို နှင်းဆီပန်းကလေးပန်မထားရင်တော့ နင် ငါ့ကိုခွင့်လွှတ်ပါ"

ခင်မမက ပြောလိုက်သောအခါ ကျွန်တော်သည် အရမ်းပျော်သွားခဲ့လေ၏။ သို့သော် အဆုံးတိုင်ပျော်နိုင်သည်တော့ မဟုတ်ဘဲ ခင်မမ၏ မွေးနေ့ကို ရင်တထိတ်ထိတ်နှင့် စောင့်နေခဲ့ရလေ၏။

ထိုနေ့က ပိတောက်ပင်ကြီးအောက်တွင် ခင်မမနှင့် ကျွန်တော် စကားပြောနေသည်ကို ယုဇနပန်းရုံကြီးနောက်မှ တင်မောင်မောင် ချောင်းကြည့်နေလေ၏။ သို့သော် တင်မောင်မောင်ကလည်း ကျွန်တော့်ကို ဘာမှ မမေးခဲ့သဖြင့် ကျွန်တော်ကလည်း ဘာမှ မပြောဖြစ်ခဲ့ပေ။

ကျွန်တော် ရင်တထိတ်ထိတ်နှင့် စောင့်နေရသော ခင်မမ၏ မွေးနေ့သည် ရောက်လာခဲ့လေတော့၏။

---

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တစ်သက်တွင် စိတ်အလှုပ်ရှားဆုံးနေ့သည် ထိုနေ့ပင် ဖြစ်လေ၏။ ကျွန်တော်သည် တစ်ခါမျှ မပူဆာစဖူး ပူစာခဲ့မိလေ၏။

"ဖေဖေ ကျွန်တော့်ကို အဝတ်ကောင်းကောင်းတစ်စုံလောက် ဝယ်ပေးပါ။ ကျွန်တော့် သူငယ်ချင်းမွေးနေ့ကို သွားရမှာမို့ပါ"

ကျွန်တော်က ပြောလေရာ ...

"ဝယ်လေ သားရာ။ သားကြိုက်တာ သွားဝယ်လေ။ ဖေဖေငွေ ထုတ် ပေးလိုက်မှာပေါ့။ ဒါထက် သားသူငယ်ချင်းက ဘယ်မှာနေလို့တုံး"

"ဝင်ဆာလမ်း (ရှင်စောပုလမ်း) မှာပါ ဖေဖေ"

"ဩော် နီးသားပဲ။ ဝေးရင် ဖေဖေက ကားစီစဉ်ပေးမလို့မေးတာပါ သားရဲ့"

"ဩော် ကားမလိုပါဘူး ဖေဖေ။ တင်မောင်မောင် သူ့အိမ်က ကားနဲ့ လာခေါ်မှာပါ"

"အေး အေး ဒီလိုဆိုရင် အဆင်ပြေတာပေါ့။ ကဲ သားကြိုက်တာ သွားဝယ်။ ဖေဖေကို အားနာပြီး မကောင်းတာတွေ ဝယ်မလာနဲ့။ ကောင်းကောင်းသာဝယ်။ နောက်လည်း ဝတ်ရတာပေါ့။ သားက အရွယ်ရောက်လာပြီလေ။ နောက်လည်း ဒီလိုပွဲလမ်းတွေက အမြဲတက်ရတော့မှာ။ ဒီတော့ ကောင်းကောင်းသာ ဝယ်နော်"

ဖခင်ကြီးက ပြောလေရာ ကျွန်တော်သည် မြို့ထဲသို့ထွက်၍ ဒိုက်တဝေးကုမ္ပဏီမှ အနောက်တိုင်းဝတ်စုံ အကောင်းစားတစ်စုံ ဝယ်လိုက်လေ၏။

ထိုနေ့က ကျွန်တော်သည် ရင်တွေခုန်နေလေရာ ဘာပဲလုပ်လုပ် အပေါက်အလမ်းမတည့်အောင် ဖြစ်နေလေတော့၏။ ညနေစောင်းသောအခါ တင်မောင်မောင် ရောက်လာခဲ့လေတော့၏။

ဥရောပဝတ်စုံကို အကျအနဝတ်ထားသော တင်မောင်မောင်သည် ထကယ်ကို ချောမောလှပနေကာ မိန်းကလေးတိုင်း ငေးကြည့်ရလောက်အောင်ပင် ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်မှ ကျွန်တော်သည် ရေကို ကပျာကယာချိုး၍ အဝတ်အစားလဲရလေ၏။

"လူမော် နင်ဟာလေ ဘာလုပ်လုပ် သိပ်နှောက်ကျူတာပဲ သိလား။ သွားမြန်မြန်လုပ်"

တင်မောင်မောင်က ပြောလေ၏။ ကျွန်တော်လည်း အဝတ်အစားများကို ကမန်းကတမ်းဝတ်လေရာ တင်မောင်မောင်က ကူ၍ ဝတ်ဆင်ပေးလေ၏။

ကျွန်တော်သည် အဝတ်အစားများကို စိတ်တိုင်းကျဝတ်စားပြီးသောအခါ မှန်ရှေ့တွင် လှည့်ပတ်၍ ကြည့်နေသည်ကို ခန်းဆီးအကွယ်မှ တင်မောင်မောင်က မသိမသာ ချောင်းကြည့်နေလေ၏။ သူချောင်းကြည့်နေသည်ကို ကျွန်တော်၏ မှန်ထဲမှ မြင်နေရသော်လည်း မသိချင်ဟန်ဆောင်၍ နေလိုက်မိလေ၏။

ခင်မမတို့ ခြံထဲသို့ ရောက်သောအခါ ပန်းရောင်ဂါဝန်ရှည်ကို ဝတ်ထားသည့် ခင်မမသည် နတ်သမီးကလေးတစ်ပါးနှယ် လှပနေသည်ကို ကျွန်တော် တွေ့ရလေ၏။

ကျွန်တော်နှင့် တင်မောင်မောင်ကို ဆီးကြိုနေသော ခင်မမ၏ ခေါင်းကို မရဲတရဲနှင့် ကျွန်တော်လှမ်း၍ ကြည့်လိုက်သောအခါ မည်သည့်ပန်းမျှ ပန်ထားသည်ကို မတွေ့ရသောကြောင့် ကျွန်တော့်ရင်ထဲတွင် ဟာခနဲ ဖြစ်သွားရလေတော့၏။

မျက်နှာပျက်မသွားအောင် မနည်းထိန်းထားနေရသည့်အထဲမှ တစ်ချက်တွင် ကျွန်တော့်မျက်နှာပျက်၍ သွားခဲ့သည်ကို တင်မောင်မောင် ပြောတော့မှ သိရလေ၏။

"ဟဲ့လူမော် နင် ဒီနေ့ ဘာတွေဖြစ်နေတာလဲ။ ခင်မမကို စကားပြောတာကလည်း ဟက်ဟက်ပက်ပက် မရှိသလိုဘဲ။ သူ့ပါတီလည်း လာသေးတယ်။ သူ့ကိုလည်း ပြုံးပြုံးရွှင်ရွှင် မဆက်ဆံဘူးဆိုတော့ ဘယ်ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်ပါဘူးကွာ။ ခင်မမရဲ့ မွေးနေ့ပါတီကလူတွေ သိပ်များနေလို့ စိတ်အရမ်းလှုပ်ရှားသွားတာပါ။ ပြီးတော့ ငါတို့က နောက်ကျနေတော့ လူတွေက မင်းနဲ့ ငါ့ကို ဝိုင်းကြည့်နေကြတာကွ။ အဲဒါ ငါ ရှိန်သွားတာပေါ့"

"အေးလေ အဲဒါ နင့်ကြောင့် နောက်ကျတာ မဟုတ်လား။ အဲဒီတော့ နင့်ကို ဝိုင်းကြည့်မှာပေါ့။ ကြည့်တာ နည်းတောင် နည်းသေးတယ်"

တင်မောင်မောင်က သူ့ထုံးစံအတိုင်း ကန့်ကရနှင့် ပြောလေ၏။ ကျွန်တော့်မှာတော့ ခင်မမခေါင်းတွင် ပန်းပန်ထားသည်ကို မတွေ့ရသဖြင့် စိတ် ညစ်ရသည့်အထဲတွင် တင်မောင်မောင်က တဖျစ်တောက်တောက်နှင့် ပြောနေ ပြန်လေရာ စိတ်များ ရှုပ်ထွေးနေလေတော့၏။

"ရက်စက်လိုက်တာ ခင်မမရယ်"

ကျွန်တော့်စိတ်ထဲတွင် တဖွဖွ ပြောနေမိလေ၏။

ခဏအကြာတွင် ခင်မမသည် အုန်းနို့ခေါက်ဆွဲပန်းကန်များကို ဗန်းနှင့် ယူလာလေ၏။ ပြီးလျှင် ကျွန်တော်တို့ရှေ့သို့ ချ၍ ပွဲပြင်ပေးလေ၏။

ထိုအချိန်တွင် ကျွန်တော်သည် ခင်မမ၏ မျက်နှာကို မကြည့်ဘဲ မနေနိုင်သဖြင့် ခပ်ဖြည်းဖြည်းမော့ကြည့်လိုက်လေရာ ...

"ဟာ"ဟုပင် အသံထွက်သွားအောင် အံ့ဩသွားခဲ့ရလေ၏။ ထိုသို့ အလန့်တကြား ဖြစ်ရပါမည်လားဟု တင်မောင်မောင်က ကျွန်တော့်ကို ဆူပြန်လေတော့၏။

ခင်မမ၏ခေါင်းတွင် ပန်းရောင်နှင်းဆီပန်းကလေးတစ်ပွင့် လှလိုက်ပါ ဘိ ခင်မမရယ်ဟု ကျွန်တော့်ရင်ထဲတွင် ပြောလိုက်မိလေ၏။ ပျော်လိုက်သည် ဖြစ်ခြင်း ဘယ်သူမှသာမရှိလျှင် ကျွန်တော်ထ၍ ခုန်လိုက်မိမည်မှာ သေချာ လေ၏။

ကျွန်တော် အုန်းနို့ခေါက်ဆွဲများကို တစ်ပွဲပြီးတစ်ပွဲ ဆက်စားပစ် သည်။

"ဟဲ့ လူမော် နင်ဟာ လွန်လှချည့်လား။ စောစောကတော့ နင့် ကို လူတွေဝိုင်းကြည့်နေလို့ ရှက်နေတယ်ဆို။ အခုတော့လည်း နည်းနည်းမှကို



www.burmeseclassic.com

www.burmeseclassic.com



မရှက်တော့ပါလား ဟင်။ ဘယ်နှစ်ပွဲတောင်ရှိနေပြီလဲ နင် စားတာ"

တင်မောင်မောင်က တအိအိနှင့် ပြောပြန်လေ၏။

"မသိဘူးကွာ။ ငါ အရမ်းဆာနေတယ်"

ကျွန်တော်ကပြောရင်း ဆက်၍ စားလေ၏။

ခင်မမက ကျွန်တော့်တို့ဆီသို့ တစ်ခေါက်ရောက်လာကာ ဟင်းရည် ထပ်ထည့်ပေးလေ၏။

"ခင်မမရေ လူမော်တော့ ဒီနေ့ ဘာတွေဖြစ်နေသလဲ မသိဘူးပါဘူးဟယ်။ လာကာနီးမှာလည်း ဗိုက်လှတွေပြင်လိုက်တာ မပြောပါနဲ့တော့။ ဒီရောက်တော့လည်း သူ့ကို လူတွေ ဝိုင်းကြည့်လို့ဆိုပြီး ရှက်နေသေးတယ်။ အခုကျတော့လည်း မျက်နှာက ပြုံးဖြီးဖြီးကြီးလုပ်ပြီး အုန်းနို့ခေါက်ဆွဲတွေ တစ်ပွဲပြီးတစ်ပွဲ စားနေလေရဲ့။ ဒီအလာမှာ ရွာသူနှောင့်ယှက်ပြီ ထင်တယ်"

တင်မောင်မောင်က ပြောသောအခါ ခင်မမသည် ရှက်ကိုးရှက်ကန်းနှင့် ပြုံးနေလေ၏။

ထိုညက မြင်ရသော ခင်မမ၏ ရှက်ပြုံးကလေးသည် ကျွန်တော့် မျက်စေ့ထဲတွင် ဘယ်သောအခါမှ ဖျောက်၍ မရနိုင်တော့သော အပြုံးကလေး တစ်ခုပင် ဖြစ်လေတော့၏။

ပြန်ကာနီးတွင်တော့ ကျွန်တော်သည် ချစ်ရည်ရွှန်းသော အပြုံးတစ်ပွင့်ကို ပြုံးပြခဲ့လေ၏။ ခင်မမလည်း မျက်လုံးကလေးများ လက်ခန့် ဖြစ်သွားသည်အထိ အပြုံးလှလှကလေးကို ပြုံးပြခဲ့လေတော့၏။

ကျွန်တော့်ကို ပြုံးပြနေသည့် စံပယ်တင်မှုံကလေးနှင့် ခင်မမကို တင်မောင်မောင်သည် မသိမသာ ကြည့်နေသည်ကိုတော့ ခင်မမ မသိလိုက်ပါပေ။

အပြန်လမ်းတွင် ကျွန်တော်က စကားဖောင်ဖွဲ့နေသလောက် တင်မောင်မောင်က နှုတ်ဆိတ်ငြိမ်သက်နေခဲ့လေတော့၏။

ကျွန်တော့်ဘဝမှာဖြင့် သည်ညလည်း အပျော်ဆုံးညတစ်ညပင် ဖြစ်ခဲ့ ရပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
## တစ်ယောက်တစ်နေရာ

မစ္စတာကိုရှားသည် ဂျာမန်လူမျိုးတစ်ယောက်ပင် ဖြစ်လေ၏။ သူစီးသော မော်တော်ကားကလေးကို ဖခင်ကြီးထံတွင် လာ၍ ပြင်ဆင်ရင်းမှ ကျွန်တော်တို့ သားအဖနှင့် အလွန် ရင်းနှီးခင်မင်ခဲ့လေ၏။

မစ္စတာကိုရှားသည် ဂျာမန်အင်ဂျင်နီယာတစ်ယောက်ဖြစ်ကာ မြန်မာပြည်မှ မှာယူသော ဂျာမဏီနိုင်ငံလုပ် စက်ပစ္စည်းများကို တတ်ဆင်ပေးရန် ကုမ္ပဏီတာဝန်နှင့် ရောက်နေခြင်း ဖြစ်လေ၏။

သူတို့ ကုမ္ပဏီမှ ရောင်းချသည့် ပုံနှိပ်စက်များ ဆန်စက်များ အခြား အင်ဂျင်စက်များကို လိုက်လံတပ်ဆင်ပေးရသူ ဖြစ်လေ၏။ မစ္စတာကိုရှားသည် တစ်ခါတစ်ရံတွင် ကျွန်တော်တို့အိမ်တွင် လာ၍ ဖခင်ကြီးနှင့်အတူ ဝီစကီ သောက်တတ်သည်အထိ ခင်မင်လာခဲ့လေ၏။

ထိုသို့ အတူတူစားကြ၊ သောက်ကြသောအခါ ဖခင်ကြီးသည် သူ့ထုံးစံအတိုင်း ကျွန်တော့်ကို မိတဆိုးသားကလေးမို့ ပညာတွေများစွာ တတ်စေချင်သည့်အကြောင်း အထူးသဖြင့် အင်ဂျင်နီယာပညာများကို ထူးချွန်စေချင်ကြောင်းများကို ပြောတတ်လေ၏။

ထိုအခါများတွင် မစ္စတာကိုရှားသည် ...

---

www.burmeseclassic.com



"မစ္စတာထွန်းလှရဲ့သားကို မြန်မာပြည်မှာ ပညာအရင်သင်ပါ ဒီမှာ အတန်းဆုံးသွားတဲ့အခါ ကျွန်ုပ်သူ့ကို ဂျာမဏီကို ခေါ်သွားပါ့မယ် ကျွန်ုပ်တို့ ဂျာမဏီမှာ အင်ဂျင်နီယာပညာက အလွန်မှ ထွန်းကားလှပါတယ် ခေါင်းဆောင်ကြီးဟစ်တလာကလည်း စက်မှုအတတ်ကို အလွန်အားပေးတဲ့ အချိန်ဖြစ်လေတော့ ဒီလူကလေးကို ကျွန်ုပ်ဂျာမဏီခေါ်သွားပြီး အင်ဂျင်နီယာ ကျောင်းမှာ ထားပေးပါ့မယ်။ မစ္စတာထွန်းလှ ဖြစ်စေချင်တဲ့အတိုင်း မစ္စတာ ထွန်းလှရဲ့သားကို ကျွန်ုပ် မြေတောင်မြှောက်ပေးပါ့မယ်"

မစ္စတာကိုရှားက ပြောလေ၏။

ထိုနှစ်မှာပင် ကျွန်တော် ခင်မမနှင့် တင်မောင်မောင်တို့ သုံးယောက် စလုံး စာမေးပွဲအောင်ခဲ့ကြလေ၏။ တင်မောင်မောင်က ဆေးဘက်သို့လိုက်၍ ခင်မမက ဘီအေ၊ ဘီအက်စ်စီဘက်သို့ လိုက်လေ၏။ ကျွန်တော်ကတော့ ဖခင်ကြီး၏ ဆန္ဒအတိုင်း အင်ဂျင်နီယာဘက်သို့ လိုက်ခဲ့လေ၏။

ခင်မမနှင့် ကျွန်တော်သည် ချစ်သူဘဝသို့ ရောက်ခဲ့ကြသော်လည်း တစ်ယောက်တစ်နေရာစီ ကျောင်းတက်နေရသဖြင့် သိပ်ပြီး မဆုံဖြစ်တော့ပေ။ တက္ကသိုလ်တွင် စံပယ်တင်မှဲ့ကလေးနှင့် ခင်မမသည် အလွန် နာမည်ကြီးခဲ့လေ၏။ ခင်မမ၏ အချစ်ကို လိုချင်သူတွေ များခဲ့၏။ သို့သော် ခင်မမသည် ကျွန်တော်ကို အဖြေပေးခဲ့သောနေ့က ပန်၍ပြခဲ့သော ပန်းရောင် နှင်းဆီပန်းကလေးကိုသာ နေ့တိုင်းပန်ခဲ့လေ၏။

ဤသည်ကပင် ခင်မမ၏ သစ္စာပင် ဖြစ်လေတော့၏။ တစ်ပွင့်ပန်း ကိုသာ ဆင်မြန်းခဲ့သော ကျွန်တော့်ချစ်သူ ခင်မမနှင့် ကျွန်တော်သည် တစ်ခါတစ်ရံတော့ ကံ့ကော်ရိပ်တွင် ဆုံခဲ့ကြလေ၏။

တက္ကသိုလ် မြကျွန်းသာမှ နှုတ်ခမ်းနီနီနှင့် ကံ့ကော်ပန်းက များ လေးကြိမ်မြောက်ပွင့်ကြသော အချိန်မှာဖြင့် ကျွန်တော်နှင့် ခင်မမသည် ဘဝရှေ့ရေးကို ဆွေးနွေးခဲ့ရပါလေပြီ။

ခင်မမသည် ဘွဲ့ရရန် နီးလာပြီဖြစ်သဖြင့် ကျွန်တော့်ကို ဘဝရှေ့ရေး အတွက် မည်သို့စဉ်းစားထားသည်ကို မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်မကို ကိုမော်လည်း ဒီကိစ္စပြောပြချင်နေတာ ကြာပါပြီ။ စကားမကြုံသေးလို့ မပြောဖြစ်သေးတာပါ"

စကားကို အစပြုကာ ဂျာမန်လူမျိုး မစ္စတာဂိုရှား၏ အကြောင်းမှ စ၍ ဂျာမဏီသို့ လိုက်ပါသွားကာ ပညာသင်စေလိုသော ဖခင်ကြီး၏ ဆန္ဒကို ပြောပြခဲ့ရလေ၏။

"ခင်မသဘောကတော့ ကိုမော်နဲ့အတူတူ နေချင်တာပေါ့။ ဒါပေမယ့် ကိုမော့် ဖေဖေရဲ့ ဆန္ဒကိုလည်း ထည့်တွက်ရမှာပေါ့လေ။ သူ့သားကို အင်မတန်မှ ထူးချွန်ထက်မြက်စေချင်တဲ့ ဖခင်တစ်ယောက်ရဲ့ မေတ္တာဟာ အင်မတန်မှ တန်ဖိုးကြီးမားလှပါပေတယ်။

ကိုမော် မစ္စတာဂိုရှားနဲ့လိုက်သွားပြီး ဂျာမဏီမှာ အင်ဂျင်နီယာ ပညာသင်သင့်ပါတယ်။ ဒါပေမယ့် ကိုမော်ကိစ္စတွေပြီးရင်တော့ ခင်မဆီကို ချက်ချင်းပြန်လာခဲ့ပါ ကိုမော်။ ခင်မ စောင့်နေမယ်"

"ဟာ စိတ်ချပါ ခင်မရယ်။ ကိုမော်လည်း ခင်မနဲ့ အတူတူ နေချင်လှပါပြီ။ ဖေဖေ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တာရယ်။ မစ္စတာဂိုရှားနဲ့လည်း အဆင်သင့်နေတာကြောင့် ကိုမော်လည်း စဉ်းစားတာပါ"

ကျွန်တော်က ခင်မကို ရှင်းပြခဲ့လေ၏။ သည်လိုနှင့် ခင်မ ဘီအေ ဘီအက်စ်စီဘွဲ့ရသွားလေ၏။ ခင်မဘွဲ့ရပြီး တစ်နှစ်အကြာတွင် ကျွန်တော် ဘွဲ့ရခဲ့လေ၏။ ကျွန်တော် ဘွဲ့ယူသော အချိန်တွင် တင်မောင် မောင်က ဆေးကောလိပ်တွင် ကျောင်းတက်နေရဆဲပင် ဖြစ်၏။

တိုက်ဆိုင်သည်ဟုပင် ဆိုရပေမည်။ ကျွန်တော်ဘွဲ့ရသော နှစ်မှာ ပင် မစ္စတာဂိုရှား၏ ကုမ္ပဏီကလည်း မစ္စတာဂိုရှားကို ဂျာမဏီသို့ ပြန်၍ ခေါ်သောနှစ် ဖြစ်နေလေတော့၏။

ထို့ကြောင့် ကျွန်တော်သည် ဘွဲ့ရပြီးလျှင်ပြီးချင်း ဂျာမဏီသို့သွား ရန် ပြင်ရလေ၏။ ကျွန်တော့်အပေါ်တွင် အလွန်ချစ်သော ဖခင်ကြီးကို ခွဲ သွားခဲ့ရတော့မည့် အရေးကို ကျွန်တော်သည် လွန်စွာ ဝန်လေးမိသည်။

"သားရယ် ဖေဖေအတွက် ဘာမှ နောက်ဆံမတင်းစင်ပါနဲ့ကွာ။

www.burmeseclassic.com



ဖေဖေ့မှာ တပည့်တပန်းတွေ အများကြီး ရှိပါတယ်ကွ။ ဖေဖေက သား အတွက်သာ စိတ်မကောင်းတာပါ။ ဆွေမရှိ၊ မျိုးမရှိ အသိအကျွမ်းမရှိတဲ့ တိုင်းတစ်ပါးကို မျက်နှာငယ်ငယ်နဲ့ လိုက်သွားရမှာ ဖေဖေ စိတ်မကောင်းဖြစ် မိတယ်။

ဒါပေမယ့် သားရယ်။ သားကို ယောက်ျားတံခွန် လူရည်ချွန်ဖြစ် စေချင်တဲ့ ဆန္ဒကို ဖေဖေဘယ်လိုမှ ဖျောက်လို့မရဘူးကွဲ့။ ဒီတော့ ငါ့သား သွားသာ သွားပေတော့"

"ဖေဖေ သားကို စိတ်ချပါ ဖေဖေ။ ဂျာမဏီရောက်ရင် ဖေဖေဖြစ် စေချင်တဲ့ ယောက်ျားတံခွန်ဖြစ်အောင် ကျွန်တော် ကြိုးစားပါ့မယ်။ အင်ဂျင် နီယာအတတ်ကို ထိပ်တန်းစားတတ်အောင် ကျွန်တော် သင်ခဲ့ပါမယ်။ ဖေဖေ သာ ကျန်းမာအောင်နေနော်။ ကျွန်တော် ပြန်ရောက်တော့မှပဲ ဂျာမဏီကြီးအ ကြောင်းကို ကျွန်တော်တို့ သားအဖနှစ်ယောက် ပြောကြတာပေါ့ ဖေဖေ"

ကျွန်တော်က ပြောရလေ၏။ ဘဝရေစက်ဟုပင် ပြောရပေတော့ မည်။ မစ္စတာဂိုရှားသည် ကျွန်တော့်ကို တူတစ်ယောက်ကဲ့သို့ ချစ်ခင်လေ၏။

"လူကလေး မောင်လူမော်။ မင်း ဘာမှ အားမငယ်နဲ့။ ငါက အိမ်ထောင်ရက်သားရှိတာ မဟုတ်ဘူး။ ဘာလင်မှာ ငါ့အခန်း ရှိတယ်။ လောလောဆယ်တော့ မင်း ငါနဲ့ နေပါ။ ပြီးရင် ငါ အားလုံး စီစဉ်ပေးမယ်။

မင်းတို့ မြန်မာလူမျိုးတွေက ကိုယ့်အိမ်ကိုယ့်ရာကို အင်မတန်မ တွယ်တာတဲ့ လူမျိုးကွ။ ကိုယ့်အိမ်ကိုယ့်ရာကလွဲရင် ဘယ်ကိုမှ သွားချင် ကြတာ မဟုတ်ဘူး။ သူတို့ သွားမကြည့်လို့ပါ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေ ဟာ အကုန်လုံး အမျိုးတွေချည်းပါပဲကွာ။ တိုင်းပြည်တိုင်းဟာလည်း ကိုယ့် အိမ်ကိုယ့်ရာပါပဲ"

မစ္စတာဂိုရှားက ပြောလေ၏။ ထို့နောက်တွင်တော့ မစ္စတာဂိုရှား ၏ အစီအစဉ်ဖြင့် ကျွန်တော်တို့သည် ကလကတ္တားသို့ မီးသင်္ဘောကြီး ဖြင့် ထွက်ခွာခဲ့ရလေ၏။ ကလကတ္တားသို့ ရောက်သောအခါတွင်မှ ကျွန်တော် နှင့် မစ္စတာဂိုရှားသည် ဂျာမဏီသို့ ဆက်လက်ထွက်ခွာခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## ဘဝရေစက်

ဘာလင်သို့ရောက်လျှင် မစ္စတာဂိုရှားသည် မြို့လယ်ရှိ သူ့အိမ်သို့ တန်း၍ သွားလေ၏။ သုံးထပ်တိုက်နီနီကြီးတစ်လုံး၏ အပေါ်ဆုံးထပ်တွင် မစ္စတာဂိုရှား၏ အခန်းကြီး ရှိလေ၏။

အိန္ဒိယမှာကတည်းက ကြိုတင်၍ ကြေးနန်းရိုက်ထားသဖြင့် မစ္စတာဂိုရှား၏ ကုမ္ပဏီသည် သူ့အခန်းကို သန့်သန့်ပြန့်ပြန့်ဖြစ်အောင် ရှင်းလင်းထားလေရာ နှစ်ပေါင်းများစွာ လူမနေဘဲ ပစ်ထားသောအခန်းနှင့် မတူဘဲ ဆေးအသစ်များသုတ်ကာ ခန်းဆီးအသစ်များဖြင့် လူအမြဲနေသော အခန်းတစ်ခန်းကဲ့သို့ ဖြစ်နေလေတော့၏။

မစ္စတာဂိုရှား၏ ကြိုတင်စီစဉ်မှုကြောင့် ကျွန်တော်သည် သီးသန့် အိပ်ခန်းတွင် လွတ်လွတ်လပ်လပ် နေရလေ၏။

ကျွန်တော်ရောက်သော အချိန်တွင် အင်ဂျင်နီယာကောလိပ်သည် ကျောင်းပိတ်ထားသည်ဖြစ်ရာ မစ္စတာဂိုရှား၏ အစီအစဉ်ဖြင့် ကျွန်တော်သည် ဂျာမန်ဘာသာစကားကို သင်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ညပိုင်း၌ ရုပ်ရှင်ရုံအနီးမှ စတိုးဆိုင်တစ်ဆိုင်တွင် အလုပ်ဝင်လုပ်ရလေ၏။ ထိုဆိုင်၏ ဆိုင်ရှင်မှာ မစ္စတာဂိုရှား၏ ညီဝမ်းကွဲတော်သူ မစ္စတာဟော့ဖ်မန်း ဖြစ်လေ၏။

မစ္စတာဂိုရှား၏ ရည်ရွယ်ချက်မှာ ဂျာမန်များ၏ ဓလေ့စရိုက်ကို သိရှိစေရန်နှင့် ဂျာမန်ဘာသာစကားကို မြန်မြန်ကျွမ်းကျင်စေရန် ရည်ရွယ်၍ စတိုးဆိုင်တွင် အလုပ်လုပ်နိုင်းခြင်းပင် ဖြစ်လေ၏။

စိတ်ထားကောင်းသလောက် အတွေးအခေါ်ကောင်းသော မစ္စတာဂိုရှား၏ အစီအမံများကြောင့် ကျွန်တော်သည် ဂျာမန်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောလာနိုင်သလို ဂျာမန်များ၏ စိတ်နေစိတ်ထား ဓလေ့စရိုက်ကိုလည်း အချိန်တိုအတွင်းမှာပင် သိလာခဲ့လေ၏။

အင်ဂျင်နီယာကောလိပ် ပြန်၍ ဖွင့်သောအခါတွင် မစ္စတာဂိုရှား၏ ထောက်ခံပေးချက်ဖြင့် ကျွန်တော် ကျောင်းနေခွင့် ရခဲ့လေ၏။

ကျောင်းမတက်မီတွင် စတိုးဆိုင်နှင့် အလုပ်လုပ်ခဲ့သော အတွေ့အကြုံကြောင့် ကျွန်တော်သည် ကောလိပ်တွင် ကြောင်တောင်တောင်ဖြစ်၍ မနေဘဲ ဂျာမန်ကျောင်းသားများနှင့် ပေါင်းတတ်သင်းတတ် ရှိခဲ့လေ၏။

နံနက်ပိုင်းတွင် မစ္စတာဂိုရှားသည် ကုမ္ပဏီကိုသွားရင်း ကျွန်တော့်ကို သူ့ကားဖြင့် ခေါ်သွားကာ အင်ဂျင်နီယာကောလိပ်သို့ ပို့ပေးခဲ့၏။

ကျောင်းဆင်းသောအခါတွင်တော့ ဘတ်စ်ကားဖြင့်ပင် ကျွန်တော် အိမ်ပြန်ခဲ့လေ၏။ ညနေသို့ရောက်လျှင် အဝတ်အစားလဲကာ မစ္စတာဟော့ဖ်မန်း၏ စတိုးဆိုင်တွင် အလုပ်ဝင်ရလေ၏။

ဤသို့ဖြင့် ကျွန်တော်သည် ဂျာမဏီနှင့် တစ်သားတည်း ကျလာခဲ့လေတော့၏။ ကျောင်းတွင်သင်သော အင်ဂျင်နီယာပညာများကိုလည်း စိတ်ပါလက်ပါ သင်ကြားခဲ့လေရာ ကျွန်တော်သည် ထူးချွန်စွာ တတ်မြောက်ခဲ့လေ၏။

သို့သော် တစ်ခါတရံတွင်တော့ အမိမြေကို လွမ်းဆွတ်မိလေ၏။ အမိမြေတွင် ကျန်ခဲ့သော ချစ်သောသူ ခင်မမနှင့် ဖခင်ကြီးကိုလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ယယ်စဉ်ကပင် အလွန်ခင်မင်ခဲ့သော သူငယ်ချင်း တင်မောင်မောင်ကိုလည်း ကောင်း သတိရ လွမ်းဆွတ်မိလေ၏။

ထိုအခါမျိုးတွင် မျက်ရည်ပင် လည်ခဲ့ရလေတော့၏။ အထူးသဖြင့် တော့ နှင်းပွင့်များကြွေသော ဂျာမဏီ၏ ဆောင်းရာသီကာလတွင် မျက်ရည် ကျသည်အထိ လွမ်းတတ်မိလေ၏။

သို့သော် ဝေဒနာကို အံကြိတ်စံရင်း အထီးကျန်အဖော်မဲ့စွာ ဘဝ ခရီးကို လျှောက်လှမ်းခဲ့ရလေ၏။ ကောလိပ်ကျောင်းတွင် ခင်မင်နေသော သူငယ်ချင်းများက သူတို့ ပါတီပွဲများသို့ တစ်ခါတရံ ခေါ်သွားတတ်ကြလေ၏။

"မစ္စတာလူမော် သောက်ပါ။ ဒါ ရိုင်းဝိုင်ပါ။ ဂျာမဏီမှာတော့ အကောင်းဆုံးဝိုင်ပဲ"

ရင်းနှီးစွာ ပြောဆိုခဲ့ကြလေ၏။

တချို့က သူတို့၏ ရည်းစားများနှင့်ပင် တွဲကခိုင်းကြလေ၏။ ကျွန်တော်ကလည်း ဓလေ့စရိုက်များကို သိထားသည်ဖြစ်ရာ ဆက်ဆံရေး၌ အထစ်အထောက်လုံးဝ မရှိခဲ့ပေ။

မစ္စတာကိုရှားနှင့် မစ္စတာဟောဖ်မန်းတို့ ညီအစ်ကိုနှစ်ယောက်သည် ကျွန်တော့်အပေါ်တွင် အလွန်ကောင်းကြသူများဖြစ်လေရာ ရှေးဘဝ၏ ရေစက်ဟုပင် ပြောရပေတော့မည်။

ထိုအချိန်က 'ဂျာမဏီတွင် အာဏာရှင်ဟစ်တလာသည် ဘုန်းတန်ခိုးအကြီးဆုံးအချိန် ဖြစ်နေလေရာ ဟစ်တလာ၏ နာဇီပါတီသည် လျှမ်းလျှမ်းတောက် ကျော်ကြားကာ နာဇီပါတီတို့သည်လည်း လွန်စွာမှ ဂုဏ်ရှိသော အချိန်ကာလ ဖြစ်ကြလေ၏။

ကျွန်တော်၏ ကျောင်းအုပ်ဆရာကြီး မစ္စတာကိုရှားနှင့် သူ့ညီမစ္စတာဟောဖ်မန်းတို့သည်ပင်လျှင် နာဇီပါတီဝင်များ ဖြစ်ကြလေ၏။

မစ္စတာကိုရှားက နိုင်ငံရေးနှင့် ပတ်သက်၍ သိပ်မပြောသော်လည်း မစ္စတာဟောဖ်မန်းကတော့ လက်သီးလက်မောင်းတန်းကာ နာဇီဒ်အကြောင်းကို ပြောပြတတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နာဇီတပ်မတော်မှ ဗိုလ်မှူးကြီးများအထိ မစ္စတာဟောဖ်မန်းက ပေါက်ရောက်သူ ဖြစ်လေ၏။ နာဇီတပ်မတော်မှ အရာရှိကြီးများသည် ဆိုင်တွင် ဈေးဝင်ဝယ်သည့်အခါတိုင်း အရှေ့တိုင်းသားတစ်ယောက်ဖြစ်သည့် ကျွန်တော့်ကို စိတ်ဝင်စားစွာ မေးမြန်းကြလေ၏။

ထိုအခါတွင် မစ္စတာဟောဖ်မန်းက ကျွန်တော့်အကြောင်းကို ပြောပြကာ အလွန်တော်ကြောင်း အင်ဂျင်နီယာပညာကို အလွန်စိတ်ဝင်စားသူဖြစ်ကြောင်း ယခုလည်း ကောလိပ်ကျောင်းတွင် အထူးချွန်ဆုံးဖြစ်ကြောင်း အမွှန်း တင်၍ ပြောလေ၏။

အချို့ ဂျာမန်စစ်သားများက ကျွန်တော့်ကို ဘားမားဟုပီအောင် မခေါ်နိုင်ကြဘဲ ဘူးမားဟု ခေါ်ကြလေ၏။

တစ်ခါတစ်ရံ သူတို့ ဈေးဝယ်လာချိန်တွင် ကျွန်တော့်ကို မမြင်ပါက

"ဘူးမား ဘယ်သွားလဲ"

ဟုပင် မေးကြသည်အထိ ခင်မင်လာကြလေ၏။ လူချစ်လူခင်များသော ကျွန်တော့်ကြောင့် မစ္စတာဟောဖ်မန်းပင် ပို၍ မျက်နှာပွင့်လာကာ ရောင်းပန်းဝယ်ပန်း ပို၍ ပွင့်လာခဲ့လေ၏။

ဤသို့ဖြင့် ကျွန်တော် ကောလိပ်မှ ဘွဲ့ရသောနှစ်တွင် ဘွဲ့ယူရာသို့ မစ္စတာဂိုရှားနှင့် မစ္စတာဟောဖ်မန်းတို့ ညီအစ်ကိုနှစ်ယောက်စလုံး တက်ရောက်ခဲ့ကြလေ၏။

"ဒီနှစ် ဘွဲ့နှင်းပွဲမှာ အထူးချွန်ဆုံး အင်ဂျင်နီယာဆုကို မစ္စတာလူမော်၊ ဘားမား (မြန်မာ)က ရရှိသွားပါကြောင်း ဤကောလိပ်မှ ဂုဏ်ပြုကြေငြာအပ်ပါသည်"

အဓိပတိက ကြေညာလိုက်သောအခါ ...

"ဟေး ... ဘူးမားကွ ... ဘူးမား ... လူမော်ကွ"

ဝမ်းသာအားရ အော်ဟစ်ဂုဏ်ပြုကြလေ၏။

မစ္စတာဂိုရှင်းနှင့် မစ္စတာဟောဖ်မန်းလည်း ဝမ်းသာလွန်း၍ လက်ခုပ်များကို အားရပါးရ တီးကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဘွဲ့နှင်းပွဲပြီးသောအခါ ကောလိပ်၏ အဓိပတိက သူ၏ ရုံးခန်းတွင် ကျွန်တော့်အား ခေါ်၍ တွေ့လေ၏။

"မစ္စတာလူမော် ကွန်ဂရက်ကျူလေးရှင်းပါကွယ်။ မင်းအတွက် တော့ အလွန်တန်ဖိုးကြီးတဲ့ အောင်မြင်မှုကို ရပြီးတဲ့နောက်မှာ နောက်ထပ် စိန်တုံးကြီး တစ်တုံးကိုထပ်ပြီး ကောက်ရသလိုပါပဲ"

အဓိပတိကြီးက အင်္ဂလိပ်ဘာသာဖြင့် ကျွန်တော်အား ပြောလေ၏။ ကျွန်တော်သည် အဓိပတိကြီးပြောသော စကား၏ အဓိပ္ပာယ်ကို အရှင်း နားမလည်အောင် ရှိနေလေတော့၏။

"အဓိပတိကြီး ဘာကိုဆိုလိုတယ်ဆိုတာကို ကျွန်တော် အနေနဲ့ မသိတဲ့အတွက် ခွင့်လွှတ်ပါခင်ဗျာ"

ကျွန်တော်က ယဉ်ကျေးစွာ ပြန်၍ ပြောလိုက်လေ၏။

"ဒီကောလိပ်ကျောင်းမှာ အထူးချွန်ဆုံးနဲ့ ဘွဲ့ရတဲ့ကျောင်းသားကို နာဇီတပ်မတော်က ခေါ်ယူပြီး ပညာရှင်အဖြစ် ခန့်အပ်မယ်လို့ ခေါင်းဆောင် ကြီးဟစ်တလာထံက ကျွန်ုပ်တို့ကျောင်းကို စာတစ်စောင်ဝင်လာတယ်။ မစ္စတာလူမော် အဲဒီကျောင်းကို အခွင့်အရေးကို ရသွားတဲ့ လူကတော့ မင်းပဲကွ။

မင်းဟာ ငါတို့ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် အသိအမှတ် ပြုခံရမဲ့ ပညာရှင်တစ်ယောက် ဖြစ်သွားပြီ မစ္စတာလူမော်ရဲ့"

ကျွန်တော်သည် အဓိပတိကြီး၏ စကားကို ကြားရသောအခါ ဝမ်းသာရတော့မလို ဝမ်းနည်းရတော့မလို ဖြစ်ရလေတော့၏။

"ဟဲ ... ဟဲ ... ဟဲ ဘယ်လိုလဲ မစ္စတာလူမော် ဝမ်းမသာဘူး လား"

အဓိပတိကြီးက မေးလေရာ ...

"ဗျာ ... အဲ ... ဝမ်း ... ဝမ်းသာပါတယ်"

ကျွန်တော်က ပြောလိုက်ပြီးမှ ...

"အဓိပတိကြီးခင်ဗျား ကျွန်တော်က မြန်မာပြည်ကို ပြန်ရဦးမှာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် ခေါင်းဆောင်ကြီးဟာစ်တလာရဲ့ ကမ်းလှမ်းချက်ကို လက်မခံရင် မဖြစ်ဘူးလားခင်ဗျာ''

ကျွန်တော်က မေးလေရာ ...

''အိုးမိုင်ဂေါ့ ... ခေါင်းဆောင်ကြီးဟာစ်တလာရဲ့ အမိန့်ကို ငြင်းမယ်လို့ မကြိုးစားပါနဲ့ မစ္စတာလူမော်။ အခုလို တွေးတာတောင် လွန်လှပြီ။ လူကလေးတို့ မြန်မာပြည်ကို ဘော်ဒီ (ကိုယ်) နဲ့ မပြန်ရဘဲ ဗေပါ (အငွေ့) အဖြစ်နဲ့ ပြန်နေရပါဦးမယ် သတိထားပါ''

အဓိပတိကြီးက မျက်မှောင်ကျုံ့ချက်နှာပျက်ကာ ကြောက်ကြောက်လန့် လန့်နှင့် ပြောလေ၏။

ကျွန်တော့်အား ထိုညက မစ္စတာကိုရှားတို့ ညီအစ်ကိုက ကိုင်ရိုဘား သို့ ခေါ်သွားကာ ဂုဏ်ပြုပွဲလုပ်ကြလေ၏။

ကျွန်တော်ကလည်း ကျွန်တော့်မိဘသဖွယ် ဖြစ်နေကြသော မစ္စတာကိုရှားနှင့် မစ္စတာပောဖ်မန်းတို့ ညီအစ်ကိုအား ကောလိပ်မှ အဓိပတိကြီး ခေါ်ယူပြောဆိုသော စကားကို ပြောပြလိုက်သောအခါ သူတို့ညီအစ်ကိုနှစ်ယောက်စလုံး လွန်စွာ အံ့ဩသွားလေတော့၏။

ပြီးလျှင် အလွန်ဝမ်းသာသွားကြကာ လက်ခုပ်လက်ဝါးများ တီး၍ ပင် ဂုဏ်ပြုကြလေ၏။

''ဟာ ... လူမော်ရယ်။ ခေါင်းဆောင်ကြီး ဟာစ်တလာက အလွန် တော်တဲ့ပညာရှင်တွေကိုမှ သူ့ရဲ့ နာဇီတပ်မတော်ပညာအဖွဲ့မှာ ခေါ်တာကွ။ အခု မင်းရဲ့ ထူးချွန်ထက်မြက်တဲ့သတင်းဟာ ငါတို့ရဲ့ ခေါင်းဆောင်ကြီး နားထဲကို ပေါက်သွားလို့သာ မင်းကို ရွေးချယ်တာ လူမော်ရဲ့''

မစ္စတာကိုရှားက ပြောလေ၏။

''ဟုတ်တော့ ဟုတ်ပါတယ် မစ္စတာကိုရှားရာ။ ဒါပေမယ့် ခင်ဗျားတဲ့အတိုင်း မြန်မာပြည်မှာ ကျွန်တော့်အဖေ တစ်ယောက်ထဲ ကျန်နေခဲ့တာဗျ။ ကျွန်တော် စိတ်မချဘူး''

ကျွန်တော်က ပြောလေရာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းတို့ မြန်မာလူမျိုးတွေရဲ့ အားနည်းချက်လို့ ငါတော့ထင်တာပဲ လူမော်။ ဒီလို အခွင့်အရေးမျိုးကိုရရင် ဘယ်သူမှ လက်လွှတ်ကြမှာမဟုတ်ဘူးကွ။ မင်းတို့က အိမ်ကို အမြဲလွမ်းနေတဲ့ လူမျိုးဆိုတာ ငါသိပါတယ်ကွာ။ ငါက မင်းအခုလို မြောက်စားခံရတာကို အလွန်ဝမ်းသာနေတာ။ မြန်မာပြည်က ငါကိုယ်တိုင်ခေါ်လာတဲ့ ဘူးမားလေးတစ်ယောက်ဟာ ဂျာမဏီပြည်ကြီးရဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ ဟစ်တလာကတောင် နာဇီတပ်မတော်ကြီးရဲ့ ပညာရှင်အဖွဲ့မှာ ခေါ်ယူရတယ်ဆိုပြီး ဂုဏ်ယူနေတာကွ"

မစ္စတာကိုရှားက စိတ်တက်ကြွစွာ ပြောလေ၏။

"ပြီးတော့ တစ်ခုတော့ ရှိသေးတယ် ဘူးမားလူမော်ရဲ့။ ခေါင်းဆောင်ကြီးဟစ်တလာက အင်မတန်အာဏာစက်ပြင်းတာ။ သူ့အမိန့်ကို ငြင်းပယ်ဖို့တော့ မသင့်ဘူးထင်တယ်။ သူ့အမျက်ရှသွားရင် အန္တရာယ်တွေ့နိုင်တယ် ကောင်လေး"

မစ္စတာဟောဖ်မန်းက ဝင်၍ ပြောလေရာ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်ရလေတော့၏။

ကျွန်တော့်မျက်စေ့ထဲတွင်တော့ ကျွန်တော်ပြန်အလာကို မျှော်နေမည့် ဖခင်ကြီးနှင့် ချစ်သူခင်မမ၏ မျက်နှာများကိုသာ မြင်ယောင်နေလေတော့၏။

နောက်ဆုံးတွင်တော့ ကျွန်တော်သည် ဂျာမဏီပြည်ကြီး၏ အရှင်သခင်ဟစ်တလာ၏ အမိန့်ကို လွန်ဆန်နိုင်စွမ်း မရှိသဖြင့် နာဇီတပ်မတော်၏ ပညာရှင်များအဖွဲ့သို့ ဝင်ရောက်လုပ်ကိုင်ရန် ဆုံးဖြတ်လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## လျှို့ဝှက်တာဝန်

နောက်တစ်နေ့တွင် ကျွန်တော်ဘွဲ့ရခဲ့သော အင်ဂျင်နီယာကောလိပ်မှ အဓိပတိကြီး၏ ရုံးခန်းသို့ မှာထားသည့် အချိန်မှာပင် ကျွန်တော်ရောက်ရှိခဲ့လေ၏။

ကျွန်တော့်ကို အဓိပတိကြီးက ဝမ်းသာအားရ ကြိုဆိုပြီးလျှင်

"ကွန်ဂရက်ကျူလေးရှင်း မစ္စတာလူမော်။ နာဇီပညာရှင်အဖွဲ့မှာ ပါဝင်ဖို့အတွက် တို့တက္ကသိုလ်က အတော်ဆုံးကျောင်းသားတစ်ယောက်ကို ရွေးချယ်ခံရတာ ကျောင်းတော်ကြီးအနေနဲ့ အလွန်မှ ဂုဏ်ယူဖို့ကောင်းသလို မစ္စတာလူမော်ရဲ့ အောင်မြင်မှုအတွက်လည်း ဝမ်းသာမိပါတယ်"

ကျွန်တော်လည်း စိတ်မပါသော်လည်း ပြုံးပြလိုက်ရလေတော့၏။ အဓိပတိကြီးက ကျွန်တော့်အား လက်ဖက်ရည်တစ်ပွဲနှင့် ဧည့်ခံ၏။ ဤသို့သော နာမည်ကျော်ကောလိပ်ကျောင်းကြီး တစ်ကျောင်းမှ အဓိပတိကြီး ကိုယ်တိုင်တည်ခင်းသော လက်ဖက်ရည်ပွဲအတွက် ဂုဏ်ယူမည်ဆိုက အလွန်ပင် ဂုဏ်ယူထိုက်လေ၏။

www.burmeseclassic.com



ကျွန်တော်တို့ လက်ဖက်ရည်ပွဲပြီးသွားပြီး မကြာမီမှာပင် နာဇီတပ်မတော်မှ ဗိုလ်မှူးကြီးအဆင့်ရှိသူတစ်ယောက် ဦးဆောင်သောအဖွဲ့သည် အဓိပတိကြီး၏ ရုံးခန်းသို့ ရောက်ရှိလာခဲ့လေ၏။

အဓိပတိကြီးက ရှိသေလေးစားစွာ ကြိုဆိုနှုတ်ဆက်ပြီးလျှင် ကျွန်တော်နှင့် ပတ်သက်သော ကျောင်းသားမှတ်တမ်းကို သူကိုယ်တိုင် ဂျာမန်ဘာသာဖြင့်ဖတ်၍ ပြလေ၏။

ထို့နောက်တွင်တော့ ကျွန်တော်နှင့် ပတ်သက်သော ပညာရည်မှတ်တမ်း၊ ကျွန်တော်၏ ထူးချွန်မှု၊ ကျွန်တော်၏ ပင်ကိုသဘာဝ စသည့်စာရွက်စာတမ်းများကို အိတ်ကြီးတစ်အိတ်တွင် စုံလင်စွာ ထည့်၍ နာဇီတပ်မတော်ဗိုလ်မှူးကြီးအား အပ်လေ၏။

ဤသို့ဖြင့် ကျွန်တော်သည် အဓိပတိကြီးကို နောက်ဆုံးနှုတ်ဆက်ကာ နာဇီအရာရှိများနှင့် လိုက်ပါခဲ့ရလေ၏။

ကျွန်တော့်ကို ဘာလင်မြို့မှ မြူးနစ်မြို့သို့ ခေါ်ခဲ့ကြကာ မြူးနစ်ရှိ နာဇီဌာနချုပ်သို့ ရောက်ခဲ့လေ၏။

လွန်စွာ ကြီးကျယ်ခန်းနားလှသော နာဇီဌာနချုပ်ကြီးအတွင်းမှ အကြီးအကဲများနှင့် တွေ့ပေးလေ၏။

"ဘူးမားလူမျိုး မစ္စတာလူမော်။ မောင်ရင်ရဲ့ ပညာရေးမှတ်တမ်းတွေအရဆိုရင်တော့ တော်တော်ကို အားရကျေနပ်ဖို့ ကောင်းပါတယ်။ ကျွန်ုပ်တို့ နာဇီဌာနချုပ်မှာ ပညာရပ်မျိုးစုံကို အဖွဲ့တွေခွဲပြီး သုတေသနတွေ လုပ်ကြရတယ်။ ပြီးတော့ စမ်းသပ်မှုတွေ တီထွင်မှုတွေ အများကြီးလုပ်ကြတယ်။ ဆေးပညာ၊ ခွဲစိတ်ကုသမှုပညာ၊ လက်နက်အမျိုးမျိုး၊ ယာဉ်အမျိုးမျိုး၊ ဘူမိစစ်နဲ့ပတ်သက်တဲ့ပညာတွေ၊ သတ္တုနဲ့ပတ်သက်တဲ့ပညာတွေကို လေ့လာစမ်းသပ် လုပ်ကိုင်နေတာ။ အချို့ဘက်မှာ တော်တော်အောင်မြင်တာ တွေ့ရှိနေပြီ။ အထူးအဆန်းတွေတောင် ကျွန်ုပ်တို့ တွေ့ထားကြပြီ။

ကုန်ကုန်ပြောရရင် ကျွန်ုပ်တို့ဟာ ခေတ်မီပညာတွေကို တစ်ဘက်က လေ့လာစမ်းသပ်နေကြသလို တစ်ဘက်ကလည်း အံ့ဩဖွယ်အလွန်

www.burmeseclassic.com



ကောင်းတဲ့ ဂမ္ဘီရပညာတွေ၊ ဗိဇ္ဇာဦနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို လည်း လေ့လာခဲ့ကြတယ်။

ဒီတော့ မစ္စတာဘူးမား။ အဲ... ဆောရီး။ မစ္စတာလူမော်က လျှပ်စစ်နဲ့ စက်မှုပညာရှင်အဖွဲ့မှာ ပါဝင်ရလိမ့်မယ်။

မစ္စတာလူမော်ဟာ ဒီကနေ့ကစပြီး နာဇီဌာနချုပ်ရဲ့ လျှို့ဝှက်တာဝန် ကို ထမ်းဆောင်ရတဲ့ ပညာရှင်တစ်ယောက်ဖြစ်ပြီး မစ္စတာလူမော်နေဖို့ ထိုင်ဖို့ကစပြီး အစစအရာရာ လိုလေသေးမရှိအောင် နာဇီဌာနချုပ်က တာဝန် ယူပြီး ဆောင်ရွက်ပေးပါမယ်။

ခဏဆိုရင် မစ္စတာလူမော်နဲ့ သက်ဆိုင်တဲ့ တာဝန်ခံကလာပြီး ခေါ်ပါလိမ့်မယ်"

နာဇီဌာနချုပ်၏ အကြီးအကဲဗိုလ်ချုပ်က ပြောလိုက်ပြီးလျှင် သူ့စားပွဲ ပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်လေ၏။

မကြာမီမှာပင် စစ်ဖိနပ်သံတစ်သံကို ကြားရလေ၏။ အခန်းတံခါး ဝတွင် ဗိုလ်မှူးအဆင့်ရှိသော နာဇီစစ်သားတစ်ယောက် ရောက်လာကာ နာဇီတပ်မတော်၏ ပုံစံအတိုင်း သတိဆွဲ၍ အလေးပြုလေ၏။

ဗိုလ်ချုပ်ကလည်း ပြန်၍ အလေးပြုလိုက်ရာ ...

"မေဂျာ။ မစ္စတာဘူးမားကို ခေါ်သွားပြီး လျှပ်စစ်နဲ့ စက်မှုပညာရှင် အဖွဲ့ ကြီးကြပ်ရေးမှူးကာနယ်ရှီးမန်းဆီကို ပို့ပေးပါ"

"ဟုတ်ကဲ့ ဗိုလ်ချုပ်"

ဗိုလ်မှူးက ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားသောအခါ ကျွန် တော်လည်း ဗိုလ်ချုပ်ကို အရိုအသေပြု၍ ဗိုလ်မှူး၏နောက်မှ လိုက်ခဲ့ရ လေတော့၏။

အခန်းကြီးများကို တစ်ခန်းပြီးတစ်ခန်း ကျော်ဖြတ်လာကာ ဓာတ် ကားကြီးကိုလည်း သုံးကြိမ်ခန့်တက်ခဲ့ရလေ၏။ ဤသို့ဖြင့် နောက်ဆုံးတွင် အခန်းကြီးတစ်ခု၏ ရှေ့တွင် ကျွန်တော့်အား ခေါ်လာသော ဗိုလ်မှူးက ရပ်လိုက်လေ၏။ ပြီးလျှင် အခန်းထဲသို့ အလေးပြုလိုက်ကာ ဝင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း သူ့နောက်မှ ထက်ချပ်မကွာ လိုက်ပါခဲ့ရလေ၏။

"အေး ... ဟုတ်ပြီ မေဂျာ။ ငါလည်း သူ့ကို စောင့်နေတာ။ ခုနပဲ ဗိုလ်ချုပ်ဆီက ဖုန်းဆက်လိုက်တယ်ကွ။ ကဲ ... သူ့ကို ထားခဲ့လို့ ရပါပြီ"

ပြောလိုက်လေရာ ကျွန်တော့်အား လိုက်၍ပို့သည့် ဗိုလ်မှူးသည် ကာနယ်ရိုးမန်းကို အလေးပြု၍ ပြန်ထွက်သွားလေ၏။

"ကဲ ထိုင်ပါ မစ္စတာလူမော်။ စောစောက ဗိုလ်ချုပ်ဖုန်းဆက်တုန်း ကတောင် မှားပြီး မစ္စတာဘူးမားလို့ ပြောနေသေးတယ်။ ပြီးမှ ဗိုလ်ချုပ်က မဟုတ်ဘူး ရိုမန်းရ။ မစ္စတာလူမော်ကွ။ သူ့လူမျိုးက ဘူးမားလူမျိုးလို့ ပြောပြီး ရယ်နေရတယ်"

နာဇီစစ်အရာရှိကြီးများ၏ ရှုတင်းတင်းမျက်နှာများကြားတွင် ကာနယ်ရိုမန်း၏ မျက်နှာမှာ ထူးခြားနေလေတော့၏။ ကာနယ်ရိုးမန်းသည် စကားပြောချိုသာသလောက် မျက်နှာကလည်း အမြဲတမ်း ပြုံးရွှင်နေလေ၏။

"ဟုတ်ကဲ့ပါ ကာနယ်။ ကျွန်တော့်ကို အမိန့်ရှိပါ"

ကျွန်တော်က ပြုံးပြုံးရွှင်ရွှင်ပင် ပြောလိုက်လေရာ ...

"အေး ... ကောင်းတယ်ကွ မစ္စတာဘူးမားရဲ့။ လူဆိုတာ အလုပ် လုပ်ဖို့ တက်ကြွနေတာ အကောင်းဆုံးပဲ။ ဒီလိုကွ မစ္စတာဘူးမား၏၊ မင်းက လျှပ်စစ်နဲ့ စက်မှုပညာရှင်အဖွဲ့မှာ ဝင်ရောက်အမှုထမ်းရမှာဆိုတော့ ဟောဒီ နာဇီဌာနချုပ်ကြီးအနောက်ဖက် ငါးမိုင်လောက်မှာ မင်းတို့ရဲ့ ရုံးကြီး ရှိတယ်။ အဲဒီမှာ မင်းလို ပညာရှင်တစ်ရာကျော် ရှိတယ်။ သူတို့တွေဟာ အဖွဲ့တွေခွဲပြီး စမ်းသပ်မှုမျိုးစုံ လုပ်နေကြတယ်ကွ။ အဲဒီကိုရောက်ရင် မင်းဟာ လက်ရှိ တတ်ထားတဲ့ ပညာတွေအပြင် ထူးခြားတဲ့ လျှို့ဝှက်ပညာတွေကိုပါ ဆက်ပြီး တတ်လိမ့်ဦးမယ်။

အေး ... အဲဒီ ဝန်းကြီးထဲမှာပဲ နေဖို့အိမ် ပေးထားတယ်။ အိမ်ထောင်ရှင်တွေက သီးသန့်နေရတယ်။ စာသင်ကျောင်း၊ ဆေးခန်း၊ ကဖေးနဲ့ နာဇီတပ်မတော်ရဲ့ စစ်ဘားတိုက်တွေ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့တော့ အဲဒီဝန်းကြီးအပြင်ကို ထွက်ခွင့်မရှိဘူး။ ဝန်းကြီးထဲမှာပဲ လိုလေသေးမရှိအားလုံး လုပ်ပေးထားတယ်။ အကြောင်းရှိလို့ အပြင်ကို ထွက်ရမယ်ဆိုရင်လည်း ရှုပ်ပြောင်းရှုပ်လွှဲလုပ်ပြီးမှ ထွက်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ မစ္စတာဘူးမားထမ်းဆောင်ရမယ့်တာဝန်ဟာ နာဇီဌာနချုပ်ရဲ့ လျှို့ဝှက်တာဝန် ဖြစ်နေလို့ပါ''

ကာနယ်ရိုးမန်းက ကျွန်တော့်အား ရှင်းပြလေ၏။

ပြီးလျှင် နာဇီရဲဘော်ကလေးနှစ်ယောက်က ကျွန်တော့်အား စတိုခန်းကြီးထဲသို့ ခေါ်သွားကာ ကျွန်တော်ဝတ်ရန် ဘောင်းဘီအနက်၊ အင်္ကျီလက် ရှည်အပြာရောင်၊ နက်တိုင်အပြာရောင်၊ ဓာတ်ခွဲခန်းဝတ်သည့် ကုတ်အင်္ကျီအရှည်၊ ဖိနပ်စသည်ဖြင့် အဝတ်အစားသုံးစုံ၊ ကျွန်တော်သုံးရမည့် စာအုပ်၊ ဖောင်တိန်မှင်အိုးမှစ၍ နှင်းကာဦးထုပ်၊ ဆွယ်တာလောင်းကုတ် အနွေးထည်များကို ယူနီဖောင်းသေတ္တာတစ်လုံးနှင့် ထုတ်ပေးလေ၏။

ခဏကြာလျှင် တပ်ကြပ်ကြီးတစ်ယောက် ရောက်လာကာ . . .

''ဒီက ကိစ္စပြီးလျှင် ဓာတ်ပုံခန်းကို သွားရပါမယ် မစ္စတာဘူးမား''

ဂျာမန်ဘာသာဖြင့် ပြောလေ၏။ ကျွန်တော်လည်း တပ်ကြပ်ကြီးနောက်သို့ လိုက်ခဲ့ရလေ၏။ ဓာတ်ပုံခန်းတွင် ဓာတ်ပုံရိုက်ယူပြီးသောအခါ ကျွန်တော်၏ အရပ်၊ ကိုယ်အလေးချိန်၊ ထင်ရှားသော အမှတ်အသားတို့ကို စစ်ဆေး၍ ဆေးမှတ်တမ်းအခန်းသို့ ပို့လိုက်ပြန်လေ၏။

ဆေးမှတ်တမ်းအခန်းတွင် ဗိုလ်မှူးကြီးအဆင့်ရှိ ဂျာမန်ဆရာဝန်ကြီးက ကျွန်တော့်အား ဆေးစစ်လေ၏။ သူမေးသမျှကို ဖြေဆိုရလေ၏။

အားလုံးပြီးသွားသောအခါ ကျွန်တော်သည် ကာနယ်ရိုးမန်း၏ အခန်းသို့ ပြန်လာရလေ၏။ ကျွန်တော် ပြန်ရောက်လာပြီး မကြာမီမှာပင် ကျွန်တော်ဓာတ်ပုံကတ်ထားသော မှတ်ပုံတင်ကတ်ပြားကို တပ်ကြပ်ကြီးက လာ၍ ပို့လေ၏။

ထိုကတ်ပြားပေါ်တွင် ကာနယ်ရိုးမန်းကိုယ်တိုင် ဒေါ်ဆိပ်တုံးရိုက်၍ လက်မှတ်ရေးထိုးပေးရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဘဲ့မားကို ဘတ်ချလာရိုးက တိုက်နံပါတ်ငါးဆယ်လေးကို ပို့ပေးပါ"

တပ်ကြပ်ကြီးကို ပြောလေ၏။ ကျွန်တော့်ကိုတော့ မှတ်ပုံတင် ကတ်ပြားကို လှမ်းပေးလေ၏။ ကျွန်တော်လည်း မှတ်ပုံတင်ကတ်ကို ရိုရိုသေ သေ လှမ်းယူလိုက်ကာ တပ်ကြပ်ကြီးနှင့် လိုက်ခဲ့ရလေ၏။

ကျွန်တော် ဌာနချုပ်အဆောက်အဦးကြီး၏ ရှေ့သို့ ပြန်ရောက် သောအခါ စစ်ဂျစ်ကားတစ်စီးက အသင့်စောင့်နေပြီး စောစောက ကျွန်တော့် အဝတ်အစားများ ထည့်ထားသည့် ယူနီဖောင်းသေတ္တာကြီးသည် ဂျစ်ကား ပေါ်တွင် အဆင်သင့်ရောက်နေသည်ကို တွေ့ရလေ၏။ ကျွန်တော့်ကို ယာဉ် မောင်းသူ၏ဘေးတွင် ထိုင်ခိုင်းလိုက်ပြီးနောက် လက်နက်ကိုင်ဆောင်ထား သည့် စစ်သားလေးယောက်သည် အစောင့်အဖြစ်လိုက်ပါကာ မောင်းထွက် သွားခဲ့လေ၏။

ဆယ်မိနစ်ခန့် မောင်းလာသောအခါ အုတ်နံရံအမြင့်ကြီးကာထား သည့် ဝန်းကြီးတစ်ခု၏ ဝင်ပေါက်သို့ ရောက်လာခဲ့လေ၏။ ဝင်ပေါက်ဝတွင် အမြန်စစ်သားများစောင့်နေကာ ကားပေါ်မှပါလာသော တပ်ကြပ်ကြီးက စာ ရွက်တစ်ရွက်ကို ပြလိုက်လေ၏။

ပြီးလျှင် ကျွန်တော့်ဘက်သို့ လှည့်၍ ...

"မစ္စတာဘဲ့မားရဲ့ အိုင်ဒန်တတီကတ်ပေးလိုက်ပါ"

ကျွန်တော်လည်း စောစောက ကာနယ်ပေးလိုက်သော ကတ်ကို ထုတ်၍ ပေးလိုက်သောအခါ စစ်သားလေးတစ်ယောက်ကယူသွားပြီး ဝင်ပေါက်မှ ဂိတ်တာဝန်ရှိသူကို ပြလေ၏။

ဂိတ်တာဝန်ရှိသူက တယ်လီဖုန်းဖြင့်ဆက်ကာ တစ်နေရာကို စကားပြောလေ၏။ ပြီးလျှင် ကျွန်တော်၏ မှတ်ပုံတင်ကတ်ကို ပြန်၍ ပေး လိုက်လေ၏။

"ဝင်လို့ ရပါပြီ"

စစ်သားလေးက ကျွန်တော့်ကို ကတ်ပြားပြန်ပေးပြီး ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားကလေးလည်း ဝန်းကြီးအထဲသို့ မောင်း၍ ဝင်လာခဲ့လေ၏။

"အလို တယ်လည်း ခမ်းနားပါလား ဟရို့"

ကျွန်တော်က စိတ်ထဲမှ ပြောလိုက်မိလေ၏။ ဝန်းကြီးထဲတွင် ကျယ်ဝန်းလှသော အုတ်တိုက်အဆောက်အဦးကြီး၊ ဆယ်လုံးခန့်ကို တွေ့ရလေ၏။ ကွန်ကရစ်ခင်းထားသော ကားလမ်းတစ်လျှောက်တွင် သစ်ပင်များ ပန်းရောင်စုံများ စီတန်း၍ အလှဆင်စိုက်ပျိုးထားသည်မှာ ဝန်းကြီးတစ်ခုလုံး လှပသာယာနေလေတော့၏။

ကာနယ်ရိုးမန်း ပြောလိုက်သကဲ့သို့ပင် စာသင်ကျောင်းဆောင်များ ဆေးခန်းများ၊ ကလပ်အဆောက်အဦး၊ တင်းနစ်ကစားကွင်း၊ ဘောလုံးကွင်း မြင်းပြိုင်ကွင်း၊ အပါအဝင် အိမ်ထောင်သည်များနေသော တစ်ထပ်တိုက်က လေးများ လူပျိုများနေသော ခပ်ငယ်ငယ်တိုက်ပုကလေးများကို ပန်းခြံ သစ်ပင်၊ ဂျစ်ကားဂိုဒေါင်အပါအဝင် နေချင့်စဖွယ် ဆောက်လုပ်ပေးထားသည် ကို တွေ့ရလေ၏။

ဤဌာန၏ ကြီးကြပ်ရေးမှူးကြီး ကာနယ်ရိုးမန်းကိုယ်တိုင်ပင် ဤ ဝန်းကြီးထဲ၌ နေထိုင်ကြောင်း ကျွန်တော်အား လိုက်ပို့သည့် တပ်ကြပ်ကြီးက လမ်းတွင် ပြောပြလေ၏။

တိုက်နံပါတ် ငါးဆယ့်လေးရှေ့တွင် ဂျစ်ကားကလေးကို ရပ်လိုက် သောအခါ တိုက်ထဲမှ စစ်သားကလေးနှစ်ယောက် ပြေးထွက်လာကာ ကျွန် တော်၏ သေတ္တာကို မ,ယူသွားကြလေ၏။

"ကဲ မစ္စတာဘူးမား။ ကျွန်ုပ်တို့ကို ခွင့်ပြုပါ" ဟု တပ်ကြပ်ကြီးက ပြောကာ ဂျစ်ကားကလေးကို မောင်း၍ ထွက်သွားလေတော့၏။

ကျွန်တော် နေရမည့် တစ်ထပ်တိုက်ပုကလေးကို စစ်သားကလေး နှစ်ယောက်က ခန်းဆီးတပ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ မီးလုံးများတပ်ပေးခြင်း တို့ကို ပြုလုပ်ကာ ကျွန်တော့်အား တိုက်ကလေး၏ သော့နှင့် ကားဂိုဒေါင် ထဲရှိ ဂျစ်ကားသော့ကို အပ်ခဲ့လေ၏။ ပြီးလျှင် သူတို့ တာဝန်ပြီးပြီဖြစ်သဖြင့် နှုတ်ဆက်ကာ ပြန်သွားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## အံ့ဩဖွယ် ဟစ်တလာ

လျှပ်စစ်နှင့် စက်မှုပညာရှင် ဝန်းကြီးထဲတွင် နေထိုင်ရင်း မစ္စတာဘူးမားဟူ၍ လူသိများလာခဲ့ရလေ၏။ ကျွန်တော်၏နာမည် လူမော်ဟူသော အမည်ကို သိသူပင် မရှိသလောက်ဖြစ်လာကာ ပညာရှင်ဝန်းကြီးထဲရှိ နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံက မစ္စတာဘူးမားဟုပင် ခေါ်ကြလေတော့၏။

လျှို့ဝှက်တာဝန် ထမ်းဆောင်နေသူများဟု သတ်မှတ်ကာ အထူးအခွင့်အရေးများ ပေးထားသော်လည်း အမှန်စင်စစ်တော့ ထောင်ကြီးတစ်ခုအတွင်း၌ နေရသည့် ထောင်ကျနေသူများပင် ဖြစ်လေ၏။

လွတ်လပ်မှုဟူ၍ ဘာမှမရှိဘဲ အမြဲတမ်း နာဇီတပ်သားများ၏ မျက်စေ့ဒေါက်ထောက်၍ ကြည့်နေသည်ကို ခံနေကြရလေ၏။

ကျွန်တော့်အတွက်တော့ အစစအရာရာသည် အံ့ဩစရာချည်းသာ ဖြစ်နေလေတော့၏။ ဟစ်တလာသည် ပညာရှင်များကို လက်သပ်မွေးကာ ထူးခြားထက်မြက်သည့် အစွမ်းရှိသော အရာများကို ရှာဖွေလေ့လာရန် တီထွင်ရန် အမြဲတမ်း စိတ်အားထက်သန်နေသူ ဖြစ်လေ၏။

သူ၏ ပညာရှင်များအနက်မှ မနုဿဗေဒနှင့် သတ္တဗေဒပညာရှင်များပေါင်းကာ တိရိစ္ဆာန်များကို လူကဲ့သို့ သိလာအောင် စမ်းသပ်ခြင်း၊ လူ



www.burmeseclassic.com

www.burmeseclassic.com



များကို ဘီလူးကြီးများသဖွယ် ဖြစ်လာအောင် စမ်းသပ်ဆေးထိုးခြင်း အဝါ အဝင် လူကို တမဟုတ်ခြင်း သေစေနိုင်သည့် အဆိပ်များကို စမ်းသပ်ရသည့် ဓာတုဗေဒ ပညာရှင်များအဖွဲ့လည်း ရှိလေ၏။

ထို့အပြင် ဗိုညာဉ်များကို စုစည်း၍ ခိုင်းစေ၍ရအောင် စမ်းသပ်နေ သော ပညာရှင်များလည်း ရှိလေ၏။ လူစင်စစ်မှ ကိုယ်ပျောက်အောင် ပြု လုပ်နိုင်သည့် ဆေးဝါးများကိုလည်းကောင်း ယန္တရားစက်အမျိုးမျိုးကိုလည်း ကောင်း အမြဲတမ်းဆွေးနွေးတိုင်ပင်ကာ စမ်းသပ်လုပ်ကိုင်နေသည့် ပညာရှင် ကြီးများလည်း ရှိလေ၏။

တစ်ခါက ကျွန်တော်၏မိတ်ဆွေ ဒေါက်တာမာဒင်နှင့်အတူ လိုက် သွားခဲ့ရလေရာ မနုဿဗေဒ စမ်းသပ်ခန်းသို့ ရောက်သွားခဲ့လေ၏။

ထိုစမ်းသပ်ခန်းကြီးထဲတွင် လူထက်ဆယ်ဆမကကြီးသော လူဘီ လူးကြီးတစ်ကောင်ကို တွေ့ရလေရာ ကျွန်တော့်မှာ လွန်စွာ အံ့ဩတုန်လှုပ်ခဲ့ ရလေ၏။ စုံစမ်းကြည့်သောအခါ ဟာစ်တလာ၏ ညွှန်ကြားချက်ဖြင့် ယခုကဲ့သို့ ဆေးထိုးစမ်းသပ်ခဲ့ခြင်းဖြစ်ကာ ဤသို့သော ဘီလူးကြီးများလို ဖန်တီး၍ စစ်ပွဲကြီးများတွင် အသုံးပြုရန် ကြံရွယ်နေခြင်းဖြစ်ကြောင်း သိလာရလေ၏။

ဤကဲ့သို့ ပညာရှင်များကို ဖွဲ့စည်းကာ အကုန်အကျခံ၍ စမ်းသပ် နေသည့် အဓိကရည်ရွယ်ချက်မှာ စစ်ရေးအတွက်သာဖြစ်ကြောင်း ကျွန်တော် သိလာရသောအခါ ဟာစ်တလာကို များစွာ အံ့ဩခဲ့ရလေ၏။

ကျွန်တော့်အနေနှင့်ကား ယခုကဲ့သို့ ပညာရှင်များအဖွဲ့တွင် ရှိခဲ့ သည်။ လွန်စွာမှ တိုးတက်လာခဲ့ရလေ၏။ ကျွန်တော်၏ ဖခင်ကြီးဆန္ဒရှိသည့် အတိုင်း အင်ဂျင်နီယာပညာကို ထူးထူးချွန်ချွန် တတ်မြောက်ခဲ့လေ၏။ သို့ သော် ဘွဲ့ရကာနီးအချိန်က ကျွန်တော်သည် မြန်မာပြည်သို့သွားမည့် ဂျာမန် မိတ်ဆွေတစ်ဦးမှတဆင့် တင်မောင်မောင်ထံသို့ လိပ်မူကာ ဘွဲ့ရတော့မည့် အကြောင်း၊ မကြာမီပြန်လာခဲ့မည့်အကြောင်းများ ခင်မမကို အလွန်သတိရ လွမ်းဆွတ်သည့်အကြောင်းကို ပြောပေးရန်တို့ကို စာတစ်စောင် ရေးသားခဲ့ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘွဲ့ရသောအခါတွင် ယခုကဲ့သို့ မမျှော်လင့်သော အဖြစ်များနှင့် ကြုံခဲ့ရလေရာ ကျွန်တော်လည်း မည်သို့မျှ မတတ်နိုင်တော့ဘဲ စောင့်မျှော်နေမည့် ခင်မမနှင့် ဖခင်ကြီးကို သတိရနေရုံသာ တတ်နိုင်တော့လေ၏။

မြို့ထဲသို့ ထွက်ရလျှင်လည်း နဂိုရုပ်အတိုင်း ထွက်ခွင့်မရှိဘဲ ရုပ်အမျိုးမျိုးဖျက်ကာ ထွက်ရလေ၏။ ဤသို့ ရုပ်အမျိုးမျိုးဖျက်ရလွန်းသဖြင့် နာဇီတို့၏-ရုပ်ဖျက်ခြင်း အတတ်ပညာကို ကျွန်တော်သည် ကျွမ်းကျင်စွာ တတ်မြောက်ခဲ့လေတော့၏။

မစ္စတာကိုရှားနှင့် မစ္စတာဟောမန်းတို့ထံသို့ တစ်ခါတစ်ရံတွင် ရောက်သွားကာ ဝိုင်အတူတူသောက်ကြလေ၏။

ထိုသို့သော အခါများတွင် မစ္စတာဟောဖ်မန်းက သူတို့ခေါင်းဆောင်ကြီး ဟစ်တလာသည် မကြာမီတွင် ကမ္ဘာကြီးတစ်ခြမ်းကို သိမ်းပိုက်လိမ့်မည် ဖြစ်ကြောင်း ပြောတတ်လေ၏။

ကျွန်တော့်အားလည်း တွေ့တိုင်းပင် မေးသည့်အရာမှာ...

"လူမော် မင်းတို့ ပညာရှင်အဖွဲ့က ဘာတွေစမ်းသပ်နေကြတာလဲ"

ထိုသို့မေးတိုင်း ကျွန်တော်က ဝေ့လည် ကြောင်ပတ်လုပ်၍သာ ဖြေတတ်လေ၏။ ကျွန်တော်တို့သည် ဟစ်တလာ၏ လျှို့ဝှက်တာဝန်ကို ထမ်းဆောင်နေကြသူများ ဖြစ်လေရာ အလုပ်တာဝန် စည်းကမ်းကို ကျွန်တော်သည် အမြဲတမ်း ထိန်းသိမ်းနေထိုင်ရလေတော့၏။

ကျွန်တော် လုပ်ကိုင်စမ်းသပ်နေရသော အလုပ်များက ဆားကစ်ခေါ်လျှက် စီးပါတ်လမ်းကလေးများဖြစ်ကာ ယင်းတို့ကို အဝေးတစ်နေရာမှ ကွန်ထရိုးခေါ်သည့် ပစ္စည်းတစ်မျိုးဖြင့် ထိန်းချုပ်ပြီး လိုသလို ပြုလုပ်နိုင်သည့် အရာကို ရှာဖွေစမ်းသပ်နေရခြင်း ဖြစ်လေ၏။

ထိုသို့ ကွန်ထရိုးကလေးများကို စမ်းသပ်နေရင်းမှ မြို့ကလေးတစ်ခုကဲ့သို့ တည်ထားသော ပညာရှင်ဝန်းကြီးထဲတွင် ပျော်စရာ မဟုတ်သော ပျော်စရာများဖြင့် ဖြေသိမ့်နေထိုင်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ကြည့်ခြင်း၊ ကာလပ်တက်၍ ဘိလိယက်ထိုးခြင်း၊ အရက်သောက်ခြင်းများဖြင့် ညနေတိုင်း တင်းနစ်ကစားခြင်း၊ ခရစ်ကက်ကစားခြင်းများဖြင့်သာ စိတ်ကို ဖြေဖျောက်နေရလေတော့၏။

တစ်ရက်တွင် ကျွန်တော်သည် ကာနယ်ရိုးမန်း၏ တာဝန်ပေးစေခိုင်းချက်အရ သတ္တဗေဒပညာရှင်များ၏ ပညာရှင်ဝန်းကြီးထဲသို့သွားကာ သတ္တဗေဒပညာရှင်ကြီး ဒေါက်တာအိုနေး၏ စမ်းသပ်ခန်းတွင် လျှပ်စစ်ပစ္စည်းတစ်ခုကို သွားရောက်တပ်ဆင်ပေးရလေ၏။

ကျွန်တော် ရောက်သွားသော အချိန်တွင် ဒေါက်တာအိုနေးသည် သူ၏ စားပွဲပေါ်မှ ခလုတ်ကလေးကို နှိပ်လိုက်လေရာ အခန်းထဲသို့ မိန်းကလေးတစ်ယောက် ဝင်လာကာ ကော်ဖီခွက်ကို လာ၍ ပို့လေ၏။

"ဟာ"

ကျွန်တော်မှာ အံ့ဩလွန်းသဖြင့် လွှတ်ခနဲ အော်လိုက်မိလေ၏။ အခန်းထဲသို့ ဝင်လာသော မိန်းကလေးမှာ လှပသော ကိုယ်လုံးကလေးရှိကာ ဂါဝန်ရှည်ကလေး ဝတ်ဆင်ထားလေ၏။ သို့သော် မျက်နှာကို မော့ကြည့်လိုက်သောအခါ အမွှေးအမျှင်များနှင့် ကြောင်တစ်ကောင်၏ မျက်နှာဖြစ်၍ နေလေ၏။

ကျွန်တော်လည်း ထိုမိန်းကလေးလာပို့သော ကော်ဖီကို သောက်ချင်စိတ်ပင် မရှိတော့ပေ။ သို့သော် ဒေါက်တာအိုနေးက အတင်းတိုက်နေသဖြင့်သာ တစ်ကြိုက်ထဲ သောက်ချလိုက်မိလေတော့၏။

ပြီးလျှင် ကျွန်တော်က တပ်ဆင်ပေးမည့် လျှပ်စစ်ပစ္စည်းကို ဝိုင်းကူတပ်ဆင်ပေးရန် လူနှစ်ယောက်ကို ဒေါက်တာအိုနေးက ခေါ်လိုက်လေရာ-

"အောင်မလေးဗျ"

ကျွန်တော်က အော်လိုက်မိလေတော့၏။

ဝင်လာသော လူနှစ်ယောက်မှာ ဘောင်းဘီနှင့် ကုတ်အင်္ကျီကို အကျအန ဝတ်ထားသော်လည်း ခေါင်းကြီးများမှာ ဝံပုလွေ၏ မျက်နှာများဖြစ်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်နှင့် လုပ်စရာရှိသည်ကို မြန်မြန်လုပ်ကိုင်ပေးပြီး ပြန်ပြေးလာခဲ့ရလေတော့၏။

တစ်ခါတွင် ကျွန်တော်သည် ဆေးပညာရှင်အဖွဲ့သို့ သွားရောက်ကာ လျှပ်စစ်ပစ္စည်းများ တပ်ဆင်ပေးရလေရာ ဖန်ပြွန်များအတွင်း၌ သန္ဓေတည်၍ ရှင်သန်နေသည့် သန္ဓေသားကလေးများကိုလည်း တွေ့ခဲ့ရလေ၏။

ကျွန်တော်၏ ထိတ်လန့်တုန်လှုပ်သည့် အမူအယာကို တွေ့ရသောအခါ ဆေးပညာရှင်ကြီး ဒေါက်တာဗီဗားက ဖန်ပြွန်နှင့် သန္ဓေတည်၍ မွေးထားသော ယုန်ကလေးများကို လိုက်လံပြသလေ၏။

"မစ္စတာဘူးမား ကျွန်ုပ်တို့က တိရိစ္ဆာန်မျိုးစုံကို ဖန်ပြွန်တွေနဲ့ မွေးဖွားခဲ့ဖူးပါပြီ။ အားလုံး အောင်မြင်ခဲ့တယ်။ အခုမှစပြီး စမ်းသပ်တာပါ။ ဒါလည်း အောင်မြင်မယ်လို့ ကျွန်ုပ် ထင်ပါတယ်"

ကျွန်တော်သည် ဂျာမဏီပြည်ရှင်၏ ရည်ရွယ်ချက်နှင့် စမ်းသပ်မှုများကို တွေ့ရသောအခါတွင် ကြက်သီးမွေးညှင်းပင် ထခဲ့ရလေတော့၏။

တစ်ခါတရံတွင် နေ့ဘက်၌ မြင်ခဲ့တွေ့ခဲ့ရသော အရာများကို ချက်စေ့ထဲတွင် စွဲနေတာ တစ်ညလုံး အိပ်မပျော်အောင်ပင် ရှိခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## ယန္တရားရုပ်ကလေးများ

ကျွန်တော်တို့ ပညာရှင်အဖွဲ့မှ စမ်းသပ်ပြုလုပ်နေသော ဆားကစ်ကလေးများနှင့် ကွန်ထရိုးများလည်း အောင်မြင်လာခဲ့ပြီဖြစ်လေရာ ကျွန်တော်တို့သည် စမ်းသပ်မှု အမျိုးမျိုးကို လုပ်နေကြရလေတော့၏။

ပထမဆုံးတွင်တော့ လိပ်ပြာကလေးများ ပြုလုပ်ကာ ဆားကစ်သေးသေးကလေးများ ပြုလုပ်၍ လိပ်ပြာ၏ ကျောကုန်းထဲတွင်ထည့်ကာ ပြုလုပ်ကြရလေ၏။ ပြီးလျှင် အကျီတွင်တတ်သည့် နှိပ်ကြယ်သီးအရွယ်ခန့်ရှိသော ဓာတ်ခဲကလေးများထည့်ကာ ကွန်ထရိုးနှင့်ထိန်းကာ လွှတ်တင်ခဲ့ကြရလေ၏။

ပထမတွင် စက္ကန့်ပိုင်းမျှသာ ပျံဝဲနိုင်သော်လည်း တဖြေးဖြေးနှင့် အချိန်ကြာမြင့်စွာ ပျံဝဲလာနိုင်လေ၏။ ထိုသို့ ပြုလုပ်ရာတွင် လျှပ်စစ်ပညာသက်သက်နှင့် ပြုလုပ်၍ ရသည်မဟုတ်ဘဲ စက်မှုပညာပါ ပေါင်းစပ်ပြုလုပ်ရခြင်း ဖြစ်လေရာ လွန်စွာမှ သေးငယ်သော စက်ယန္တရားကလေးများကိုလည်း ပြုလုပ်တတ်ဆင်ကြရလေ၏။

လိပ်ပြာအရွယ်မျိုးစုံကို တကယ့်လိပ်ပြာများနှင့်မခြား ပြုလုပ်ကာ စမ်းသပ်ခဲ့ကြရာ အောင်မြင်မှုရခဲ့ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတွင် ရောင်စုံလိပ်ပြာကလေးများ အကောင်တစ်ရာခန့်ကို ပန်းခင်းကြီးထဲတွင် ကွန်ထရိုးဖြင့် ကျွန်တော်တို့အုပ်စု လွှတ်တင်စမ်းသပ်ကြည့်ကြသောအခါ ပညာရှင်ဝန်းကြီးထဲမှ ကလေးများသည် အလွန်ပျော်ရွှင်ခဲ့ကြလေ၏။

ထိုမှတစ်ဆင့်တက်ကာ ကျွန်တော်တို့သည် ယန္တရားပိတုံးကောင်များ၊ ငှက်ကလေးများကို ထပ်မံတီထွင်အောင်မြင်ခဲ့ကြပြန်၏။ ကျွန်တော်တို့ပြုလုပ်သော နိုငှက်ကလေးများသည့် တကယ့်ငှက်နှင့်မခြား ပျံဝဲနိုင်ကြလေ၏။

ထို့နောက်တွင်တော့ သိန်းငှက်ကြီးများ ပြုလုပ်ကာ အလွန်မြင့်သောနေရာ၌ ဝဲပျံခိုင်းနိုင်ခဲ့လေ၏။ လေယာဉ်ပျံကလေးများ သင်္ဘောကလေးများကို ပြုလုပ်ကြကာ ကွန်ထရိုးနှင့် လွှတ်ခဲ့ပြန်၏။



နာဇီခေါင်းဆောင်ကြီး ဟစ်တလာ

ဆုပြည့် စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကွန်ထရိုးကို နိုင်နင်းစွာ ပြုလုပ်လာနိုင်ကြသောအခါ တစ်တလာ၏ ရည်ရွယ်ချက်အတိုင်း နောက်တစ်ဆင့်တက်ကြရလေ၏။ အဘယ့်ကြောင့်ဆိုသော် ဂျာမနီပြည်ရှင်ဟစ်တလာသည် ယန္တရားရုပ်ကလေးများကို အလှကြည့်လိုသူ မဟုတ်ဘဲ စစ်ရေးအတွက် အသုံးပြုလိုသူ ဖြစ်လေရာ နာဇီတပ်မှ လက်နက်ပါရဂူများကို မှာယူကာ ပူးပေါင်းကြရလေတော့၏။

ကျွန်တော်တို့က ယန္တယားရုပ် ကျီးကန်းများကို ပြုလုပ်ကြရလေ၏။ လက်နက်ပါရဂူများက ပေါက်ကွဲအားပြင်းထန်သည့် ဗုံးအသေးစားကလေးများကို ပြုလုပ်ကာ ကျီးကန်းများ၏ ကိုယ်ထဲတွင် အကန့်ကလေးများ ပြုလုပ်ကာ ထည့်သွင်းကြရလေ၏။

ပြီးလျှင် ဝါယာကလေးများ တပ်၍ ဆားကစ်ပြားထည့်ရလေ၏။ လိပ်ပြာကလေးများကိုလည်း ပြုလုပ်ကြကာ အဆိပ်ပါရဂူနှင့် ပူးပေါင်း၍ ဆေးထိုးအပ် အသေးစားကလေးများ ပြုလုပ်ကာ လွန်စွာမှ ပြင်းထန်သည့် အဆိပ်များကိုထည့်၍ လိပ်ပြာ၏ ဝမ်းဗိုက်ထဲတွင် အဆိပ်ပိုက်ကလေးများကို စနစ်တကျတပ်ဆင်ကြရလေ၏။ ခလုတ်နှိပ်လိုက်လျှင် လိပ်ပြာကလေးများက ကိုယ်လုံးကလေးကို ကွေးသွားလေရာ ဆေးထိုးအပ်ကလေးများကို ဖိကိုက်သလို ဖြစ်သွားပြီး လွန်စွာ သေးငယ်သည့် အပ်ကလေးမှ အဆိပ်များ ထွက်သွားလေ၏။ ယန္တရားပိတုန်းများတွင်လည်း အဆိပ်အပ်ကလေးများ တပ်ဆင်ရလေ၏။

ထို့နောက်တွင်တော့ ရေငုပ်သင်္ဘောသုံး တော်ပီဒိုအသေးကလေးများ ပြုလုပ်ခိုင်းကာ ကွန်ထရိုး တပ်ဆင်ကြလေ၏။

အားလုံးကို စိတ်တိုင်းကျ ပြုလုပ်ကြပြီးနောက်တွင်တော့ ပညာရှင်ဝန်းကြီးထဲတွင် ပန်းခင်းများ စိုက်ပျိုးပြီး အလှပြင်ကြရလေ၏။ ဤအလုပ်ကိုတော့ စိုက်ပျိုးရေးဘက်မှ ပညာရှင်များက လာ၍ ပြုလုပ်ကြလေ၏။

ပြီးလျှင် ရေကန်တစ်ခုကို ပြုလုပ်ကြလေ၏။ ရေကန်မှာ အနံ သုံးပေခန့်သာရှိပြီး အနံကျဉ်း၍ အလျားမှာ ပေတစ်ရာခန့် ရှိလေ၏။ ထိုကဲ့သို့ ရေမြောင်းတစ်ခုသဖွယ် ရေကန်ငါးခု ပြုလုပ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အဆောက်အဦးသမားများ ရောက်လာကာ ဗိုလ်ရှုစင်များ တည်ဆောက်၍ အလှဆင်ကြလေ၏။

တစ်ရက်တွင်တော့ စုဝေးခန်းမကြီးထဲတွင် ကျွန်တော်တို့ ပညာရှင်များအားလုံးကို ခေါ်ယူကာ ကာနယ်ရိုးမန်းက စကားပြောလေ၏။

"လျှပ်စစ်နှင့် စက်မှုပညာရှင်ကြီးများ ခင်ဗျား။ ခင်ဗျားတို့ရဲ့ ပညာစွမ်း၊ အားထုတ်အစွမ်းများကြောင့် ယန္တရားပညာကြီးမှာ ခရီးအတော်ပင် ပေါက်ခဲ့ပေပြီ။ ခင်ဗျားတို့ရဲ့ အောင်မြင်မှုများကို ခေါင်းဆောင်ကြီးဟာစ်တလာထံသို့ ကျွန်ုပ်ကိုယ်တိုင် အစီရင်တင်ပြပေးခဲ့ပါတယ်။ ခေါင်းဆောင်ကြီးကလည်း ဝမ်းသာအားရဖြစ်ရပါတယ်။ အဲဒီနောက်တော့ ခင်ဗျားတို့ရဲ့ အံ့ဩဖွယ်ပညာစွမ်းများကို ခေါင်းဆောင်ကြီးက မြင်လို တွေ့လိုသဖြင့် ပြပွဲကလေး ပြုလုပ်ပြသရန် ကျွန်ုပ်စီစဉ်ခဲ့ပါတယ်။

မနက်ဖြန်ဆိုရင် ခေါင်းဆောင်ကြီးဟာစ်တလာကိုယ်တိုင် ဟောဒီပညာရှင်ဝန်းကြီးထဲကို ကြွလာပြီး ပြပွဲကို ကြည့်ရှုမှာ ဖြစ်ပါတယ်။ ဒီတော့ ပြပွဲမှာ အတိမ်းအစောင်း အမှားအယွင်းမရှိအောင် ကြိုးစားဆောင်ရွက်ကြပါလို့ ကျွန်ုပ်ပြောချင်ပါတယ် ဒါပါပဲ။ မနက်ဖြန် ပြပွဲအတွက် အားလုံးပြင်ဆင်ကြပါ"

ပြောလိုက်သောအခါ ကျွန်တော်တို့လည်း ကိုယ့်အလုပ်ခန်းသို့ ကိုယ်ဝင်ခဲ့၍ ကွန်ထရိုးများကို စစ်ဆေးခြင်း၊ ကျွမ်းကျင်အောင် လေ့ကျင့်ခြင်းများကို တစ်နေကုန် ပြုလုပ်ကြရလေ၏။

နောက်တစ်နေ့တွင်တော့ ဟာစ်တလာ၏ လက်ရွေးစင်တပ်များ၊ ကိုယ်ရံတော်တပ်များသည် မနက်အစောကြီးကတည်းက ပညာရှင်ဝန်းကြီးအတွင်းတွင် နေရာယူထားလိုက်ကြလေတော့၏။ ကျွန်တော်တို့ ပညာရှင်များကလည်း ကိုယ်ပြရမည့် ပြကွက်အတွက် အဆင်သင့် ပြင်ထားရလေ၏။

ဟာစ်တလာနှင့် ဗိုလ်ချုပ်ကြီးများ ကြည့်ရှုရန် ဗိုလ်ရှုစင်ကြီးကို လှပစွာ ဆောက်လုပ်ထားသည့်အပြင် ခေါင်းဆောင်ကြီး ဟာစ်တလာ ဆင်းရပ်မည့် နေရာမှ ဗိုလ်ရှုစင်ကြီးအထိ ကော်ဇောနီကြီး ခင်းထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နံနက် ကိုးနာရီတိတိတွင် ရှေ့ပြေးတပ်ဖွဲ့များ ရောက်ရှိလာပြီး မရှေ့မနှောင်းမှာပင် ခေါင်းဆောင်ကြီးဟာစ်တလာနှင့် ဗိုလ်ချုပ်ကြီးများ ရောက်ရှိလာလေတော့၏။

ကော်ဖေါနီကြီးအတိုင်း လျှောက်သွားကြကာ ဗိုလ်ရှုစင်၌ နေရာယူလိုက်ကြသောအခါ ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း အစားအသောက်များနှင့် ဧည့်ခံကျွေးမွေးလေ၏။

ကာနယ်ရိုးမန်းက ခေါင်းဆောင်ကြီးဟာစ်တလာကို လျှပ်စစ်နှင့်စက်မှုပညာရှင်များ တီထွင်အောင်မြင်နေကြပြီဖြစ်သော ယန္တရားအရုပ်များအကြောင်းကို ပြောပြသောအခါ ဟာစ်တလာသည် အလွန်စိတ်ဝင်စားနေပြီဖြစ်သဖြင့် သရုပ်ပြပွဲကို စတင်ရန် ခိုင်းလေတော့၏။

ပထမဆုံးတွင် လိပ်ပြာကလေးများကို ပန်းခင်းကြီးပေါ်သို့ လွှတ်တင်လိုက်ကြပြီးလျှင် ကွန်ထရိုးနှင့် ဝဲပျံပြလေ၏။

ဟာစ်တလာသည် နှုတ်ခမ်းမွေးကြီးကားသွားသည်အထိ ပြုံးပြုံးကြီးပြုလုပ်၍ လိပ်ပြာများကို ကြည့်လေ၏။

ပညာရှင်ယာ့နီဖောင်း အပြည့်အစုံဝတ်ထားသည့် ကျွန်တော်တို့အုပ်စုမှ ကွန်ထရိုးများကိုင်ကာ ယန္တရားလိပ်ပြာများကို ထိန်းချုပ်ပျံဝဲပြကြရလေ၏။

ထိုအချိန်တွင် အချို့ပညာရှင်များက ယုန်ကလေးများကို ယူ၍ မြေကွက်လပ်တွင် လွှတ်ပေးလိုက်သောအခါ ယုန်ကလေးများသည် ဦးတည်ရာဘက်သို့ ပြေးကြလေ၏။

ထိုစဉ်မှာပင် ပန်းခင်းပေါ်၌ ပျံဝဲနေသော လိပ်ပြာများသည် ယုံများနောက်သို့ ပျံဝဲ၍ လိုက်ကြလေ၏။ ယုန်များ၏ အပေါ်သို့ ရောက်သောအခါ ပျံဝဲကာ ဆင်းလာကြပြီးလျှင် ယုန်များအပေါ်သို့ နားလိုက်ကြလေ၏။ ပြေးနေသော ယုန်များသည် တစ်ကောင်ပြီးတစ်ကောင် တုံးခနဲ တုံး၍ လဲကြသွားလေတော့၏။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်များက အံ့ဩအော်ဟစ်လိုက်ကြကာ လက်ခုပ်တီးကြလေ၏။ လိပ်ပြာများကတော့ ပျံ့ဝဲ၍ တက်လာကာ ပန်းခင်းကြီးပေါ်၌ ဝဲကာ ဝဲကာ ပျံနေကြလေတော့၏။

ဒုတိယပြကွက်အဖြစ် နက်မှောင်နေသော ပိတုန်းများသည် ဝီဝီမြည်ကာ ပျံတက်လာကြလေ၏။ ပိတုန်းအကောင်ငါးဆယ်ခန့်သည် လေထဲတွင် အုပ်လိုက်ပျံဝဲကာ ဟန်ရေးပြကြလေ၏။

ထိုအချိန်တွင် မြေကွက်လပ်ကြီးထဲသို့ ဆိတ်အကောင်နှစ်ဆယ်ခန့်ကို မောင်းထုတ်လိုက်လေရာ ဆိတ်များက အလန့်တကြား ပြေးကြလေ၏။ လေထဲတွင် ဝဲနေသော ပိတုန်းများသည် ဆိတ်များပေါ်သို့ ထိုးဆင်းသွားကြလေတော့၏။

ပိတုန်းများ ပျံတက်လာ၍ ခဏကြာသောအခါ ဆိတ်များသည် တုံးခနဲ လဲကျသေဆုံးသွားကြလေ၏။

"ဟေး"

ဗိုလ်ချုပ်ကြီးများက ဝမ်းသာအားရစွာ လက်ခုပ်တီးကြလေ၏။

"တော်တော့်ကို ခရီးရောက်နေမှကိုး ကာနယ်ရိုးမန်းရဲ့"

ခေါင်းဆောင်ကြီးဟစ်တလာက ပြောလေရာ ကာနယ်ရိုးမန်းကြီးလည်း သွားများပေါ်အောင် ပြုံးနေလေတော့၏။

ထို့နောက်တွင်တော့ စစ်သင်္ဘောပုံစံလုပ်ထားသော သင်္ဘောငယ်လေးတစ်စင်းကို ရေကန်ထဲတွင် ကွန်ထရိုးဖြင့် လွှတ်လိုက်လေ၏။ ယခုပြသရမည့် အလှည့်သည် ကျွန်တော်၏ အလှည့်ဖြစ်လေရာ ကျွန်တော် တာဝန်ယူရမည့် ဗုံးကျဲလေယာဉ်အငယ်စားကလေးလို လွှတ်တင်ကာ ကွန်ထရိုးဖြင့် ထိန်းချုပ်မောင်းနှင်ရလေတော့၏။

သုံးပတ်ခန့် ဝဲပြီးသောအခါ ကျွန်တော်၏ လေယာဉ်ကလေးကို ရေကန်ထဲမှ သင်္ဘောပေါ်သို့ ဝဲ၍ ပျံလိုက်ကာ ပစ်မှတ်ကို သေသေချာချာ ယူ၍ ကွန်ထရိုးမှ ခလုတ်ကလေးကို ဆတ်ခနဲ နှိပ်လိုက်သောအခါ လေယာဉ်တောင်ပံအောက်မှ ဗုံးအသေးစားကလေးနှစ်လုံးသည် ကန်၍ ထွက်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



ရေကန်ထဲတွင် မောင်းနှင်နေသည့် စစ်သင်္ဘောကလေးအား တည့်တည့်ချိန်
မှန်သွားကာ ပြင်းထန်သော ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်သွားလေတော့၏။

"ဝုန်း"

အသံကြီးနှင့်အတူ ဟာစ်တလာသည့် ဆတ်ခနဲ မတ်တပ်ထလေ၏။ အခြားဗိုလ်ချုပ်ကြီးများလည်း ဟာစ်တလာနည်းတူ မတ်တပ်ထလိုက်ကာ ပါးစပ်များဟောင်းလောင်း ဖြစ်နေကြတော့၏။

ပြီးလျှင် ခေါင်းဆောင်ကြီးဟာစ်တလာက ကျွန်တော့်အား လက်ညှိုးနှင့်ထိုးကာ ...

"ဒါ ဘယ်သူလဲ"

ကာနယ်ရှိုးမန်းက တစ်စုံတစ်ခုကို ပြောလိုက်သော အခါ ...

"ဟေး ... ဘူးမား ... ခမ်းဟီရားကွစ်"

ခေါင်းဆောင်ကြီးဟာစ်တလာက ကျွန်တော့်အား ဝမ်းသာအားရလှမ်း၍ ခေါ်လေရာ ကျွန်တော်လည်း မရဲတရဲနှင့် သွားရလေ၏။

"ဘူးမား မင်းသိပ်တော်တယ်။ မင်းသိပ်တော်တယ်"

ကျွန်တော်၏ ပခုံးကို အကြိမ်ကြိမ်ပုတ်၍ ပြောလေ၏။ ပြီးလျှင် နောက်ထပ်ပြကွက်များကို ဆက်၍ ပြခိုင်းလေ၏။ ထိုအချိန်တွင် ကျွန်တော်တို့ ပရော်ဖက်ဆာကြီးက ကျွန်တော်အား လှမ်း၍ ခေါ်သဖြင့် ကျွန်တော် ပြေးတွေ့ရပြန်လေ၏။

"ဘူးမား ... ကျန်တဲ့ပြကွက်တွေကို မင်းပဲ ဆက်ကိုင်ပါ။ ဒီကလူတွေက ဟာစ်တလာကို မြင်တာနဲ့ လက်တွေတုန်နေကြပြီ။ အလွဲအမှားများတွေဖြစ်ကုန်ရင် အားလုံး ကိုယ်ကျိုးနည်းကြလိမ့်မယ် ဘူးမား"

ပြောလေရာ ကျွန်တော်လည်း မငြင်းသာဘဲ တာဝန်ယူလိုက်ရလေ၏။

နောက်ထပ်ပြကွက်မှာ စစ်သင်္ဘောတစ်စီးကို တိုပီဒိုဖြင့် ပစ်ရမည်ဖြစ်ရာ ကျွန်တော်က တိုပီဒို၏ ကွန်ထရိုးကို ကိုင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ အရှိန်ပြင်းပြင်းနှင့် မောင်းနေသော စစ်သင်္ဘောအား ရေအောက်မှ ရေငုပ်သင်္ဘောကလေးနှင့် နောက်မှ လိုက်ရလေ၏။ သည်တစ်ခါတွင် ဟစ်တလာလည်း မတ်တပ်ရပ်၍ မှန်ပြောင်းဖြင့် ကြည့်လေ၏။

ထွက်လိုက်ပြီး ကျွန်တော် ရေငုပ်သင်္ဘောသည်ရေအောက်မှ မောင်းနှင်၍ ရေပေါ်မှ သွားနေသော စစ်သင်္ဘောနောက်သို့ စ၍ လိုက်လေ၏။

ကျွန်တော့်မှ အသက်ပင် မရှူနိုင်တော့ဘဲ ပစ်မှတ်ကို ထိအောင် ချိန်နေရလေ၏။ မိပြီ ... မိပြီ ... နှိပ်ပြီ။ ကျွန်တော် ကွန်ထရိုးမှ ခလုတ်ကို နှိပ်ချလိုက်လေပြီ။

"ရှဲ"

ခနဲ မြည်ကာ တိုမီဒို အသေးစားကလေးတစ်လုံး ကျွန်တော် ရေငုတ်သင်္ဘောမှ ရှဲခနဲ ထွက်သွားကာ စစ်သင်္ဘောနောက်သို့ လိုက်လေ၏။

ကျွန်တော်က တိုမီဒိုကလေး၏ လမ်းကြောင်းမပြောင်းအောင် ကွန် ထရိုးကို ထိန်းထားရလေ၏။

"အုန်း"

ဟူသော ပေါက်ကွဲသံကြီး ထွက်ပေါ်လာကာ ရေကန်ထဲမှ မီးလုံးကြီးတစ်လုံး တက်သွားလေ၏။

ထိသွားပြီ။ တော်ပါသေးရဲ့ ...

"ဟေး"

ဟူသော အော်သံများနှင့် သံပြိုင်ထွက်ပေါ်လာကာ လက်ခုပ်သံများ ဆူညံသွားလေတော့၏။

"ဟေး ... ဘူးမား ... ခမ်း ... ခမ်း"

ဟစ်တလာက ကျွန်တော့်ကို ခေါ်ပြန်၏။ ကျွန်တော်လည်း မရဲတရဲနှင့် သွားရပြန်လေ၏။ အနားသို့ ရောက်သောအခါ ...

"ဘူးမား မင်းသိပ်တော်တယ်။ မင်းသိပ်တော်တယ်"

ကျွန်တော့် ပခုံးအား ပုတ်ပြန်လေ၏။ ပြီးလျှင် နောက်ဆုံးပြွက်မပြမီ ခေတ္တနားကာ အစားအသောက်များနှင့် တည်ခင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပရော်ဖက်ဆာကြီးကလည်း ကျွန်တော်အား ခေါ်ပြ
ပြန်လေ၏။

"ဘူးမား ... ဒီတစ်ခါ လေကြောင်းတိုက်ပွဲက သိပ်မလွယ်ဘူး
နော်။ သေသေချာချာ ဂရုစိုက်ပြီး လုပ်ပေတော့ ကြားလား။ သေသေချာချာ
လုပ်နော် ဘူးမား"

ကျွန်တော်ကလည်း သေသေချာချာ ပြုလုပ်မည့် အကြောင်းကို
ပြောကာ အခြားလုပ်ဖော်ကိုင်ဘက်များနှင့်အတူ လက်ဖက်ရည်ဝိုင်းသို့
ဝင်လိုက်ရလေ၏။

လက်ဖက်ရည်ဝိုင်း သိမ်းသောအခါ နောက်ဆုံး အစီအစဉ်အဖြစ်
လေကြောင်းပြပွဲကို ပြသရန် ပြင်ရလေ၏။

လေယာဉ်ငယ်ကလေး နှစ်စင်းကို ကျွန်တော့်မိတ်ဆွေဖြစ်သော
မစ္စတာပီတာနှင့် မစ္စတာနော်တင်တို့က ကွဲန်ထရိုးဖြင့် မောင်းနှင့်ကြမည်ဖြစ်
ပြီး ကျွန်တော်က တိုက်လေယာဉ်သေးသေးကလေးဖြင့် နောက်မှ လိုက်၍
ပစ်ရမည်ဖြစ်လေသည်။

အားလုံးစိတ်ဝင်စားသည့် ပြကွက်ဖြစ်လေရာ ဟစ်တလာပင် မဏ
တော့ဘဲ အခြားဗိုလ်များကပါ မှန်ပြောင်းနှင့် ကြည့်ကြလေ၏။

ကျွန်တော်သည် နာဇီလေတပ်မတော်မှ ဗိုလ်မှူးတစ်ယောက်၏
သင်ကြားပြသထားခဲ့မှုကြောင့် စက်သေနတ်ပစ်ပုံပစ်နည်း ချိန်ဆပုံချိန်ဆနည်း
များကို သိရှိပြီး ဖြစ်လေ၏။

"ဝေါ ... ဝေါ"

အသံများနှင့်အတူ လေယာဉ်ပျံကလေးနှစ်စင်းသည် ပျံတက်သွား
ကာ လေထဲ၌ ပျံဝဲနေလေ၏။

"ဝေါ"

ထိုအချိန်မှာပင် ကျွန်တော်၏ လေယာဉ်ကလေးသည် ပျံတက်၍
လိုက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ရှေ့မှ ပျံနေသော လေယာဉ်ကလေးနှစ်စင်း နောက်သို့ တည့်တည့်လိုက်ကာ ပျံသန်းနေရလေ၏။

စက်သေနတ်ပစ်ရန် ကားချိန်၍ မရသေးပေ။ တစ်ပတ်ပြီး တစ်ပတ်သာ ပျံဝဲနေရသော်လည်း ပစ်ကွင်းကို လုံးဝထိန်းချုပ်၍ မရသေးပေ။

ကျွန်တော် တစ်ကိုယ်လုံးတွင်လည်း ချွေးများ ပြိုက်ပြိုက်ကျနေလေပြီ ဖြစ်၏။

ထိုအချိန်တွင် လေတပ်မှ ဗိုလ်မှူးသင်ပြထားသော ပစ်ကွင်းသို့ လေယဉ်တစ်စင်းက ဝင်လာလေရာ ကွန်ထရိုးကို ဖျတ်ခနဲ နှိပ်ချလိုက်ရလေတော့၏။

"အုန်း"

ပေါက်ကွဲသံနှင့်အတူ ...

"ဟေး"

အော်သံများ လက်ခုပ်သံများ ဆူညံသွားလေတော့၏။ သွားပြီ။ လေယာဉ်လေးတော့ ပေါက်ကွဲသွားလေပြီ။

နောက်တစ်စင်းက ဆက်ပြီး ပျံနေဆဲ။ ကျွန်တော် လေယာဉ်ကလည်း နောက်မှ လိုက်နေဆဲ။ ကျွန်တော် တစ်ကိုယ်လုံးတွင်လည်း ချွေးများက ရေလောင်းထားသလို ရွှဲစို၍ တပေါက်ပေါက် ကျနေလေတော့၏။

ဟော ... ဝင်လာပြီ။ ဝင်လာပြီ။ ပစ်ကွင်း ... ဟုတ်ပြီ။ နှိပ်... ထိပြီ။

"အုန်း"

"ဟေး"

အော်ဟစ်သံများ တစ်ခါထွက်ပေါ်လာခဲ့လေ၏။ သွားပြန်ပြီ။ နောက်တစ်စင်းက ထိန်းရပြီး ဟန်ချက်ပျက်သွားသော ကျွန်တော် လေယာဉ်ကလေးကို အမြန်ဆုံးပြန်၍ ထိန်းကာ နှစ်ပတ်သုံးပတ်ဝဲ၍ မြေပြင်သို့ ဆင်းပြလိုက်လေရာ လေယာဉ်ကလေးသည် ဟစ်တလာ၏ ဗိုလ်ရှစင်ရှေ့ တည့်တည့်တွင် သွား၍ ရပ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာသည် ကာနယ်ရိုးမန်းကို ချက်ချင်းလက်ညှိုးထိုးပြလိုက်လေရာ ကာနယ်ရိုးမန်းက ပြေးထွက်၍ လေယာဉ်ကလေးကို ကောက်ယူလိုက်ပြီးလျှင် ဟစ်တလာအား ပေးလိုက်လေ၏။

ဟစ်တလာက လေယာဉ်ကလေးကို ရင်ဘတ်တွင် ကပ်၍ မွေ့ထားကာ ဟစ်အော်သည်မှာ ...

"သတ်ဒ်ရိုက် နိုင်ငံတော်"

အခြားဗိုလ်များက မတ်တပ်ရပ်၍ ...

"ဟေး ... ဟစ်တလာ"

အော်ဟစ်ကာ အလေးပြုကြလေ၏။

သတ်ဒ်ရိုက်နိုင်ငံတော် ဆိုသည်မှာ တတိယမြောက် ရိုက်နိုင်ငံတော်ကြီးဟု အဓိပ္ပာယ်ရ၍ ဂျာမဏီပြည်ကိုခေါ်သော နာမည် ဖြစ်လေ၏။

"ဟေး... ဘူးမား ... ခမ်း ... ခမ်း"

ကျွန်တော့်ကို လက်ညှိုးကြီးနှင့်ထိုးကာ ခေါ်ပြန်လေ၏။ ကျွန်တော်လည်း မရဲတရဲနှင့် သွားရပြန်၏။ တစ်ကိုယ်လုံးတွင် ချွေးများ ရွှဲစိုနေကာ ခြေထောက်ပင်မနဲ လှမ်းနေရလေ၏။

"ဘူးမား မင်းသိပ်တော်တယ်။ သိပ်တော်တယ်"

ကျွန်တော့် ပခုံးကိုပုတ်၍ ဟစ်တလာက ပြောပြန်လေ၏။ ကျွန်တော်လည်း ...

"ကျေးဇူးအများကြီးတင်ပါတယ်"

ပြီးလျှင် ဟစ်တလာသည် သူ၏ ဗိုလ်ချုပ်တစ်ယောက်ကို ခေါ်၍ ဒီညလျှပ်စစ်နှင့် စက်မှုပညာရှင်အဖွဲ့၏ မိသားစုအားလုံးကို ဂုဏ်ပြုသည့်အနေနှင့် ပါတီပေးဖို့ စီစဉ်ရန် အမိန့်ပေးလေ၏။ ထိုဗိုလ်ချုပ်ကြီးလည်း လက်ကိုဆန့်တန်းကာ ...

"ဟေး ... ဟစ်တလာ" ဟု အရိုအသေပေးပြီး ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်တော့ ဟစ်တလာသည် ပညာရှင်မိသားစုအားလုံးကို နှုတ်ဆက်ကာ ထွက်ခွာသွားခဲ့လေ၏။

ထိုညက ကျွန်တော်တို့အား နာဇီတပ်မတော်မှ ဗိုလ်ချုပ်ကြီးကိုယ်တိုင် ဂုဏ်ပြုပါတီပေးလေရာ ကျွန်တော်တို့၏ ပညာရှင်ဝန်းကြီးတစ်ခုလုံးသည် အထူးဆူညံအော်ဟစ်၍ ပျော်ရွှင်နေကြလေတော့၏။ ကျွန်တော့်ကိုလည်း အားလုံးက ချီးမွမ်းစကား ဆိုကြလေ၏။

"မစ္စတာဘူးမား မင်းတော်တယ်၊ အားလုံးကို မင်းကိုယ်စားပြုသွားခဲ့တယ်"

ဝမ်းသာအားရနှင့် ပြောကြလေ၏။ ကျွန်တော်လည်း တစ်ယောက်တစ်ခွက် ဝိုင်းတိုက်သော ဝီစကီများကို တစ်ငုံစီငုံရင်းနှင့်ပင် မူးပြီး အိပ်ပျော်သွားလေတော့၏။ နံနက်နိုးလာသောအခါတွင်တော့ ကျွန်တော့်ကိုအိပ်ရာပေါ်တွင် ကျကျနန စောင်ခြုံ၍ သိပ်ထားသည်ကို တွေ့ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## ပြည်တော်ပြန် ဘူးမား

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် ဂျာမဏီသည် ပိုလန်နိုင်ငံကလေးကို ဝင်ရောက်တိုက်ခိုက်လေ၏။ ထိုအချိန်တွင် ရုရှားကလည်း စစ်ကို အားချင်းဖြင့် ပြင်ဆင်ကာ ပိုလန်ပြည်ကလေးသို့ပင် ဝင်ရောက်လေ၏။ ဗြိတိန်နှင့် ပြင်သစ်ကလည်း စစ်သားများကို စုဆောင်းကာ ဂျာမဏီကို စစ်ကြေငြာလေတော့၏။

ကျွန်တော်တို့၏ ပညာရှင်အဖွဲ့များကို စမ်းသပ်မှုများ ခေတ္တရပ်ဆိုင်းထားရန် အမိန့်ရောက်လာလေရာ ကျွန်တော့်အတွက် အခွင့်အလမ်းပေါ်လာလေတော့၏။

ပညာရှင်ဝန်းကြီးအတွင်း၌ ဆက်၍ နေလိုက နေခွင့်ရှိသော်လည်း မနေလိုက မိမိသွားလိုရာသို့ သွားနိုင်လေ၏။ လစာများကို သုံးလစာ ကြိုတင် ထုတ်ပေးလေ၏။

ပညာရှင်များကလည်း ဝန်းကြီးအတွင်းမှ ထွက်သွားကြလေတော့၏။ နေခွင့်ရှိသည်ဆိုသော်လည်း မည်သူမှ မနေဝံ့ကြပေ။ စစ်အတွင်း၌ အာမခံချက်ဆို၍ ဘာမှ မရှိသောကြောင့် ဘာလင်မြို့ကြီးထဲသို့သာ ပြောင်းရွှေ့နေကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ လူမော်။ အခြေအနေတွေကတော့ မကောင်းတော့ဘူးကွ။ ကမ္ဘာစစ်ကြီးဖြစ်မဲ့သဘောလို့ ငါ ထင်တယ်။ မင်းရော ဘယ်လိုတွေးမိသလဲ" ဟု ပြောလေရာ ...

"ဟုတ်တယ် မစ္စတာကိုးရှား ကျွန်တော်လည်း ကမ္ဘာစစ်ဖြစ်လိမ့်မယ်ထင်တယ်။ အီတလီနဲ့ ဂျပန်ကလည်း လှုပ်ရှားနေကြပြီလို့ ကြားတယ်"

"အေး ... ဒါဆိုရင် မင်း ဘာဆက်လုပ်မလဲ"

"ကျွန်တော် မြန်မာပြည်ကို ပြန်ရမှာပေါ့ မစ္စတာကိုရှား။ မြန်မာပြည်မှာ ဖေဖေတစ်ယောက်ထဲ ကျန်နေခဲ့တာ မစ္စတာကိုရှားလည်း သိသားပဲ။ ဟစ်တလာရဲ့ အမိန့်ကို မလွန်ဆန်နိုင်လို့ မရလို့သာ ကျွန်တော် ဒီမှာသောင် တင်နေတာ မဟုတ်လား"

ကျွန်တော်က ပြောလိုက်လျှင် ...

"အင်း ... ဒါ ဟုတ်ပါတယ်။ မင်း ဘယ်လို ပြန်မလဲ။ လေယာဉ်တွေတောင် တချို့မရှိတော့ဘူး ပြောတယ်"

"အဲဒါတော့ မစ္စတာကိုရှားပဲ စီစဉ်ပေးပါဗျာ"

"အေးပါ ငါ စီစဉ်ပေးပါမယ်။ ဒါပေမယ့် လူမော်ရဲ့။ ငါ့ညီဟော့ဖ်မန်းက ငါ့ထက် အဆက်အသွယ် ပိုကောင်းတယ်ကွ။ သူက နာဇီပါတီထဲမှာလည်း ပေါက်ပေါက်ရောက်ရောက် ရှိတယ်။ ဒီတော့ ညနေကို မင်းနဲ့ငါ သူ့ဆီကိုသွားပြီး မေးကြည့်သေးတာပေါ့ကွာ"

မစ္စတာကိုရှားက ပြောလေ၏။

ညနေစောင်းသောအခါ ကျွန်တော်နှင့် မစ္စတာကိုရှားသည် မစ္စတာဟော့ဖ်မန်း၏ဆိုင်သို့ ရောက်ခဲ့လေ၏။ တစ်ခါက ကျွန်တော် ဈေးရောင်းခဲ့ရသော ဟောဖ်မန်း၏ ဆိုင်ကလေးသည် အတော်ပင်ကြီးသော ဆိုင်ကြီးဖြစ်နေလေ၏။

"ဟာ လူမော် နာဇီပါတီထဲမှာတော့ မစ္စတာဘူးမားဆိုတဲ့ နာမည်ကို တော်တော်များများက သိနေတယ်ကွ။ မင်းရဲ့ အောင်မြင်မှုတွေအတွက် ဝမ်းသာပါတယ်ကွ။ ဒါပေမယ့် မင်းကို ငါ တစ်ခါပြောခဲ့တဲ့ အစီအစဉ်ကြီးတော့



www.burmeseclassic.com

www.burmeseclassic.com



စပြီမဟုတ်လား။ တို့ရဲ့ ခေါင်းဆောင်ကြီးဟာ ကမ္ဘာကြီးရဲ့ တစ်ခြမ်းကို သိမ်းလိမ့်မယ်ဆိုတာလေကွာ"

မစ္စတာဟောဖ်မန်းက ပြောလေ၏။

"ခင်ဗျားပြောတာ အလွန်ကို မှန်တယ်ဗျာ။ ဒါပေမယ့် စစ်ကြီး သိပ်ပြီး ကြီးထွားမလာခင် ကျွန်တော် မြန်မာပြည်ပြန်နိုင်အောင်တော့ ဆောင်ရွက်ပေးပါဦးဗျာ"

ကျွန်တော်က ပြောလိုက်လေရာ ...

"ဟုတ်တယ် ဟောဖ်မန်းရဲ့။ စစ်ကြီးရဲ့ အခြေအနေက ဘယ်လို မှန်းသိတာ မဟုတ်ဘူးကွ။ ဒီတော့ လူမော်ကို သူ့နိုင်ငံရောက်အောင် ပြန်လွှတ်မှ ဖြစ်မယ်။ ပြီးတော့ သူ့ကို ခေါ်လာတာက ငါလေ။ ဒီတော့ ငါ့မှာ တာဝန် ရှိနေတယ်။ အဲဒါ ငါ့ညီကူညီမှ သူ့ဒီက အထွက်ကို လေယာဉ်လက်မှတ်ရမယ် ထင်တယ်"

မစ္စတာဂိုရှားကလည်း ဝင်၍ ပြောလေ၏။

"ဒီအတွက် မပူပါနဲ့ကွာ။ လေယာဉ်တွေကျန်ပါသေးတယ်။ ဂျာမဏီ လေကြောင်းလိုင်းနဲ့ ငါ ပို့ပေးပါမယ်။ မနက်ဖြန် လက်မှတ်သွားဝယ်တာပေါ့ ကွာ။ ဒါပေမယ့် မင်းရဲ့ အိုင်ဒန်တတီကတ်ကိုတော့ ကျောင်းသားကတ်ပဲပြမှ ဖြစ်မယ်။ ပညာရှင်အဖွဲ့ရဲ့ ကတ်ကိုတော့ မင်းလုံခြုံအောင် သိမ်းထားနော်။ အဲဒါ တွေ့သွားလို့ကတော့ မင်းကို တိုင်းပြည်အပြင် အထွက်ခံမှာ မဟုတ်ဘူး လူမော်"

ဟောဖ်မန်းက သတိပေးလေ၏။

"စိတ်ချဟောဖ်မန်း စတူးဒင်းကတ်နဲ့ပဲ လက်မှတ်ဝယ်မယ်"

ဟု ကျွန်တော်က ပြောကာ မစ္စတာဂိုရှားနှင့် ကျွန်တော် ပြန်လာခဲ့လေတော့၏။

နောက်တစ်နေ့တွင် မစ္စတာဟောဖ်မန်း၏ အဆက်အသွယ်ကြောင့် လက်မှတ်ရခဲ့သော်လည်း မနည်းကြိုးစား၍ ဝယ်ခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြည်ပနိုင်ငံသား တော်တော်များများသည် ဂျာမဏီမှ အလု
အယက် ယွက်ခွာနေကြသည်ဖြစ်ရာ လေယာဉ်လက်မှတ်ရရန် အလွန်
ခက်ခဲသော အချိန်ဖြစ်နေလေ၏။

နောက်ဆုံးတွင်တော့ ကျွန်တော်သည် မစ္စတာဂိုရှားတို့ညီအစ်ကိုကို
နှုတ်ဆက်ကာ ဂျာမဏီပြည်ကြီးမှ အပြီးအပိုင် ထွက်ခွာခဲ့ရလေတော့၏။

လေယာဉ်အဆင့်ဆင့်ပြောင်းကာ ခဲရာခဲဆစ်ပြန်ခဲ့ရပြီးနောက် ကျွန်
တော်သည် အမိမြေ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့လေတော့၏။

ကျွန်တော်ပြန်ရောက်လျှင် ရောက်ချင်းမှာပင် ဖခင်ကြီး၏ ဘောင်
ဒရိုဝပ်ရှော့သို့ အပြေးအလွှားသွားခဲ့လေ၏။ သို့သော် ဘောင်ဒရိုဝပ်ရှော့လည်း
မရှိ၊ ဖခင်ကြီးလည်း မရှိတော့ပြီ။

ခြံနီးချင်းများ၏ ပြောပြချက်အရ ဖခင်ကြီးသည် ကျွန်တော်နာမည်
ကိုခေါ်ရင်း သေဆုံးသွားခဲ့ကြောင်း သိရလေ၏။

ကျွန်တော်လည်း မျက်ရည်ပေါက်ပေါက် ကျခဲ့ရသည်မှလွဲ၍
ဘာကို မှ အတတ်နိုင်ခဲ့တော့ပေ။

"ဖေဖေရယ် ဖေဖေဖြစ်စေချင်တဲ့ လူတစ်ယောက် ကျွန်တော်
ဖြစ်လာခဲ့ပြီလေ။ ကျွန်တော့်ရဲ့ အောင်မြင်မှုတွေအကြောင်း ဖေဖေကို ပြောပြ
ချင်လိုက်တာ ဖေဖေရယ်"

ကျွန်တော့်ရင်ထဲတွင် အကြိမ်ကြိမ်ပြောမိလေ၏။ ဖေဖေမရှိတော့
သည့်နောက်တွင်တော့ ကျွန်တော်သည် အခင်ဆုံးသူငယ်ချင်း တင်မောင်
မောင်ဆီသို့ပင် သွားရပေတော့မည်ဟုတွေးရင်း ဖေဖေနှင့် ကျွန်တော်အတူတူ
နေခဲ့ကြဖူးသည့် ဘောင်ဒရီလမ်းမှ ထွန်းလှဝပ်ရှော့ခြံကြီးထဲမှ ကြေကွဲဆို့နင့်
စွာဖြင့် ထွက်ခွာလာခဲ့ရလေတော့၏။

လမ်းမသို့ ရောက်သောအခါ ကျွန်တော့်အနီးသို့ အော်စတင်ကား
ကလေးတစ်စီး ထိုးစိုက်လာလေ၏။

"ဟေး ... သူက လူမော် မဟုတ်လား"

မေးသော အသံလွင်လွင်ကလေးတစ်ခု ထွက်ပေါ်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်။ ဟာ ... ရှယ်လီပါလား"

ကျွန်တော်က ပြန်နှုတ်ဆက်လိုက်လေ၏။

"ယူ ဂျာမဏီကို ရောက်နေတယ်ဆို"

"ဟုတ်တယ် ရှယ်လီ။ ဒီနေ့ပဲ ပြန်ရောက်လာတာ ကိုယ့်ဖေဖေဆုံး သွားပြီဆိုတာ ခုမှ ကိုယ်သိရတယ်"

"ဪ လူမော်ရယ်။ ယူ ဘာမှ မသိသေးဘဲကိုး။ ကဲ လာ ကားပေါ်တက်။ ကိုဘညွှန့် လူမော် သေတ္တာတွေကို ကားပေါ်တင်ပေးလိုက်ပါ"

ဒရိုင်ဘာလည်း ကျွန်ုပ်တော် သေတ္တာများကို ကားပေါ်သို့ တင်ပေး လေ၏။ ပြီးလျှင် ရှယ်လီတို့နေသော ဝင်ဒါမီယာ (သံလွင်လမ်း)သို့ လိုက်ခဲ့ ရလေ၏။

ရှယ်လီတို့အိမ်သို့ ရောက်သောအခါ ရှယ်လီက ဖေဖေဆုံးသွား သည့်အကြောင်း၊ ခင်မမ၏ ဖခင်ဆုံးသွားသည့်အကြောင်း၊ ခင်မမ၏ မိခင်က အရင်ဆုံးသွားပြီး ခင်မမတို့ စီးပွားရေးကျဆင်းသည့်အကြောင်း၊ တင်မောင် မောင်က ခင်မမ အဖေကို ငွေများ ထုတ်ချေးကာ နောက်ဆုံးတွင် ခင်မမကို မရ ရအောင် ယူလိုက်သည့်အကြောင်း၊ ခင်မမလည်း နေ့စဉ်နဲ့အမျှ စိတ်ဆင်း ရဲနေရသည်ဟု ကြားရကြောင်းများကို ပြောပြလေ၏။

"ဪ ဖခင်ကြီးအပြင် ချစ်သူပါ ဆုံးရှုံးပြန်ပါပကော"

ထိုသို့ တွေးကာ ကျွန်ုပ်တော့်ရင်တွင် ဘာမှ မရှိတော့ဘဲ ဗလာကျင်း အောင် ခံစားရလေ၏။ ဂျာမဏီတွင်ရှိစဉ်က တစ်ယောက်တည်းဖြစ်ခဲ့ရသော် လည်း မြန်မာပြည်တွင် ဖေဖေနှင့် ခင်မမရှိနေသည်ဟူသော အသိကြောင့် အထီးကျန်စိတ်မဖြစ်ပေါ်ခဲ့ပေ။

ယခုမူကား ဖေဖေလည်း မရှိတော့၊ ချစ်သူကိုလည်း ကျွန်တော်၏ အချစ်ဆုံး သူငယ်ချင်းက အမွှေသိမ်းပိုက်ယူလိုက်သည်ဖြစ်ရာ ကျွန်တော့် ရင်တွင် အထီးကျန်စိတ်သည် တရှိန်ရှိန်လောင်ကျွမ်း ဖြစ်ပေါ်လာခဲ့လေတော့ ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင်တော့ ကျွန်တော့်ရင်တွင်း ဖြစ်ပေါ်မှုများသည် ဒေါသအဖြစ် ပြောင်းလဲလာခဲ့လေတော့၏။ ဖြစ်လာခဲ့သော ဒေါသအားလုံးသည်လည်း သူငယ်ချင်းနှစ်ယောက်၏ ချစ်ခြင်းကို ရက်ရက်စက်စက် ခွဲခဲ့သော တင်မောင်မောင်အပေါ်သို့ သွား၍ ပုံခဲ့လေတော့၏။

"နေနှင့်ဦးပေါ့ တင်မောင်မောင်ရယ်"

စိတ်ထဲမှ ကြုံးဝါးလိုက်သည်ကိုတော့ ကျွန်တော်တစ်ယောက်သာ သိရှိခဲ့ပြီး ကျွန်တော့်အား အားပေးနှစ်သိမ့်နေသည့် သူငယ်ချင်း ရှယ်လီပင် မသိရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## ချစ်သူမျက်ရည်

ကျွန်တော်သည် ရှယ်လီတို့အိမ်တွင် တစ်ပတ်ခန့်နေလိုက်ကာ အိမ်ကလေးတစ်လုံးကို လိုက်၍ ငှားရလေ၏။ ဘောင်ဒရီလမ်း(ဓမ္မစေတီလမ်း) ပေါ်မှာပင် ခြံဝန်းကလေးနှင့် တစ်ထပ်တိုက်ကလေးတစ်လုံးကို ရလေ၏။

ကျွန်တော် အိမ်လိုက်ငှားနေစဉ်တွင် ကျွန်တော့်အား သွားလေရာ သို့ တစ်နေကုန် လိုက်လံပို့ဆောင်ပေးသော အင်္ဂလိုအင်ဒီယန်း ရထား သမားတစ်ယောက်နှင့် ကျွန်တော်သည် အလွန်ပင် ရင်းနှီးသွားခဲ့လေ၏။

သူ၏ အမည်မှာ ဇေ့ာ်နီလူးဟုခေါ်၍ ဆံပင်များ နီနေသည်က ဇော်နီလူး၏ ကိုယ်ပိုင်အမှတ်အသား ဖြစ်နေလေ၏။ ထူးခြားသည်မှာ ကျွန် တော်နှင့် ဇော်နီလူးသည် ကိုယ်လုံးကိုယ်ပေါက်နှင့် မျက်နှာကျပုံ အလွန်တူ နေခြင်းပင် ဖြစ်လေ၏။

ကျွန်တော်သည် နာဇီများနှင့် နှစ်အတန်ကြာအောင် အတူနေခဲ့ သောကြောင့် နာဇီအကျင့်ပါနေပုံ ရလေ၏။ ဇော်နီလူးကို တွေ့တွေ့ချင်း ပင် ကျွန်တော်တွင် အကြံအစည်တစ်ခုဖြစ်လာကာ ဇော်နီလူး၏ ရထားအား တစ်နေကုန်ငှား၍ စီးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တွင် ဂျာမဏီပိုက်ဆံများကို အင်္ဂလိပ်ပိုက်ဆံနှင့် လဲလာခဲ့သည်ဖြစ်ရာ ငွေကြေးအတော်ပင် ပါလာခဲ့လေ၏။ ထို့ကြောင့် ဂျော်နီလူးကို ရထားငှားခ ကောင်းကောင်းပေးကာ သိမ်းသွင်းနိုင်ခဲ့သဖြင့် တစ်ပတ်အတွင်းမှာပင် ဂျော်နီလူးသည် ကျွန်တော့်အိမ်မှ ရထားသမား ဖြစ်ခဲ့လေတော့၏။

တစ်ခါတစ်ရံတွင် ကျွန်တော်သည် ဂျော်နီလူး၏ ပုံသဏ္ဍာန်အတိုင်း နာဇီရုပ်ဖျက်ပညာဖြင့် ရုပ်ဖျက်ကာ ရထားကို ဟန်ပန်ကျ မောင်းထွက်ကာ ခရီးသွားများကို လိုက်၍ပင် ပို့ဆောင်ပေးလေ၏။ တစ်ခါတွင် တင်မောင်မောင်သည် ကျွန်တော့်ရထားအား ငှား၍ စီးဖူးသော်လည်း ကျွန်တော်မှန်း အလျဉ်းမသိခဲ့ပေ။

ကျွန်တော်သည် ဂျော်နီလူးအဖြစ်နှင့် သူ့ရထားကိုမောင်းကာ တင်မောင်မောင်၏ ခြံရှေ့မှ ခင်မမကို အလွမ်းပြေသွား၍ ကြည့်တတ်သည်ကိုလည်း မည်သူမျှ မသိကြပေ။

တစ်ခါတစ်ရံတွင် ကျောင်းနေဖက် သူငယ်ချင်းဟောင်းများနှင့် တွေ့ကာ ကျွန်တော့်ရထားအား ငှား၍ပင် စီးတတ်ကြလေ၏။ သို့သော် ကျွန်တော်မှန်း အရှင်းမသိကြဘဲ ဆံပင်နီနီနှင့် အင်ဂလိုအင်ဒီယန်း ရထားသမားတစ်ယောက်ဟုပင် ထင်ကြလေ၏။

ကျွန်တော် တစ်နေ့လုံးသွားချင်းတိုင်းသွားနေသော အချိန်တွင် ဆံပင်နီနီနှင့် ဂျော်နီလူးကြီးက ကျွန်တော့်အိမ်တွင် ဝီစကီတစ်ပုလင်းဖွင့်ကာ စည်းစိမ်ယစ်၍ နေလေ၏။ ကျွန်တော် ပြန်လာသောအခါတွင် ...

"လူမော်ဆစ် ဒီနေ့ အဆင်ပြေရဲ့လား"

ကျွန်တော်ကလည်း ကျွန်တော်တစ်နေကုန် ရထားမောင်းသဖြင့် ရလာသော ပိုက်ဆံများကို ဂျော်နီလူးအား အကုန်ပေးသည့်အပြင် သူရနေကျနေ့တွက်ကိုလည်း ကျွန်တော်က သပ်သပ်ထုတ်ပေးရလေရာ ဂျော်နီလူးသည် ဝီစကီမူးမူးနှင့် ထူးဆန်းပေစွဟူသော အကြည့်နှင့် ကြည့်နေတတ်လေ၏။ ပြီးလျှင် ...

www.burmeseclassic.com



"လူမော်ဆပ် မနက်ကို ကျွန်တော် ဘယ်အချိန်လာရမလဲ"

"စောစောလာပေါ့ ဂျော်နီလူးရာ"

ကျွန်တော်က ပြောလျှင် ကျွန်တော့်အား ဆလံပေး၍ ပြန်သွားလေတော့၏။

ဤသို့ဖြင့် ကျွန်တော်သည် တင်မောင်မောင်၏ ဝင်ချိန်ထွက်ချိန်၊ ခင်မမ သွားလာနေထိုင်ပုံတို့ကို အားလုံး လေ့လာသိရှိခဲ့ရလေ၏။ တစ်နေ့တွင် ခင်မမတို့အိမ်မှ အိမ်ဖော်မအေးဆိုသူမိန်းမသည် ကြည့်မြင်တိုင်ဈေးသို့ ဟင်းသွားဝယ်ရန် ထွက်လာလေရာ လမ်းထိပ်တွင် ဂိတ်ထိုးထားသော ကျွန်တော်၏ ရထားကို ငှား၍ စီးလေ၏။

ထိုမိန်းမသည် ခင်မမတို့အိမ်မှ အိမ်ဖော်မှန်း သိသောအခါ ကျွန်တော်သည် ရင်းနှီးအောင် ပြုရလေ၏။ ထိုသို့ဖြင့် ကျွန်တော်နှင့် မအေးသည် နှစ်ခါသုံးခါ ဆုံဖြစ်ကြသောအခါ တင်မောင်မောင်နှင့် ခင်မမတို့၏ အိမ်ထောင်ရေးကို ကျွန်တော်သိလာလေတော့၏။ ထိုနေ့က ကျွန်တော်သည် မအေးကို ကာကာဆိုင်သို့ခေါ်ကာ လက်ဖက်ရည်တိုက်လေ၏။

"အစ်မ နောက်လည်း ကျွန်တော့်ရထားကိုပဲ သုံးပါ"

ကျွန်တော်က အင်ဒီယန်းအသံဝဲဝဲဖြင့် မအေးကို ခပ်ဖားဖား ပြောရလေ၏။

"စိတ်ချ ... စိတ်ချ ... ဒါနဲ့ နင့်နာမည်က ဘာတဲ့ ... ကော်နီ ဟုတ်လား"

"ဟာ အစ်မကလည်းဗျာ ဂျော်နီပါ"

ကျွန်တော်က ရထားသမား ဂျော်နီလူးကြီး၏ လေသံအမူအရာအတိုင်း ပြောလေ၏။

"ဩော် ... အေး ... အေး ဂျော်နီ ... ဂျော်နီ ဟုတ်ပြီ။ ငါ မှတ်မိပြီ။ စိတ်ချ။ နင့်ရထားပဲ ငါ အမြဲတမ်းစီးတော့မယ်။ ငါ့အိမ်က ငါပဲ ဈေးသွားဝယ်ရတာ"

မအေးက ပြောလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အစ်မတို့ သခင်မက ဈေးမသွားဘူးလား။ သူ့ယောက်ျားက သူ့ မိန်းမကိုယ်တိုင်ဝယ်ပြီး ချက်ပြုတ်ကျွေးတာကို ပို ကြိုက်မှာပေါ့ အစ်မရဲ့"

ကျွန်တော်က ပြောသောအခါ ...

"နင် မသိပါဘူး ဂျော်နီရယ်။ ငါ့သခင်နဲ့ သခင်မက အဆန်းပဲ။ ငါ့သခင်ဆရာဝန်ကလည်း အိမ်မှာ ဘယ်တော့မှ ထမင်းမစားဘူး။ အပြင်မှာ ပဲစားတာ အိမ်မှာလည်း ဘယ်တော့မှ မရှိပါဘူးဟာယ်။ ဆေးရုံနဲ့ ဆေးခန်းမှာချည်း နေတာပါ။ ပြီးတော့ သူတို့ လင်မယားက အံ့သြစရာပါ ဂျော်နီရယ်"

"အလို ဘာဖြစ်လို့လဲ အစ်မရဲ့"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် မအေး၏ ရေနွေးခွက်ထဲသို့ ရေနွေးကြမ်းများ ထပ်ဖြည့်ပေးလိုက်လေ၏။ မအေးက ကျွန်တော့်ကို အကဲခတ်ကြည့်ကာ ...

"ဟဲ့ ... ဂျော်နီ။ နင်က ဆရာဝန်တင်မောင်မောင်ရဲ့ သူလျှိုတော့ မဟုတ်ပါဘူးနော်"

"ဟာ ... ကြီးကြီးစည်ရာ အစ်မရယ်။ ကျွန်တော်ဖြင့် အစ်မပြောတဲ့ ဆရာဝန်ကို မြင်တောင် မမြင်ဖူးပါဘူးဗျာ"

"အေး ... ဒါဆိုလည်း ပြီးရော။ ငါကလည်း ဒီအကြောင်းကို သိပ်ပြောချင်နေတာဟဲ့ ဂျော်နီရဲ့။ ငါ့သခင်ဆရာဝန် တင်မောင်မောင်က ယောက်ျားမဟုတ်ဘူးဟဲ့"

"ဗျာ ... ဘယ်လို အစ်မရဲ့။ ဒါဆိုရင် ဒီဆရာဝန်က မိန်းမပေါ့ ဟုတ်လား"

"ဟာ ... ဘယ်က မိန်းမရမှာလဲ"

"ဟင် ... ဒါဆို ဘာလဲဗျ။ ကျွန်တော်ဖြင့် နားကို ရှုပ်သွားတာပဲ အစ်မရာ"

"ဒီလိုဟေ့ ... ငါတို့ ဆရာဝန်တင်မောင်မောင်က မိန်းမလျာပဲ။ မိန်းမလျာဟဲ့ ရှင်းပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆိုရင် အစ်မတို့ သခင်မက ဒီလူကို ဘာလို့များ ယူရတာလဲဗျာ"

"အေး ... မမလေး ခင်မမကလည်း ဒါကို အခုအချိန်အထိ သိပုံမပေါ်ဘူးဟဲ့။ ငါသာ စပ်စပ်စုစုနိုင်လို့သိတာ။ ဒါပေမယ့် ဒီကိစ္စဟာ ငါ့ သခင်ရဲ့ လျှို့ဝှက်တဲ့ကိစ္စဆိုတော့ ငါလည်း မမလေးကို ပြောမပြရဲဘူးဟဲ့"

"ဟင် ... ဒါဆိုရင် သူတို့ အိမ်ထောင်ရေးက အဆန်းပါလား အစ်မရဲ့"

"အေး ... အဲဒါကြောင့် ငါ ပြောတာပေါ့။ မမလေးခင်မမဟာ အိမ်ထောင်ကျတယ်ဆိုပေမယ့် ဒီကနေ့အထိ အိမ်ထောင်သည် မဟုတ်ဘူး ဟဲ့"

"ဗျာ ... ဘယ်လိုဗျ။ ကျွန်တော် နားရှုပ်သွားပြန်ပြီဗျာ"

ကျွန်တော်က ပြောလိုက်လေရာ ...

"ဒီလိုဟဲ့ ... မမလေးခင်မမဟာ အိမ်ထောင်သည်လို့ အများက မြင်ကြပေမယ့် ဒီကနေ့အထိ အပျိုပဲရှိသေးတယ်လို့ ပြောတာဟဲ့"

"အော် ... ဒီလိုလား"

"ပြီးတော့ မမလေးဟာ သိပ်ရိုးသိပ်အေးတာ။ ငါတို့ ချက်ကျွေးတာကိုပဲ အမြဲစားတာ။ ဟိုဟာချက်၊ ဒီဟာချက် ဘယ်တော့မှ မပြောဘူး။ ဒါ မယ့် ငါ စိတ်ထင်ပြောရရင်တော့ တို့မမလေးဟာ တစ်ယောက်ယောက်ကို စောင့်နေပုံရတယ်"

"ဗျာ ... ဘယ်သူ့ကို စောင့်နေတာလဲဗျ"

"ဟာ ... အဲဒါတော့ ငါလည်း ဘယ်သိမလဲ ဘော်နီ။ အဲ အဲ ကျော်နီရဲ့။ ကဲ ... လာလာ သွားကြမယ်။ ငါကြာနေလို့ မမလေးက စိတ် မချမ်းမြစ်နေပါဦးမယ်ဟယ်"

ပြောပြောဆိုဆို ဒေါ်အေးက ထလိုက်လေရာ ကျွန်တော်လည်း ဘွိုင်ကုလားလေးကို ခေါ်၍ လက်ဖက်ရည်ဖိုးငွေကို ရှင်းပေးလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မအေးပြောသော စကားများကြောင့် ကျွန်တော့မှာ ထခုန်မိမတတ် ဝမ်းသာသွားကာ နောက်တစ်နေ့မှာပင် ကျွန်တော်သည် ဂျော်နီလူးပုံစံဖြင့် ခင်မမကို လူမော်၏ စာသွားပေး၍ တစ်ပါတည်း ခေါ်လာခဲ့လေ၏။ ခင်မမ ကတော့ ကျွန်တော်မှန်း မသိဘဲ ဘောင်ဒရီလမ်းသို့ လိုက်လာလေ၏။

ညှော်ခန်းသို့ ဝင်လိုက်သောအခါ ဆိုဖာတွင် အကျအနထိုင်ကာ ဝီစကီသောက်နေသည့် ရထားသမားဂျော်နီလူးကို တွေ့သောအခါ လွန်စွာ အံ့ဩသွားပြီးလျှင် ...

"ကိုမော် ဘယ်မှာလဲ"

ပျာပျာသလဲ မေးလိုက်သောအခါ ဆိုဖာပေါ်မှ ဂျော်နီလူးက ခင်မမ၏ နောက်ကျောဘက်တွင် ရပ်နေသော ကျွန်တော့်အား လက်ညှိုးထိုး ပြလေ၏။ ခင်မမက နောက်သို့ လှည့်ကြည့်လိုက်သောအခါ ကျွန်တော်သည် ဆံပင်အတု၊ နှုတ်ခမ်းမွေးအတုများကို ဖြုတ်လိုက်၍ မိတ်ကပ်အတုကိုပါ ပုဝါနှင့် ပွတ်လိုက်လေရာ ...

"ဟင် ... ကိုမော်။ ခင်မမကို ခေါ်လာတာ ကိုမော်ကိုယ်တိုင်ပေါ့ ဟုတ်လား"

မျက်လုံးဝိုင်းဝိုင်းကလေးနှင့် အံ့ဩဝမ်းသာစွာ မေးလေ၏။

"ဟုတ်ပါတယ် ခင်မ"

ကျွန်တော်က ပြောလိုက်စဉ်မှာပင် ဂျော်နီလူးသည် အခန်းထဲမှ ထွက်၍ ရထားပေါ်သို့တက်ကာ မောင်းထွက်သွားလေ၏။

ခင်မမလည်း ကျွန်တော့်ရင်ခွင်တွင် မှီချလိုက်ကာ အားရပါးရ ငိုချလိုက်လေတော့၏။

ပြီးမှ ကျွန်တော် ဂျာမဏီရောက်နေသော နှစ်များအတွင်းတွင် သူတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလေတော့၏။

ကျွန်တော်ကလည်း ဂျာမဏီမှာ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက် များကို အားလုံးပြောပြလေရာ ရှယ်လီနှင့်တွေ့သည်အထိ ဖြစ်လေ၏။

"ဟင် ဒါဆို ရှယ်လီက ခင်မမကိုလာပြီး ပြောဖို့ကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ခင်မ။ ကိုမော်က ရှယ်လီကို ကိုမော် ပြန်ရောက်နေတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ တောင်းပန်ထားလို့ သူမပြောတာပါ"

ပြီးလျှင် ဂျော်နီလူး၏ ပုံစံကိုယူပြီး ခင်မတို့ အိမ်ရှေ့တွင် မကြာမကြာလာပြီး ကြည့်သည့်အကြောင်း မအေးကို ရထားသမားအသွင်ပေါင်းကာ ခင်မတို့ အိမ်တွင်းရေးကို စုံစမ်းခဲ့သည့် အကြောင်းများကိုပါ ပြောပြလိုက်လေတော့၏။

"ကိုမော် တော်တော်လည်း တတ်နိုင်တယ်နော်"

ခင်မကပြောကာ ကျွန်တော့်ရင်ခွင်တွင် မှီ၍ နေလေတော့၏။

"အခါအခွင့်သင့်ရင် သင့်သလို ခင်မကို ကိုမော်လာပြီး ခေါ်မယ်။ ဘာလုပ်ရမယ်ဆိုတာကိုတော့ ကိုမော် နောက်မှ ပြောမယ်။ ကိုမော်လည်း ဘာလုပ်သင့်သလဲဆိုတာ စဉ်းစားဦးမယ်။ ခင်မရဲ့ အခြေအနေကိုတော့ မအေးဆီကနေ ကိုမော် အမြဲစုံစမ်းနေမှာပါ။ ခင်မက မသိချင်ဟန်သာဆောင်နေ"

ကျွန်တော်လည်း ခင်မကို မှာလိုက်ရလေ၏။ ထို့နောက်တွင်တော့ တစ်ပတ်လှည့်ကာ ပြန်လာသော ဂျော်နီလူးကိုပင် ခင်မကို ပြန်ပို့ခိုင်းလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

## မစ္စတာဘူးမား လိပ်ပြာ

တစ်နေ့သ၌ ကျွန်တော်သည် ရှောလမ်း(ခတ္တာလမ်း)ထိပ်တွင် ရထားသမားဂျော်နီလူး၏ အသွင်ဖြင့် ရထားကို ဂိတ်ထိုးထားလေရာ မအေးသည် လမ်းထဲမှ ပျာပျာသလဲ ဆင်းလာလေ၏။

"ဂျော်နီ ဈေးကို မြန်မြန်မောင်းစမ်းပါဟယ်"

"အစ်မ ဘာဖြစ်လာတာလဲ။ ပျာတီပျာယာနဲ့"

ကျွန်တော်က ပြောပြောဆိုဆို ရထားပေါ်သို့တက်ရန် ပြင်လိုက်လေ၏။ မအေးဈေးဝယ်သောအခါ ...

"ခါတိုင်းလို လက်ဖက်ရည်ကလေး ဘာလေး သောက်ပါဦးဗျာ"

"အေး ... လက်ဖက်ရည်ကတော့ သောက်ရဦးမှာပဲ ဂျော်နီရေ။ ဒါပေမယ့် မြန်မြန်ပြန်ရမယ်လို့ မမလေးက ပြောတယ်။ အိမ်မှာက အစောင့်တွေ ဘာတွေတောင် ချကုန်ပြီဟေ့"

"ဗျာ ... ဘယ်လို အစ်မ။ အစောင့်ချတယ်ဆိုတာ ဘာလဲ"

"ဒီလို ဂျော်နီရေ။ နင့်ကို ငါတစ်ခါက ပြောဖူးတယ်မို့လား မမလေး ခင်မမဟာ တစ်ယောက်ကိုစောင့်နေတဲ့ ပုံစံရှိတယ်ဆိုတာလေ။ အေး အဲဒီလူ ရောက်လာပြီ ထင်တယ်ဟဲ့။ ခုတစ်လော မမလေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကို အသွားအလာနည်းနည်းပိုလာတယ်။ ဟိုညက လင်မယား အော်ကျယ်၊ အော်ကျယ်နဲ့ ရန်ဖြစ်ကြတယ်။ ဘာအကြောင်းဆိုတာတော့ ငါတို့လည်း မသိဘူးဟဲ့။ နောက်တစ်နေ့လည်းကျရော ဆရာဝန်တင်မောင်မောင်ရဲ့ အစီအစဉ်နဲ့ အိမ်ကို လူသုံးယောက်ရောက်လာပြီး ခြံထဲမှာနှစ်ယောက်၊ အိမ်ဝမှာတစ်ယောက် စောင့်တော့တာပဲဟေ့။ မမလေးကိုလည်း အိမ်အပြင်လုံးဝ မထွက်ရဘူး။ ခြံထဲကို မဆင်းရဘူးလို့ တင်မောင်မောင်က အမိန့်ပေးထားတယ်''

''အလို ဒီအထိတောင် ဖြစ်ကြတာကိုး။ အစ်မလည်း သတိထားနော်။ တော်ကြာ ပြဿနာက အစ်မတို့ဘက်ကို လှည့်လာဦးမယ်။ ကဲ ဒါဆိုရင် လက်ဖက်ရည်မြန်မြန်သောက်ပြီး သွားကြတာပေါ့''

''အေး ... တစ်ခုတော့ ရှိတယ် ဂျော်နီရဲ့။ ဟိုတစ်နေ့က တနင်္ဂနွေနေ့ဆိုတော့ ဆရာဝန်က အလုပ်မသွားဘဲ ခြံထဲမှာ သူကိုယ်တိုင် ဆင်းနေတယ်။ အစောင့်ကြီးသုံးယောက် မလာဘူး။ ငါ့အထင်တော့ တနင်္ဂနွေနေ့မှာ အစောင့်ကြီးသုံးယောက်ကို နားရက်ပေးထားတယ် ထင်တယ်။ အဲဒီနေ့က တစ်နေ့လုံး ဆရာဝန်ခြံထဲမှာ နေတယ်။ ခြံထဲက စက္ကူပန်းတင်ထားတဲ့ သစ်သားခုံကြီးအောက်မှာ စားပွဲနဲ့ခုံနဲ့ထိုင်ပြီး တစ်နေကုန်စာဖတ်နေတယ်ဟဲ့။ တို့မှာလည်း အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဖြစ်နေကြတာပေါ့ဟယ်။ ကဲ လာ လာ သွားမှ သွားမှ''

မအေးက ပြောပြောဆိုဆို ထွက်သွားလေရာ နောက်မှ လိုက်ခဲ့ရလေတော့၏။

ကျွန်တော် ဆုံးဖြတ်လိုက်ပြီး လုပ်စရာတစ်ခုသာ ရှိတော့၏။ ငယ် သူငယ်ချင်းပေမယ့် အင်မတန်မှ ယုတ်မာတဲ့လူကို လူ့လောကမှ နှင်ထုတ် ရပေတော့မည်။

***တင်မောင်မောင်***

***တနင်္ဂနွေနေ့ ဆက်ဆက်စောင့်ပါ။***

---

သုံးပြည့် စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



စာကလေးကို ရေး၍ တင်မောင်မောင်ဆီသို့ ရောက်အောင် ပို့လိုက်လေ၏။ တနင်္ဂနွေနေ့မနက်တွင်တော့ ကျွန်တော်သည် ရထားသမား ဂျော်နီလူးပုံစံဖြင့် ရထားကိုမောင်းကာ ရွှေလမ်း(ခတ္တာလမ်း) ထဲသို့ ဝင်ခဲ့လေ၏။

တင်မောင်မောင်တို့ ခြံဝန်းကို ကျော်၍ မောင်းသွားကာ ရွှေလမ်းဆုံးတော့မှ ပြန်၍ ကွေ့လိုက်ရလေ၏။ တင်မောင်မောင်သည် စက္ကူပန်းရုံအောက်တွင် ထိုင်၍ သတင်းစာဖတ်နေ၍ တင်မောင်မောင်၏ မာလီက ခြံ ထဲတွင် အလုပ်လုပ်နေသည်ကို တွေ့ရလေ၏။

ကျွန်တော်သည် အချိန်မဆိုင်းတော့ဘဲ ဂျာမဏီပြန် လက်ဆောင်ကလေးကို ထုတ်လိုက်လေ၏။ အဆင်သင့်ယူလာသော လိပ်ပြာကလေးက ကျွန်တော့်လက်ပေါ်သို့ ပါလာလေ၏။

"ကမ္ဘာပေါ်မှာ ဘယ်သူမှ မသိသေးတဲ့ နာဇီတွေရဲ့ အောင်မြင်မှုလေးတစ်ခုကို သူငယ်ချင်းမြည်းကြည့်လိုက်ပေတော့။ အင်မတန် ဂုဏ်ယူစရာပါကွာ"

ကျွန်တော်သည် စိတ်မှပြောရင်း ရထားကို တင်မောင်မောင်တို့ ခြံစည်းရိုးဝန်း တံတိုင်းအေားတွင် မြင်းရထားကို ကပ်၍ ရပ်ထားလိုက်လေ၏။

ဆုံးဖြတ်ပြီးသား ကိစ္စတစ်ခုကို အချိန်ဆွဲနေစရာအကြောင်း ဘာမျှမရှိတော့သဖြင့် လိပ်ပြာကလေးကို လွှတ်လိုက်လေတော့၏။

ဂျာမဏီမှ ပါလာသော လိပ်ပြာကလေးက ထ၍ ပျံလေ၏။ ကျွန်တော်သည် ရထားမောင်းသူထိုင်သော နေရာမှာပင် ထိုင်နေ၍ ကွန့်ထရိုးကလေးကို နှိပ်ပေးနေလေ၏။ ဂျာမနီမှာ ပညာရှင်ဝန်းကြီး ပိတ်လိုက်စဉ်က ကျွန်တော့်အခန်းတွင် ကျွန်တော် တာဝန်ယူထိန်းသိမ်းရသော ယန္တရားရုပ်ကလေးအချို့ကို သတ္တာထဲတွင်ထည့်၍ ယူလာခဲ့သည်ဖြစ်ရာ ယခုကဲ့သို့ လိပ်ပြာကလေးကို လွှတ်လိုက်နိုင်ခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်မောင် ထိုင်နေသော အနီးမှ ပန်းရုံကလေးအနီးတွင် ဝဲကာ ဝဲကာ ပျံနေသော လိပ်ပြာကို တင်မောင်မောင်က မြင်သွားကာ သူ၏ မာလီအား အော်ဟစ်ပြောလေတော့၏။ ကျွန်တော်သည် ရထားပေါ်တွင် ထိုင်နေသည်ဖြစ်ရာ ဆယ့်နှစ်ရာသီပန်းပင်ကလေးများနှင့် ခြံစည်းရိုးအုတ်တံတိုင်းပေါ်သို့ တက်နေသော ထားဝယ်မှိုင်းပင်များကို အကာအကွယ်ယူ၍ ခြံထဲသို့ ကြည့်နေ၍ ရလေ၏။

လိပ်ပြာကလေးသည် ဝဲကာ ဝဲကာဖြင့် တင်မောင်မောင်၏ ပခုံးထက်တွင် နားလိုက်လေ၏။ တင်မောင်မောင်က လိပ်ပြာကလေးကိုကြည့်ကာ သဘောကျနေလေ၏။

နာဇီတို့၏ လိပ်ပြာသည် မြန်မာတို့ဆင်လိပ်ပြာဟု ခေါ်သော အမျိုး အစားဖြစ်ကာ မှန်ဘီလူးနှင့်ကြည့်လျှင်သော်မှ အတုအစစ်ခွဲ၍ မလွယ်အောင် လုပ်ထားလေရာ တင်မောင်မောင်သည် လိပ်ပြာအစစ်ဟုပင် ထင်နေလေ၏။

မာလီက သူ့အလုပ်ကိုသူ ဆက်၍ လုပ်လိုက်စဉ်မှာပင် တင်မောင်မောင်က သံတင်းစာကို ပြန်၍ ဖတ်လေ၏။

အချိန်ကျပြီပေါ့။ သွားပေတော့ သူငယ်ချင်း လူယုတ်မာရေး သံသရာမှာ မင်းနဲ့ငါ ပြန်ဆုံခွင့်ရှိလျှင်တော့ ယောကျ်ားစစ်စစ်နဲ့ မိန်းမစစ်စစ် အဖြစ် ပြန်ဆုံပါစေလို့ ဆုတောင်းပေတော့ သူငယ်ချင်းရေ။

"အား ... အမယ်လေး"

တင်မောင်မောင် အော်လိုက်သော အသံသည် ကျွန်တော့်လက်မှ ခလုတ်အနီကလေး နှိပ်ချလိုက်သည်နှင့် မရှေးမနှောင်းပင် ပေါ်ထွက်လာခဲ့လေတော့၏။

ကျွန်တော့် လိပ်ပြာသည် သူ့တာဝန်ကို ကျေလိုက်ပြီဆိုသည်ကို ကျွန်တော် သိလိုက်ရပေပြီ။ အကြိမ်ကြိမ်စမ်းသပ်ထားသည့် နာဇီတို့၏ လိပ်ပြာသည် မည်သို့မျှ အတိမ်းအစောင်းမရှိနိုင်သည်ကို ကျွန်တော် သိပြီးသား ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခလုတ်နှိပ်လိုက်စဉ်တွင် လိပ်ပြာသည် ရှေ့သို့ တရှိန်ထိုး ပြေးဝင်၍ တင်မောင်မောင်၏ လည်ပင်းကို အပ်ကလေးနှင့်ထိုးကာ ခါးကလေး ကွေး၍ ကိုယ်ထဲမှ ဆေးထိုးအပ်ကလေးကို ဖိလိုက်ပေလိမ့်မည်။

"အဲဒါ ကမ္ဘာပေါ်မှာ နောက်ဆုံး တွေ့ထားတဲ့ အပြင်းဆုံး အဆိပ် ပါပဲ တင်မောင်မောင်။ မင်း သိပ်မခံရပါဘူးကွာ။ ခဏလေးပါ"

မာလီ၏ ခေါ်သံ။ ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက်အော်ခေါ် သည့်အသံတွေ ခြံထဲတွင် ဆူညံသွားတော့၏။ အိမ်ဖော်မအေးလည်း ပြေး ထွက်လာသည်။ လိပ်ပြာကတော့ ဝဲကာ ပျံကာဖြင့် ကျွန်တော့်ထံသို့ ပြန် ရောက်လာလေ၏။ ပြီးပြီ ကျွန်တော့်ကိစ္စအားလုံး ပြီးသွားပြီ။

ရထားကိုမောင်း၍ တင်မောင်မောင်တို့ ခြံရှေ့မှ ကျွန်တော် ပြန် ထွက်လာခဲ့ပြီး ရှောလမ်းမှတစ်ဆင့် ရှမ်းလမ်း။ ရှမ်းလမ်းမှတစ်ဆင့် ဗားဂရာ။ ပြီးတော့ ဘောင်ဒရီမြေနီကုန်းကျော်ပြီးလျှင်တော့ ကျွန်တော့်ငှားနေသည့် တစ်ထပ်တိုက်ကလေးနှင့် သိပ်မဝေးတော့ကြောင်းကို ကျွန်တော့်စိတ်က ကောင်းကောင်းသိနေပြီးသား ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## သွေးစွန်းသောစိတ်

တင်မောင်မောင် သေဆုံးသောကိစ္စတွင် ထူးဆန်းသော လိပ်ပြာတစ်ကောင် အကိုက်ခံရသဖြင့် အဆိပ်တက်ကာ သေဆုံးသွားသည်ဟု အိုးဘိုဂါတ်မှ ဌာနအုပ်က မှတ်ချက်ရေးကာ အမှုကို ပိတ်ပစ်လိုက်လိုသော်လည်း လက်ဖတင်နင်သံဟိတ်ဆိုသူ စုံထောက်တစ်ယောက်က ဒါဟာ လူသတ်မှု ဖြစ်တယ်ဟု ပြောသဖြင့် အားလုံး ပြူးပြူးပျာပျာ ဖြစ်သွားခဲ့ရလေ၏။

ပုလိပ်ဘက်မှ အခြားပုဂ္ဂိုလ်များက လူသတ်မှုဟု မယုံကြည်သော်လည်း လက်ဖတင်နင်သံဟိတ်နှင့် စီအိုင်ဒီမှ အင်စပိတ်တော်နှစ်ယောက်က လူသတ်မှုအဖြစ် သတ်မှတ်ကာ အမှုဖွင့်ခိုင်းထားလေ၏။

ကျွန်တော်သွားမည့် လမ်းကြောင်းပေါ်မှ အတားအဆီးမှန်သမျှကို ရှင်းရပေတော့မည်။ စုံထောက်ကိုသံဟိတ်သာ မရှိပါက တင်မောင်မောင်ကို သတ်သည့်အမှုသည် ပေါ်စရာအကြောင်း အရှင်းမရှိတော့ပေ။

သွေးစွန်းနေပြီဖြစ်သော ကျွန်တော့်စိတ်များသည် နောက်ဆုတ်ရန် နည်းနည်းမျှ မတွေးခဲ့တော့ပေ။ လက်ဖတင်နင်သံဟိတ်နေသော အိမ်ကို စုံစမ်းခဲ့ရသည်။ ပြီးလျှင် စုံထောက်ကိုသံဟိတ်နှင့် သူ့အဖော် ကိုတောအုင်



www.burmeseclassic.com

www.burmeseclassic.com



တို့ သွားလာလှုပ်ရှားတတ်သည့် နေရာများကို နောက်ယောင်ခံကာ လိုက်ခဲ့ရလေ၏။

ကိုသံဟိတ်သည် လွှစ္စလမ်း (ဆိပ်ကမ်းသာလမ်း)ထိပ်ရှိ ချစ်တီးထမင်းဆိုင် အပေါ်ထပ်တွင် နေထိုင်ပြီး သူတို့နေသည့် သုံးထပ်တိုက်၏ အပေါ်ဆုံးထပ်မှ ပြတင်းတံခါးများကို အမြဲလို ဖွင့်ထားတတ်သည်ကို တွေ့ရလေ၏။

ဤသည်ကပင် ကျွန်တော့်အတွက် အခွင့်ကောင်းဖြစ်လေ၏။ တစ်ရက်တွင် ကျွန်တော်သည် ဂျော်နီလူးအသွင်ဖြင့် ရထားကိုမောင်းသွားကာ လက်ဖတင်နင်သံဟိတ်တို့အခန်းနှင့် မျက်စောင်းထိုးလောက်ရှိ ဒါလဟိုဇီလမ်း (မဟာဗန္ဓုလလမ်း)ပေါ်တွင် ရထားကိုရပ်ကာ စောင့်နေလေ၏။ ညနေ သုံးနာရီခန့်တွင် လက်ဖတင်နင်သံဟိတ်နှင့် ကိုတော်အုပ်တို့ အပြင်မှ ပြန်လာကြသည်ကို တွေ့ရလေရာ အဆင်သင့်ယူလာသော ပိတုန်းကိုထုတ်၍ လွှတ်လိုက်လေ၏။ ပြီးလျှင် ကွန်ထရိုးကိုထိန်းကာ တဝီဝီမြည်ကာ ပျံဝဲနေသော ပိတုန်းကို ကိုသံဟိတ်တို့ ပြတင်းပေါက်အနီးသို့ ကပ်၍ ပျံဝဲပေးလိုက်လေ၏။ အပြင်မှ ပြန်လာလျှင် ပြတင်းပေါက်တွင် မတ်တပ်ရပ်ကာ လမ်းပေါ်သို့ ကြည့်တတ်သော လက်ဖတင်နင်သံဟိတ်သည် ထုံးစံအတိုင်း ပြတင်းပေါက်သို့ လာ၍ ရပ်လေ၏။

အဆိပ်အပြည့်ပါသော ယန္တရားပိတုံး၏ နောက်ဘက်မှ မည်းနက်အောင် ပြုလုပ်ထားသော အဆိပ်အပ်ကလေးနှစ်ခုနှင့် ထိမိမည်ဆိုပါက စကားမေးပင်မရဘဲ သေဆုံးရပေလိမ့်မည်။

''ကဲ သွားပေတော့ လက်ဖတင်နင်သံဟိတ်ရေ''

ပြောလိုက်ရင်း ယန္တရားပိတုန်းကလေးအား ကွန်ထရိုးမှ ခလုတ်ကို နှိပ်ကာ ကိုသံဟိတ်၏ မျက်နှာတည့်တည့်သို့ တစ်ရှိန်ထိုး လွှတ်လိုက်လေ၏။

''ဟာ ... တော်တော်လျှင်တဲ့ လူပါလား''

ကျွန်တော့်ပါးစပ်မှ ယောင်၍ပင် ပြောလိုက်မိလေတော့၏။ ကိုသံဟိတ်သည် ကျွန်တော်၏ ပိတုန်းပြေးဝင်သွားသည်ကို တစ်ဖက်မအလို



www.burmeseclassic.com

www.burmeseclassic.com



လောက်ရောက်မှ တွေ့လိုက်သဖြင့် ဆတ်ခနဲ နောက်သို့ လှန်ချသွားလေ၏။

ကျွန်တော်လည်း အကြံအစည် မအောင်တော့မှန်းသိသဖြင့် ယန္တရားပိတုန်းကလေးကို ပြန်၍ သိမ်းလိုက်ကာ ရထားကိုမောင်း၍ စပါတ်လမ်း (ဗိုလ်အောင်ကျော်လမ်း)မှ ကွေ့ချလိုက်ရလေ၏။ အလွန်လျင်သော လက်ဖတင်နှင်သံဟိတ်သည် ကျွန်တော့်ရထားနောက်သို့ ပြေးလိုက်လာသေးသော်လည်း စပါတ်လမ်းနှင့် ဒါလဟိုဇီလမ်းထောင့်အထိသာ လိုက်လာ၍ ကျွန်တော့် ရထားကို ခါးထောက်ပြီးကြည့်ကာ ကျန်ရစ်ခဲ့လေတော့၏။

ကျွန်တော်လည်း ဖွဲ့လျှော့ဘဲ ဆက်၍ လိုက်နေခဲ့လေရာ ကိုသံဟိတ်နှင့် ကိုတောအုပ်တို့နှစ်ယောက် ကန်တော်ကြီးကိုပတ်ကာ မနက်စောစော လမ်းလျှောက်ကြသည်ကို သိရလေ၏။

ကျွန်တော့်အတွက် အကွက်ဝင်လာပြီကို တွေးမိသဖြင့် အိပ်ရာမှ ထကာ ကန်တော်ကြီးတွင် သွား၍ စောင့်ရလေ၏။

ကျွန်တော်သည် ဂျော်နီလူး၏ပုံစံကို ယူထားသော်လည်း ရထားကို ယူမလာခဲ့ပါ။ ကန်စောင်းရှိ ကညင်ပင်ကြီးအနောက်တွင် ပုန်း၍ ကိုသံဟိတ်တို့ အလာကို စောင့်နေရလေ၏။ သို့သော် ကျွန်တော် သိပ်မစောင့်လိုက်ရပေ။ ကိုသံဟိတ်နှင့် ကိုတောအုပ်တို့သည် စကားတပြောပြောနှင့် လမ်းလျှောက်ထွက်လာကြသည်ကို တွေ့ရလေ၏။

ကျွန်တော်လည်း ဘလေဇာကုတ်အင်္ကျီ ဟောင်းကြီးထဲမှ ပျံလွှားငှက်ရုပ်ကလေးကို ထုတ်ကာ အသင့်ပြင်ထားလေတော့၏။ ကိုသံဟိတ်တို့ ကျွန်တော်ပုန်းနေသည့် ကညင်ပင်ကြီးကို ကျော်သွားသောအခါ ကျွန်တော်သည် ယန္တရားပျံလွှားငှက်ကလေးကို လွှတ်တင်လိုက်လေတော့၏။

ပြီးလျှင် ကွန်ထရိုးကလေးမှ ခလုတ်ကိုနှိပ်ကာ ထိန်းပေးလိုက်တော့၏။

ပျံလွှားငှက်ကလေးသည် ဝဲပျံကာ ကိုသံဟိတ်တို့နောက်သို့ လိုက်လေ၏။ ကျွန်တော်သည် ကိုသံဟိတ်တို့ ခေါင်းပေါ်၌ ပျံလွှားငှက်ကလေးကို ပျံဝဲထားလိုက်ပြီး ကိုသံဟိတ်၏ အခြေအနေကို အကဲခတ်လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသံပတ်ကတော့ ပျံလွှားကလေးကို ဂရုပြုမိဟန်မတူဘဲ လမ်းလျှောက်မြဲ လျှောက်နေလေ၏။

ကျွန်တော်လည်း အခွင့်ကောင်းရပြီဟု တွက်ဆကာ ပျံလွှားကလေးအား ကိုသံပတ်၏ လည်ပင်းတည့်တည့်သို့ ထိုးစိုက်ချလိုက်လေ၏။ ပျံလွှား၏ နှုတ်သီးကလေးသည် အဆိပ်စိမ်ထားသည့် သံမဏိနှုတ်သီးကလေးဖြစ်လေရာ နေရာတွင်ပင် ပွဲချင်းပြီး သေစေနိုင်သော ဓားသွားမှာကလေးမျှား ဖြစ်လေ၏။

ထိုးဆင်းပြီ။ တရှိန်ထိုး ဆင်းသွားပြီ။

"ဟာ"

ကျွန်တော် မည်သို့မျှ မမျှော်လင့်ထားသော အဖြစ်ပင် ဖြစ်၏။

ကိုသံပတ်သည် သူ၏ ခေါင်းတွင် ဆောင်းထားသော သက္ကလပ်ဦးထုပ်ပျော့ကလေးကို ဆတ်ခနဲချွတ်ကာ သူ့တည့်တည့်သို့ တိုးဝင်လာသည့် ပျံလွှားကလေးကို ဦးထုပ်နှင့် ဖျတ်ခနဲ ဖမ်းယူလိုက်လေတော့၏။

"ဟာ"

တစ်ခွန်းသာ ကျွန်တော် အော်လိုက်နိုင်ပြီး ပြေးရလေတော့၏။ ကွန်ထရိုးကလေးကို ဘလေဇာကုတ်အင်္ကျီ၏ အိတ်ထဲသို့ ခပ်မြန်မြန်ထည့်ကာ ဘီစပ်တောကလေးကို အကာအကွယ်ယူ၍ ပြေးခဲ့ရလေ၏။

ကိုသံပတ်သည် ကျွန်တော်ပြေးသဖြင့် လှုပ်သွားသော ဘီစပ်တောကလေးဘက်သို့ ပြေးလိုက်လာသော်လည်း ကျွန်တော်သည် မအူကုန်းဘက်သို့ ပြေးထွက်လိုက်သဖြင့် ကျွန်တော်နှင့် ခပ်ဝေးဝေးတွင် ကျန်ရစ်ခဲ့လေတော့၏။

သို့သော် ယန္တရားပျံလွှားငှက်ကလေးကို ထုပ်ထားသည့် သက္ကလပ်ဦးထုပ်ပျော့ကလေး သူ့ရင်ဘတ်တွင် ပွေ့ထားသော ကျွန်တော့်အား စိုက်၍ ကြည့်နေလေ၏။ ကိုသံပတ်ဝတ်ထားသော ဝင်းတာကုတ်အင်္ကျီကြီးသည် လေတိုက်ထဲတွင် တဖျတ်ဖျတ်လွင့်နေသည်ကို ကျွန်တော် တွေ့ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## ဂျော်နီလူး၏ အပြုံး

ယန္တရားရုပ်ပျံလွှားငှက်ကလေး ကိုသံဟိတ်၏ လက်ထဲသို့ ရောက်သွားပြီဆိုကတည်းက တင်မောင်မောင်သေဆုံးခြင်းသည် လူသတ်မှုဖြစ်ကြောင်း စုံထောက်ဘက်မှ သေချာပေါက်သိသွားလေပြီ ဖြစ်၏။

ပျံလွှားငှက်ကလေးကို ကြည့်လိုက်ရုံနှင့် လက်ဖတင်နှင်သံဟိတ်လို ပုဂ္ဂိုလ်တစ်ယောက်သည် လူသတ်သူ၏ အရည်အချင်းကို ခန့်မှန်းနိုင်လောက်ပေလိမ့်မည်။ ထို့နောက်တွင်တော့ မီးခိုးကြွက်လျှောက် လိုက်ပေတော့မည်။

ကျွန်တော်လည်း ဂျော်နီလူး၏ ပုံသဏ္ဌာန်ဖြင့် သွားလာလှုပ်ရှား၍ ကြာကြာရတော့မည် မဟုတ်ပေ။ နောက်ဆုံးတွင်တော့ ကျွန်တော်သည် ခင်မမကို ခေါ်၍ မြိတ်ဘက်သို့ ရှောင်တိမ်းသွားရန် စိတ်ကူးမိလေ၏။ မြိတ်မှတစ်ဆင့် မြိတ်ကျွန်းစုများသို့ ခရီးဆက်ကာ ကာလအတန်ကြာ ရှောင်တိမ်းနေရန် ဆုံးဖြတ်လိုက်လေ၏။

ဤသို့ဖြင့် တင်မောင်မောင်သေပြီး တစ်လခန့်တွင် မြိတ်သို့ထွက်မည့် စက်လှေတစ်စင်းတွင် လက်မှတ်နှစ်စောင် ဝယ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားမည့်နေ့တွင် ဂျော်နီလူးအား သီးသန့်စက်လှေဆိပ်သို့ ရထားဖြင့်လိုက်ပို့ရန် ကျွန်တော် ခရီးသွားပြီး တစ်လအကြာတွင် ကျွန်တော် ငှားနေသော ခြံနှင့်တိုက်ကို အိမ်ရှင်အား ပြန်၍အပ်လိုက်ရန် မှာကြားရလေ၏။

ခင်မမ၏ အိမ်မှ အိမ်ဖော်မင်းအေးကိုတော့ အိမ်ကို ကောင်းကောင်း စောင့်ရှောက်ထားရန် မှာကြားပြီးလျှင် တင်မောင်မောင်၏ ကိစ္စကြောင့် စိတ်ထိခိုက်သဖြင့် စိတ်ပြေလက်ပျောက်ဆိုသလို မြစ်ဝကျွန်းပေါ်ဘက်သို့ အမေ၏အမျိုးများထံတွင် သွားရောက်နေဦးမည်ဖြစ်ကြောင်း ပြောခိုင်းရလေ၏။

ချိန်းထားသော အချိန်မှာပင် ဂျော်နီလူး ရောက်လာလေ၏။ ကျွန်တော်လည်း အချိန်မကြာလိုသောကြောင့် ...

"မဆင်းနဲ့တော့ ဂျော်နီလူး။ ငါတို့ အဆင်သင့်ဖြစ်နေပြီ" ဟု ပြောကာ ခရီးဆောင်သေတ္တာတစ်ယောက်တစ်လုံး ဆွဲ၍ ကျွန်တော်နှင့် ခင်မမ အိမ်ထဲမှ ထွက်ခဲ့လေ၏။

ပြီးလျှင် ရထားထဲသို့ ဝင်၍ ထိုင်လိုက်ကြရာ ...

"ကဲဟေ့ ဂျော်နီလူး ထီးတန်းစက်လှေဆိပ်ကို မောင်းပေတော့" ပြောလိုက်လေရာ ...

"ကောင်းပြီဆပ်"

ဂျော်နီလူးက ပြောကာ ...

"ဆပ်တို့ကိုတွေ့တော့ ကျွန်တော်တောင် အံ့အားသင့်သွားတယ်။ ဆပ်က ရုပ်ပြောင်းရုပ်လွှဲ အင်မတန်တော်တာပဲနော်"

"အေး ဂျာမဏီက တတ်ခဲ့တဲ့ ပညာတွေပေါ့ကွာ။ ကဲ ကဲ မြန်မြန်သာ မောင်းပေတော့ဟေ့"

ကျွန်တော်က ပြန်၍ ပြောလိုက်လေ၏။

ဂျော်နီလူး အံ့သြမည်ဆိုလျှင်လည်း အံ့သြစရာပင် ဖြစ်လေ၏။

ခင်မမသည် မနေ့က ညနေကတည်းက မြစ်ဝကျွန်းပေါ်သွားသော ဆိပ်သို့ ဆင်းမည်ဟု ခြေယောင်ပြ၍ လမ်းမတော်ဘက်သို့သွားဟန်ဆောင်ကာ ကျွန်တော့်ဆီသို့ ရောက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုမနက်တွင် ကျွန်တော်သည် ကြိုတင်ပြင်ဆင်ထားသည့် အတိုင်း ခင်မမကို အင်ဒီးယန်းသူတစ်ယောက်ပုံစံ ရုပ်ဖျက်ပေးလိုက်လေ၏။ ထို့နောက် ကျွန်တော်ကိုယ်တိုင်လည်း နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ တပ်ကာ အင်ဒီးယန်းအမျိုးသားတစ်ယောက်အသွင် ရုပ်ဖျက်လိုက်လေ၏။

ကျွန်တော့်နာမည်ကို မစ္စတာဆင်းမလားဟု ပြောင်းလိုက်ကာ ခင်မမကိုတော့ မစ္စရှာမေလာဆင်းမလားဟု ပြောင်းလိုက်လေ၏။

စက်လှေလက်မှတ် ဝယ်ခိုင်းစဉ်က ဤအမည်များဖြင့် စာရင်းပေး ထားခဲ့ခြင်း ဖြစ်လေ၏။ ဂျော်နီလူးကလည်း ရထားကို ခပ်သွက်သွက်မောင်း ပေးလေရာ ဗားဂရာကို ကျော်၍ မကြာမီမှာပင် ထီးတန်းဘက်သို့ ရောက်လာ ခဲ့လေ၏။ ကမ်းနားလမ်းအတိုင်း ရထားကို မောင်းလာပြီး မကြာမီမှာပင် စက်လှေဆိပ်သို့ ရောက်လာလေ၏။

ကျွန်တော်လည်း ရထားအပြင်သို့ အကဲခတ်၍ ကြည့်လိုက်ရလေ ၏။ ကျွန်တော်သည် လက်ဖဝါးနှင်သံပတ်ကို စိုးရိမ်သည်ဖြစ်ရာ အမြဲသတိ ထား၍ နေရခြင်းဖြစ်လေ၏။

ဂျော်နီလူးသည် ရထားရပ်ရန် သင့်လျော်သော နေရာသို့ ရောက် သောအခါ ရထားကို ရပ်လိုက်လေတော့၏။ စက်လှေပေါ်သို့ ကုန်တင်ခြင်း လူများအတက်အဆင်း ပြုလုပ်နေသဖြင့် စက်လှေဆိပ်တွင် လူအတော်ရှုပ် နေသော အချိန်ဖြစ်လေ၏။

ထိုစဉ်မှာပင် ကူလီကလေးနှစ်ယောက်သည် ကျွန်တော်တို့ ရထား အနီးသို့ ပြေးလာကာ

"ဘာသယ်ပေးရမလဲ ဆပ်"

ကျွန်တော်က သေတ္တာနှစ်လုံးကို လက်ဖြင့်ပုတ် ပြလိုက်သောအခါ ကူလီနှစ်ယောက်သည် ဝမ်းသာအားရဖြင့် ပြေး၍ သေတ္တာများကို သယ်ကြ လေ၏။

ဂျော်နီလူးလည်း ရထားပေါ်မှ ဆင်းလာကာ ရထားဘေးတွင် ရှိ သေသော အမူအရာဖြင့် ရပ်၍ နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကျွန်တော်က ရထားပေါ်မှ အရင်ဆင်းလိုက်ကာ ခင်မမကလည်း ကျွန်တော့်လက်ကို အားပြုဆုပ်ကိုင်ကာ ဆင်းလိုက်လေ၏။ အင်ဒီယန်းသူအသွင်ဖြင့် ဆာရီခြုံထားသော ခင်မမ၏ ခြေထောက်ကလေးများ မြေပြင်ပေါ်သို့ ခြေချမိလိုက်သောအချိန်တွင် ...

"ချောက် ချောက်"

အသံနှင့်အတူ ခင်မမ ဆုပ်ကိုင်ထားသော ကျွန်တော့် လက်နှင့် ကျွန်တော့်လက်အား ဆုပ်ကိုင်ထားသည့် ခင်မမ၏ လက်ဖြူဖြူကလေးကို တွဲ၍ လက်ထိပ်ခတ်ပြီးသား ဖြစ်နေလေတော့၏။ ကျွန်တော်လည်း အလွန်ပင် အံ့ဩတုန်လှုပ်သွားကာ ...

"ဟော့ ... ဂျော်နီလူး။ မင်း ... မင်း ဒါ ဘာလုပ်တာလဲ"

"မစ္စတာဆင်းမလားနဲ့ မစ္စရှာမေလာဆင်းမလားတို့ကို ဒေါက်တာ တင်မောင်မောင်သတ်မှုနဲ့ ဖမ်းလိုက်ပါပြီ။ ကျုပ်က ခင်ဗျားရဲ့ ရထားသမား ဂျော်နီလူး မဟုတ်ပါဘူး။ လက်ဖတင်နင်သံဟိတ်ပါ"

"ဟာ"

ထိုအချိန်တွင် ခြောက်လုံးပြူးတစ်လက်စီနှင့် ကျွန်တော်တို့ကို ချိန်းထားသည့် လူနှစ်ယောက်သည် ရထားအနီးသို့ ခပ်သုတ်သုတ် ပြေးလာကြသည်ကို တွေ့ရလေ၏။

"အဲဒါ အင်းစိန် စီအိုင်ဒီက အင်စပိတ်တော်ကြီးတွေပါ။ မစ္စတာဆင်းမလား ခေါ် ကိုလူမော်။ နှုတ်ခမ်းမွေးနဲ့က အိုင်ပီဘာခင်လေ။ အရပ်မြင့်မြင့်တစ်ယောက်က အိုင်ပီထွန်းသောင်းပေါ့။ သူတို့နောက်က တစ်ယောက်ကိုတော့ ကိုလူမော် မှတ်မိမှာပါ။ မောင်တောအုပ်လေ။ ကျွန်တော်တို့ နှစ်ယောက်ကိုတောင် ကိုလူမော်လိုက်ပြီး သတ်ဖူးသေးတာပဲ။ မသိ ဘယ်ရှိပါ့မလဲဗျာ"

လက်ဖတင်နင်သံဟိတ်က ပြောလိုက်လေရာ ကျွန်တော်လည်း ဘာမှ မပြောတတ်တော့ပေ။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခြော် ... စောစောက ကူလီကလေးနှစ်ယောက် သယ်သွားတဲ့ သေတ္တာတွေအတွက်လည်း မပူပါနဲ့ ကိုလူမော်။ အဲဒါ ကျွန်တော့်ကောင်လေးတွေပါ။ သေတ္တာကိုလည်း ကျွန်တော်တို့ သိမ်းလိုက်တာပါ။ ကဲ ... ကိုဘခင်ရေ ဒီမှာ သိပ်ကြာလို့ မကောင်းဘူးဗျို့။ မခင်မမရဲ့ ဂုဏ်သိက္ခာက ရှိသေးတယ်"

"ကဲ အိုင်ပီတို့ သွားကြတော့။ ကျွန်တော်နဲ့ မောင်တောအုပ်က ဒီရထားနဲ့ပဲ အိုးဘိုဂါတ်ကို သွားလိုက်တော့မယ်။ ပြီးရင် ဂျော်နီလူးကို လွှတ် ပေးပြီး သူ့ရထားကို ပြန်အပ်ရဦးမှာဗျို့။ ရထားငှားခကတော့ ကိုလူမော် ပေးနေကျဈေးကိုမေးပြီးတော့ ပေးရမှာပဲ"

လက်ဖတင်နင်သံပတိတ်က ကျွန်တော့်ကို ပြုံး၍ ပြောလေ၏။ သည်တော့မှ ကိုသံပတိတ်၏ အပြုံးသည် ဂျော်နီလူး၏ အပြုံးနှင့် မတူကြောင်းကို ကျွန်တော် သတိထားလိုက်မိလေရာ ...

"လက်ဖတင်နင်သံပတိတ် ခင်ဗျားလည်း ရုပ်ဖျက်အလွန်တော်ပါပေတယ်။ ဒါပေမယ့် ဂျော်နီလူးရဲ့ အပြုံးကို ခင်ဗျား မမြင်ဖူးဘူး ထင်တယ်။ ပြုံးပုံချင်းက အလွန်ကွာနေတယ်"

ကျွန်တော်က ပြောလိုက်လေ၏။

"ဟုတ်ပ ကိုလူမော်ရေ။ ခင်ဗျားလူ ဂျော်နီလူးက
ကျုပ်ဆီရောက် ကတည်းက ငိုချည်းနေတာဆိုတော့ သူပြုံးတာကို
ကျွန်တော် လုံးဝ မမြင်ဖူး ခဲ့တာ အမှန်ပဲဗျို့"

လက်ဖတင်နင်သံပတိတ်က ဝန်ခံပြောဆိုလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## မဆုံးသေးသော နိဂုံး

စာဖတ်သူအနေနှင့် ကိုလူမော်နှင့် မခင်မမတို့ ဘာဖြစ်သွားကြသည်ကို သိလိုကြပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော် ရရှိခဲ့သော ဦးတောအုပ်၏ မှတ်တမ်းမှ နောက်ဆက်တွဲ မှတ်တမ်းကလေးကို ဖော်ပြပေးမှ တာဝန်ကျေပေလိမ့်မည်။

စာရေးသူ
ဝေမင်းအိမ်

www.burmeseclassic.com

www.burmeseclassic.com

## ယန္တရားပိဋကာ၏ နှုတ်ဆက်ပွဲ

ဂျာမဏီပြန် ယန္တရားဝိဇ္ဇာ ကိုလူမော်သည် လူကို ကိုယ်ထိလက် ရောက်သတ်ခြင်း မဟုတ်သဖြင့် လူသတ်ရန် ကြံစည်အားထုတ်မှု၊ လူသေမှု တို့ဖြင့်သာ တရားစွဲဆိုခဲ့လေ၏။

BURMESE CLASSIC

ပြီးလျှင် သေဒဏ်၊ ကျွန်းဒဏ်မှ လွတ်ကာ ထောင်ဒဏ်သာ ချ မှတ်ခဲ့လေ၏။ မခင်မမကိုတော့ လူသေမှုနှင့် မည်သို့မျှ ပတ်သက်ခြင်း မရှိ သဖြင့် တရားသေလွှတ်ခဲ့လေ၏။

ဤသို့ဖြင့် ကိုလူမော်၏ အမှုလည်းစီရင်သွားခဲ့လေ၏။ ကိုလူမော် ရန်ကုန်ထောင်ကြီးထဲတွင် ပြစ်ဒဏ်ခံရ၍ ခြောက်လအကြာတွင် အံ့ဩဖွယ် အဖြစ်တစ်ခု ဖြစ်လာခဲ့လေ၏။

"အလို မောင်တောအုပ်ရေ ခြေသံမကြား ဘာမကြားနဲ့ တံခါး ခေါက်သံ ပေါ်လာပါလားဗျို့"

ကိုသံဟိတ်က ပြောလိုက်လေရာ ကျွန်ုပ်လည်း အပြေးအလွှား သွားကာ တံခါးဖွင့်ပေးလိုက်ရလေ၏။

"အလို"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ယောင်၍ အော်လိုက်မိလေတော့၏။ အိမ်ဝတွင် ရပ်နေသူမှာ လွန်ခဲ့သော ခြောက်လက ထောင်ကျသွားခဲ့သော ယန္တရားဝိဇ္ဇာ ကိုလှမော် ဖြစ်နေသောကြောင့်ပင် ဖြစ်လေ၏။

"ကိုတောအုပ် စော်တော်အံ့ဩသွားတယ် ထင်တယ်။ လက်ဖ တင်နှင်းသံဟိတ်ရောဗျ"

ကိုလှမော်က မေးလေ၏။


"ဟာ ရှိတယ်ဗျို့။ လာလာ"

ကျွန်ုပ်က ပြောလိုက်သောအခါ ကိုလှမော်သည် အိမ်ထဲသို့ ပြုံးရွှင်စွာ ဝင်လာခဲ့လေ၏။

"ဟာ ကိုလှမော်ပါလား။ လာဗျို့"

ကိုသံဟိတ်က ဖိတ်ခေါ်လိုက်လေရာ ကိုလှမော်လည်း ဆိုဖာတွင် ဝင်၍ ထိုင်လေ၏။

"ဘယ့်နှယ် ကိုလှမော် လွတ်လာပါပြီလား"



ကိုလိုနီခေတ်က မီးသင်္ဘောများ မြစ်ရှင်ချွားလာနေပုံ

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com



ကိုသံဟိတ်က မေးလေ၏။ ထိုအခါ ကိုလူမော်ကပြုံး၍ . . .

"လွတ်တာ မဟုတ်ဘူး လက်ဖတင်နှင်သံဟိတ်ရဲ့။ လွှတ်လိုက်တာဗျ"

"အလို ကိုလူမော်စကားက အဆန်းသားပါလား"

ကျွန်ုပ်က ဝင်၍ ပြောလေရာ . . .

"ဒီလို ကိုတောအုပ်ရေ။ ကျွန်တော့် သေတ္တာထဲက ကိုသံဟိတ်တို့ တွေ့သွားတဲ့ လိပ်ပြာကလေးနဲ့ ပိုတုန်းကလေးကို ရုံးမှာ သက်သေအဖြစ်နဲ့ စီအိုင်ဒီက တင်ပြကြတယ် ဟုတ်လား"

"အင်း ဟုတ်တယ်လေ"

BURMESE CLASSIC

ကျွန်ုပ်က ပြောလိုက်လေရာ . . .

"အဲဒီက စသွားတာပေါ့ဗျာ။ အမှုလည်း စစ်ပြီးရော အဲဒီ ယန္တရား ရုပ်ကလေးတွေကို ပုလိပ်မင်းကြီးက သိမ်းယူပြီး လျှို့ဝှက်အစီအရင်ခံစာနဲ့ အတူ ဘုရင်ခံဆီပို့တယ်ဗျ။ ဘုရင်ခံကလည်း အံ့သြကြီးစွာနဲ့ အင်္ဂလန်ကို ပြန်ပို့လိုက်တော့ ကျွန်တော့်ကို ချက်ချင်းလွှတ်ပြီး အင်္ဂလန်ကို အမြန်ဆုံး ပို့ပေးရမယ်လို့ ဘီလပ်က ညွှန်ကြားတယ်တဲ့ဗျို့။ ဒါနဲ့ ကျွန်တော်လည်း လွတ်လာရတာပေါ့ဗျာ။ အခု ခင်မမနဲ့လည်း လက်ထပ်လိုက်ပါပြီ။ ခင်မမ ပိုင်ဆိုင်ခွင့်ရှိတဲ့ မြေတွေကိုလည်း ရောင်းလိုက်ကြပြီ။ လာမယ့် အပတ်ထဲမှာ အိန္ဒိယကာတစ်ဆင့် အင်္ဂလန်ကို အထူးအစီအစဉ်နဲ့ ပို့ကြလိမ့်မယ်"

"ဟာ ဟုတ်လား ကိုလူမော်။ ဝမ်းသာလိုက်တာဗျာ။ ဒါထက် ဟိုရောက်ရင် ဘာတွေများ လုပ်ရမယ် မသိဘူးဗျနော်"

ကိုသံဟိတ်က ပြောလိုက်လေရာ . . .

"လက်ဖတင်နှင်ရယ် ဘာလုပ်စရာရှိမလဲဗျာ။ အဲဒီ ကွန်ထရိုက်လုပ်တဲ့ ယန္တရားရုပ်တွေကို ဆက်ပြီး စမ်းသပ်ရမှာပေါ့ဗျာ။ အဲဒီပြီးကို အင်္ဂလန်မှာ လျှို့ဝှက်ပြီး လေ့လာကြတော့မှာပေါ့။ ကျွန်တော်နဲ့ခင်မမက တော့ မြန်မာပြည်ကို ပြန်ပဲရောက်ပါဦးမလား။ သေတဲ့အထိ နေရတော့ မလားဆို တာတော့ ပြောပဲမပြောတတ်တော့ပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုလှမော်က ပြောလိုက်လေ၏။

"အေးဗျာ အခုလို ကြားရတော့ အံ့လည်း အံ့ဩ၊ ဝမ်းလည်း ဝမ်းသာဆိုသလိုပါပဲ ကိုလှမော်ရယ်"

ကိုသံဟိတ်က စိတ်ရင်းအတိုင်း ပြောလိုက်လေရာ

"ကျေးဇူးတင်ပါတယ် ကိုသံဟိတ်ရာ။ ကျွန်တော် အခုလာရတဲ့ ကိစ္စကတော့ မနက်ဖြန်ညမှာ ကျွန်တော်နဲ့ ခင်မမက ကိုသံဟိတ်နဲ့ ကိုတော အုပ်ကျိုး ဆွမ်းဖြိုင်ပေးဘော်တယ်မှာ ဒင်နာပေးပြီး တောင်းပန်ချင်လို့ လာပြီး ဖိတ် တာပါဗျာ"

ကိုလှမော်က ရှိရှိသေသေ ဖိတ်ခေါ်လေ၏။

"ဘယ်လို ဘယ်လို ကိုလှမော်ရဲ့။ ခင်ဗျားတို့ လင်မယားက ကျုပ်တို့ကို တောင်းပန်ချင်လို့ ဟုတ်စ"

ကိုသံဟိတ်က မေးလိုက်သောအခါ ...

"ဟုတ်ပါတယ် ကိုသံဟိတ်။ ကျွန်တော်က ကိုသံဟိတ်တို့ကို နှစ်ကြိမ်တိတိသေကြောင်း ကြံစည်ခဲ့ဖူးတယ်လေဗျာ။ အဲဒီအတွက် တောင်းပန်ချင်လို့ပါဗျာ။ လူဆိုတာကလည်း ခက်သားလားဗျာ။ တကယ်တမ်း သေရေးရှင်ရေးနဲ့ ကြုံပြီဆိုတော့ အမှားအမှန်ဆိုတာကို ဝေခွဲနိုင်ဖို့ ခက်သားလားဗျာ"

ကိုလှမော်က ပြောလေ၏။

"ဩော် ဒီအတွက်လား။ ဒီကိစ္စဆိုရင်တော့ ဒီအထိ တောင်းပန်စရာတောင် မလိုပါဘူးဗျာ။ ကျုပ်တို့က နားလည်ပြီးသားပါ ကိုလှမော်ရယ်"

ကိုသံဟိတ်က ပြောလေ၏။

"ဒါတော့ ဒါပေါ့ ကိုသံဟိတ်ရယ်။ သို့ပေမယ့် ကျွန်တော့်စိတ်က မသန့်ဘူးဖြစ်နေတယ်ဗျ။ ပြီးတော့ ကျွန်တော်နဲ့ ခင်မမလည်း ဒီက အပြီး အပိုင်ထွက်ခွာသွားကြရတော့မှာဆိုတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော့် ဖိတ်ကြား ချက်ကို လက်ခံကြပါဗျာ"

ကိုလှမော်က အတင်းဖိတ်ကြားနေလေရာ ...

www.burmeseclassic.com



ကျွန်ုပ်တို့လည်း လက်ခံလိုက်ရလေတော့သည်။

ဤသို့ဖြင့် ဆဗ္ဗိုင်ဟိုယ်တွင် ကိုလူမော်နှင့် မခင်မမတို့၏ ခမ်းနားသော ညစာကို မင်္ဂလာညည့်ခံပွဲအဖြစ် သတ်မှတ်ကာ ကျွန်တော်နှင့် ကိုသံဟိတ်သည် တက်ရောက်ခဲ့ရတော့သတည်း။

ဝေမင်းအိမ်

BURMESE CLASSIC

www.burmeseclassic.com